
www.burmeseclassic.com

သောင်းဝေဦး

အမှတ်တရတိုက်ပွဲများ အမှတ်(၁၃)

# မဲသဝေါတိုက်ပွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

31 OCT 2013

ဖြန့်ချိရေး

မြရတနာစာပေ
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့် သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| တွန်မျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ

ဒေါ်မွှမွှ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)

သီရိမြင်သာစာပေအတွင်း

မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဝိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)

မြရတနာပုံနှိပ်တိုက်

အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)

၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း (CIP)

သောင်းဝေဦး ၈၉၅.၈၃

မဲသဝေါတိုက်ပွဲများ ၊ သောင်းဝေဦး။ ရန်ကုန်၊

မြရတနာစာပေ၊ ၂၀၁၃။

၁၉၉- စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ၊

(၁) မဲသဝေါတိုက်ပွဲများ၊


## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊


BURMESE CLASSIC .com

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

# သောင်းဝေဦး

## အမှတ်တရတိုက်ပွဲများ
## အမှတ် (၁၃)

# မဲသဝေါတိုက်ပွဲ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

အမှတ်တရတိုက်ပွဲများ အမှတ် ( ၁၃ )

မဲသဝေါ်တိုက်ပွဲ

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | ၇ |
| (၁) | မဲသဝေါ်နိဒါန်း | ၁၅ |
| (၂) | မဲသဝေါ်တိုက်ပွဲများ | ၅၃ |
| (၃) | မဲသဝေါ်စစ်ဆင်ရေး၏ အလှည့်အပြောင်းဖြစ်စေသောတိုက်ပွဲ | ၈၇ |
| (၄) | မဲသဝေါ်တိုက်ပွဲသုံးသပ်ချက်များ | ၁၂၅ |
| (၅) | မဲသဝေါ်၏ နောက်ဆက်တွဲရလဒ်များ | ၁၅၁ |

## စာရေးသူ၏အမှာ

လွန်ခဲ့သည့် လေးငါးနှစ်က။ တိတိကျကျဆိုရသော် ၂၀၀၈ ခုနှစ်က။

အမှတ်တရတိုက်ပွဲများ Series အား စရေးရာ စာဖတ်ပရိသတ်က တစ်ခဲနက် အားပေးကြသည်။

ပထမ စီစီဝမ်တာပန်

ဒုတိယက မိုင်းယန်း

မိုင်းယန်းကို ဗကပများက ၁၉၈၈ ခုနှစ်တွင်

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအကြိမ် ဝင်တိုက်ကြခြင်း ဖြစ်၏။ သူတို့ ရှိသည့် လူ၊ လက်နက်၊ အင်အား အကုန်သုံးကာ အိတ်သွန်ဖာမှောက် တိုက်ကြခြင်းပါပင်။ အရေးအခင်းကာလမို့ ဗကပတွေက မိုင်းယန်းရရင် အောင်ပြီ။ **Liberated Area** ကြေညာမည်။ တရုတ်အကူအညီ ပြန်ရယူမည်။ ထိုသို့ အစီအမံလုပ်ထားသည်။ ဒါပေမဲ့ မိုင်းယန်း သူတို့ ရမသွားပါ။ ဆယ့်လေးငါးရက်တိုက်ပြီးနောက် ကစဉ့်ကလျားနှင့် ပွဲပျက်သွားသည်။ အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားရသည်။ ဒီတိုက်ပွဲမှာ **BCP** က ဝတိုင်းရင်းသား စစ်သားကလေးတွေ အများဆုံး ကျသွားကြရ၏။ ဒါကို မကျေနပ်၍ ၁၉၈၉ ခုနှစ်၌ ဝတွေက ပန်ဆန်းဗဟိုတွင် ဗကပထံက အာဏာသိမ်းလိုက်ကြသည်။

မိုင်းယန်း ဝင်တိုက်မိ၍ ဗကပဗဟို လုံးဝ ပြိုပျက်သွားခဲ့ရ၏။ သူတို့၏ တူတံစဉ် အလံကြီး ဘင်္ဂလားပင်လယ်အော်ထဲကျ၍ ပင်လယ်အော်မှသည် အိန္ဒိယသမုဒ္ဒရာထဲအထိ မျောပါသွားခဲ့ရတော့၏။


အရှေ့မြောက်မှ ဗကပတို့၏ မိုင်းယန်းတိုက်ပွဲနှင့် အပြိုင် မြန်မာနိုင်ငံ တောင်ခြမ်းတွင်လည်း **KNU** က




မဲသဝေါတိုက်ပွဲနေရာပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၈၈ ခုနှစ်ကေအင်ယူနယ်စပ်တပ်စခန်းများနေရာပြပုံ



၁၉၈၈ ခုနှစ် စက်တင်ဘာလကုန်တွင် မဲသဝေါစခန်းကြီးအား အင်အား ၂၀၀၀ ကျော်ဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ရာ မဲသဝေါစခန်းကြီး၏ အချက်အချာတောင်ကုန်းများ အားလုံး ကျဆုံးခဲ့ရလေ၏။ ကျဆုံးသွားသည့် စခန်းများကို ပြန်တိုက်ရာ သုံးလနီးပါး ကြာမြင့်သွား၏။ ထိုအခါကျမှ မဲသဝေါစခန်းကြီးတစ်ခုလုံး ပြန်ရတော့၏။

BCP က မိုင်းယန်းကို စက်တင်ဘာလ ဒုတိယပတ်မှာ စတိုက်သည်။ တတိယပတ်၊ စတုတ္ထပတ်များ၌ တိုက်ပွဲများ အလွန်ပြင်းထန်ခဲ့ပြီး စက်တင်ဘာ ၃၀ ရက်ကျမှ BCP တို့ နိုင်ပုံမပေါ်၍ ခွာစစ်ဆင်သွားခဲ့၏။

BCP နှင့် အပြိုင် KNU တို့ကလည်း လူ ၂၀၀၀ ကျော်မျှ စုဖွဲ့ပြီး တပ်မတော် တပ်ရင်းတစ်ရင်း (လူ ၃၀၀ ခန့်) အခြေပြုထားသည့် မဲသဝေါစခန်းကြီးအား အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း စက်တင်ဘာ နောက်ဆုံးအပတ်မှာ ဝင်တိုက်သည်။ မဲသဝေါ၏ အချက်အချာတောင်ကုန်းများ ကျဆုံးသွားတော့၏။ တပ်မတော်က သုံးလနီးပါး ပြန်တိုက်ယူရ၏။ မတိုက်လို့ကလည်း မဖြစ်။ အာဏာသိမ်းပြီးခါစ။ အရေးအခင်းပြီးခါစ တပ်မတော်အစိုးရကို လာပြီး

www.burmeseclassic.com

www.burmeseclassic.com



အားစမ်းကြသည်။ ဒီလိုကြက်ရေးငှက်ရေးမှာ ငုံ့ခံနေ၍မဖြစ်။ ထို့ကြောင့် ရှိသည့်အင်အားနှင့် မဲသဝေါကို မရ အရ ပြန်တိုက်ကြရသည်။ ကရင် Expert ကစထမှုး ဒုဗိုလ်ချုပ်ကြီးမောင်လှ ကိုယ်တိုင် တပ်ရင်းလေးငါးဆယ်ရင်းဖြင့် အနီးကပ် ကြီးကြပ် ဦးစီးတိုက်သည်။ ထိုအခါကျမှ မဲသဝေါစခန်းကြီး ပြန်ရတော့၏။

၁၉၈၈ ခုနှစ် အရေးအခင်းပြီးခါစမှာ ရက်ရှည်လများဖြစ်ခဲ့သော တိုက်ပွဲကြီးများဖြစ်သောကြောင့် မိုင်းယန်းနှင့် မဲသဝေါတိုက်ပွဲများမှာ နာမည်ကြီးလှ၏။ မိုင်းယန်းတိုက်ပွဲကို ကျွန်တော် ရေးပြီး ထုတ်ဝေခဲ့ရာ ပရိသတ်က နှစ်ထောင်းအားရလက်ခံအားပေးကြ၍ သူနှင့် အပြိုင်ဖြစ်ခဲ့သည့် မဲသဝေါအား အားကြိုးမာန်တက် ခပ်သွက်သွက် ကျွန်တော် ထပ်ရေးသည်။ ရေးပြီးတော့ ထုံးစံအတိုင်း ထိုစဉ်က စစ်ရုံး ကကပြည်သို့ တင်ပြခွင့်ပြုချက် တောင်းခံခဲ့၏။ အဲဒီတုန်းက ပြည်တွင်းတိုက်ပွဲစာအုပ်တွေအားလုံး စစ်ရုံး ကကပြည် ကို တင်ပြခွင့်ပြုချက် တောင်းရပါသည်။ ကကပြည်က ခွင့်ပြုမှ စာပေစိစစ်ရေးက ခွင့်ပြုရပါသည်။ ကြောက်ကြရှာ၏။



မဲသဝေါတိုက်ပွဲကို ကကပြည်တင်တော့ အောက်ပါမှတ်ချက်နှင့် ပြန်ကျလာ၏။

**“ဤစာအုပ်ကြောင့် KNU နှင့် ပြုလုပ်နေသော ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြားသွားနိုင်ဖွယ်ရှိပါသည်။**

**ထို့ကြောင့် ခွင့်မပြုနိုင်ပါ” ဟူ၏။**

သို့နှင့် မဲသဝေါတိုက်ပွဲစာမူမှာ ထုတ်ဝေခွင့် မရဘဲ ကျွန်တော့်လက်ထဲတွင် လေးငါးနှစ် ကြာသွားခဲ့ပါပြီ။

ယခုအခါတွင်တော့ Transparency ပွင့်လင်းမြင်သာမှု ရှိလာသည်။ ဟိုတုန်းက ခွင့်မပြုတာတွေ ခွင့်ပြုလာသည်။ **မင်းခင်ရဲ့ သက်နိုင်လို** စာအုပ်မျိုးတွေ တရားဝင် ထွက်လာသည်။ အရေးအခင်းက ထောင်ကျအကျဉ်းသားတွေရဲ့ ထောင်တွင်းအဖြစ်အပျက်တွေ စာအုပ်ရေး သားထုတ်ဝေခွင့် ရလာကြသည်။ ABSDF တွေရဲ့ စာအုပ်တွေလည်း ဟောတစ်အုပ် ဟောတစ်အုပ် ထွက်လာကြပြန်သည်။

ထိုအခါကျမှ ကျွန်တော် ရေးပြီးထုတ်ဝေခွင့် မရလို့ သိမ်းထားတဲ့ မဲသဝေါစာမူကို ပြန်စိစစ်ဖတ်ရှုပါသည်။ က[illegible]

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပြည်က ပြောလို့သာ ပြောတာပါ။ ကျွန်တော့်စာမူမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်စရာ ဘာအကြောင်းမှ မပါဟု ထင်ပါ၏။ စာရှုသူများလက်ထဲရောက်ရင် ဖတ်ကြည့်ကြပါခင်ဗျာ။ **KNU** က စစ်တပ်က စခန်းလာတိုက်တယ်။ စခန်းတွေ ကျသွားတယ်။ အဲဒါကို စစ်တပ်က ပြန်တိုက်တယ်။ ဒါလောက်ပါပဲ။ သိပ်ပြီး ကြီးကျယ်တဲ့ နိုင်ငံရေးနဲ့ ပတ်သက်တဲ့ စကားလုံးထွားထွားတွေ မပါပါ။ **Military Point of View** ကသာ ရေးသားထားခြင်း ဖြစ်ပါ၏။ ဘယ်သူ့ဘယ်သူမှ သာတယ် နာတယ် မရှိပါ။ ဖြစ်ရပ်မှန် စစ်မှတ်တမ်းဟုသာ ဆိုရပါမည်။

ယခု ၂၀၁၃ ခုနှစ်စက ဘားအံငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ **KNU** ခေါင်းဆောင်များနဲ့လည်း ကျွန်တော် တွေ့ခဲ့ပြီးပါပြီ။

သူတို့နဲ့ တိုက်ခဲ့တဲ့ တိုက်ပွဲတွေအကြောင်းရေးနေပြီဟု ပြောဖြစ်တော့ ...

''ဗိုလ်မှူးကြီး ရေးပါ။ မှတ်တမ်းမှတ်ရာ ကျန်ခဲ့တာပေါ့။ ကျွန်တော်တို့ဘက်ကတော့ ရေးနိုင်တဲ့ လူနည်းနည်း ရှားပါတယ်'' ဟု ဆိုလာကြသည်။





ယခုခါ ဒီမိုကရေစီအစိုးရသစ်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းပေါင်းစုံနှင့် တွေ့ဆုံဆွေးနွေးနေပါပြီ။ ငြိမ်းချမ်းရေးတည်ဆောက်နေပါပြီ။ ကျေနပ်ဖွယ်ရာ အခြေအနေကို ရောက်ရှိနေပါပြီ။

သို့ဖြစ်၍ သမိုင်းအတွက် အထောက်အထားဖြစ်သည့် ဤ ကျွန်တော်၏ မဲသဝေါ်တိုက်ပွဲစာမူလေးအား သိမ်းထားရာမှ ဖုတ်ဖတ်ခါပြီး စာရှုသူများ လက် အရောက် တင်ဆက်လိုက်ရပါသည် ခင်ဗျား။

ရွှင်လန်းချမ်းမြေ့ကြပါစေ

**သောင်းဝေဦး**

နေရာ – ရန်ကုန်မြို့

ရက်စွဲ – ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ (၂၆)ရက်



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁ )

## မဲသဝေါတိုက်ပွဲများ

## မဲသဝေါနိဒါန်း

**မဲသဝေါဆိုသည်ကား**

၁၉၈၈ ခုနှစ် လှိုင်းကြီးလေထန်ကာလ ရောက်မှ မြန်မာပြည်သူလူထုက မဲသဝေါဆိုသည့် အမည်နာမကို ပီပီပြင်ပြင် ကြားဖူးလာကြ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ အရေးအခင်းကာလ အပြီး တပ်မတော်က နိုင်ငံတော်တာဝန် စထမ်းဆောင်ချိန်၌ လက်ဝဲလက်ျာ သောင်းကျန်းသူများက အမျိုးမျိုးအားစမ်းလာကြသည်။ လက်ဝဲသမားများက မိုင်းယန်းကိုတိုက်သည်။ လက်ျာသမားများက မဲသဝေါကို တိုက်သည်။ ဤသို့ တိုက်ပွဲကြီးများကြောင့် မိုင်းယန်းနှင့် မဲသဝေါကို ပြည်သူအများက သိလာကြ၏။ သို့ရာတွင် အမည်သာကြားဖူးကြပြီး ဘယ်နားနေကြမှန်းတောင် ဂဃနဏသိသူ နည်းလှ၏။ စစ်သားများနှင့် ဒေသခံများကသာ သိကြပါသည်။

ကရင်ပြည်နယ်တွင် အနေကြာသော စရေးသူအား

"မဲသဝေါဆိုတာ ဘယ်နားမှာလဲဟင်" ဟု ထိုတိုက်ပွဲကြီးများကို စိတ်ဝင်စားသူများက မေးလာကြ၏။ ပြီးတော့

"ဘာနာမည်ကြီးလဲ" ဟုလည်း မေးသူက မေးကြပြန်၏။

မဲသဝေါဆိုသည်မှာ ကရင်အမည် ကရင်စကားဖြစ်၏။





မဲ မဟုတ်ပါ။ မဲ့ ဖြစ်ပါ၏။

မဲ့ ဆိုသည်မှာ မျက်နှာ၊

သဝေါ ဆိုသည်မှာ ရွာ။

မျက်နှာလို ခပ်ဝိုင်းဝိုင်းနဲ့ အမို့အမောက်များရှိသော မြေများ မညီညာသော နေရာတွင်တည်ထားသောရွာဖြစ်သဖြင့် မဲ့သဝေါ၊ ထိုမှသည် မဲသဝေါ ဖြစ်လာသည်ဟု သိသူများက ပြောကြသည်။

ညီနောင်ဖွား တိုင်းရင်းသား ကရင်နှင့် ရှမ်းတို့သည် မြို့အမည် ရွာအမည်များကို ပေးရာ၌ နေရာဒေသကို အစွဲပြု၍လည်းကောင်း၊ အရောင်အသွေးကိုအစွဲပြု၍လည်းကောင်း၊ ပုံသဏ္ဌာန်ကို အစွဲပြု၍လည်းကောင်း၊ ပေါက်ရောက်ပင်များကို အစွဲပြု၍လည်းကောင်း မှည့်ခေါ်တတ်ကြ၏။

ဥပမာ အပင်များကို အစွဲပြုပြီး ကရင်တို့က ရွာအမည်ကို အောက်ပါအတိုင်းမှည့်တတ်ကြ၏။

ဝါသိုးကုလား – ဝါးပင်တွေစုပြီး ပေါက်နေတဲ့ ကုန်း၊ နေရာ၊ ကုလားဆိုတာ စုပြီးပေါက်တဲ့ နေရာ၊ စုနေတဲ့ နေရာ။ ထို့ကြောင့် ဝါးတော



www.burmeseclassic.com

www.burmeseclassic.com



သို့မဟုတ် ဝါးခုတ်ကုန်း အဓိပ္ပာယ်ရ၏။

တကွီးကုလား – သရက်ပင်တွေစုပြီး ပေါက်နေတဲ့ကုန်း။ ထို့ကြောင့်မြန်မာမှုပြုရပါက သရက်တောဟု အဓိပ္ပာယ်ရ၏။ တကွီး ဆိုသည်မှာ သရက်ပင်ဖြစ်၏။

ပဟီးကုလား – ကျွန်းပင်တွေ စုပြီးပေါက်တဲ့နေရာ၊ ကျွန်းကုန်းဟု အဓိပ္ပာယ်ရ၏။ ပဟီးဆိုသည်မှာ ကျွန်းပင် ဖြစ်ပါသည်။

နေရာကို အစွဲပြုပြီး အောက်ပါအတိုင်း မှည့်တတ်ကြပြန်၏။

နို့လား – နို့ ဆိုသည်မှာ အင်း၊ လား ဆိုသည်မှာ အစိမ်းရောင်၊ ထို့ကြောင့် အင်းစိမ်းဟု အဓိပ္ပာယ်ရ၏။

နို့ဂေါ် – နို့ ဆိုသည်မှာ အင်း၊ ဂေါ်





ဆိုသည်မှာ အနီ၊ ထို့ကြောင့် အင်းနီဟု အဓိပ္ပာယ်ရ၏။

နို့ဖိုး – နို့ဆိုသည်မှာ အင်း၊ ဖိုး ဆိုသည်မှာ ပေါက်စလေး၊ အငယ်လေး၊ အသေးလေး၊ ထို့ကြောင့် အင်းပေါက်စလေးဟု အဓိပ္ပာယ်ရ၏။

မြစ်ချောင်းများကို အစွဲပြုပြီး အောက်ပါအတိုင်း မှည့်တတ်ကြပြန်၏။

ထီးဒဗလုခိး – ထီး က ရေ၊ ဒဗလု က ကွန်း၊ ခိးက အစအဖျား။ ကွန်းချောင်းဖျားဟု အဓိပ္ပာယ်ရ၏။

ထီးဒဗလုထ – ထီးက ရေ၊ ဒဗလု က ကွန်း၊ ထ က အဝ။ ကွန်ချောင်းဝဟု အဓိပ္ပာယ်ရ၏။

မာနေပလော – မာကပြုလုပ်သည်။ နေက ရသည်။ အောင်မြင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပလောက ကွင်း၊
မာနေပလော အောင်မြင်ရေးကွင်း၊ အောင်မြေ

ဖဒိုပလော – ဖဒို က ကြီးသည်။ ပလောက ကွင်း။ ဖဒိုပလော ကွင်းကြီး၊ လွင်ပြင်ကြီး စသည်တို့ဖြစ်ပါ၏။

ယခုလည်း မဲသဝေါမှာ မြေမျက်နှာပြင် အခြေအနေကိုလိုက်ပြီး တိုင်းရင်းသားတို့က အမည်မှည့်ခေါ်ခဲ့ကြ၏။ တစ်နည်းအားဖြင့် ထိုင်းတို့က ရွာကို မဲဟု ခေါ်ကြရာ ထိုင်းနှင့် ကရင်ပေါင်းစပ်ပြီး မဲသဝေါဟု ဆိုသူတို့ကလည်း ဆိုကြ၏။ ကရင်ကလည်း ရွာကို သဝေါဟုခေါ်ရာ မဲသဝေါသည် မြေမျက်နှာပြင် မညီညာသော ရွာကြီးတစ်ရွာဟု အဓိပ္ပာယ်ရပါသည်။ တကယ်တော့ မဲသဝေါရွာကြီးသည် ထိုင်း မြန်မာ နယ်စပ် သောင်ရင်းမြစ်၏ အနောက်ဘက်ခြမ်း မြန်မာနိုင်ငံ နယ်နိမိတ်အတွင်း ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၏ မြောက်ဘက် မိုင် ၄၀ ခန့်အကွာတွင် တည်ရှိလေသည်။





မဲသဝေါရွာကြီးသည် သောင်ရင်းမြစ်၏ အနောက်ဘက်ကမ်းနဖူးတွင် ရှိ၍ အရှေ့ဘက်ကမ်း၌ ထိုင်းနိုင်ငံမှ ဒါဆောင်ယမ်အမည်ရ ရွာကြီး ရှိသည်။ ထိုရွာကြီးမှာ ထိုင်းလူမျိုးများသာမက အခြားသော မြန်မာနိုင်ငံမှ နယ်စပ်ဒေသနေ တိုင်းရင်းသားလူမျိုးများ အကြောင်းအမျိုးမျိုးဖြင့် ဝင်ရောက်သွားလာနေကြသော ရွာကြီးဖြစ်၏။ ဒါဆောင်ယမ်သို့ မဲဆောက်မှလည်းကောင်း၊ အရှေ့ဘက်ရှိ ဖင်းမယ်ဘန်ကောက် အဝေးပြေးလမ်းမကြီးမှလည်းကောင်း၊ ကတ္တရာလမ်းများ ဖောက်လုပ်ထားရှိပြီး အကောက်အခွန်မဲ့ ပစ္စည်းများ တင်သွင်းရောင်းဝယ်လျက်ရှိကြလေသည်။ ထို့ကြောင့် တစ်ချိန်တစ်ခါက မဲသဝေါသည် အလွန်စည်ကားသော ရွာကြီးဖြစ်ခဲ့၏။ **KNU** တို့၏ အဓိက ဝင်ငွေရသော စခန်းကြီးဖြစ်ခဲ့ဖူး၏။

မဲသဝေါ၏ မြောက်ဘက်၌ **KNU** ဗဟို မာနေပလော စခန်းကြီးရှိ၏။

တောင်ဘက်တွင်ကား မဲထရီး မော်ဖိုးကေ၊ မဲလ၊ ရေကျော်၊ သက်ကာရ၊ ဝမ်ခသစ်၊ ဝမ်ခဟောင်း၊ ဖလူး စသော စခန်းများရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဲသဝေါမှ အနောက်ဘက် ၁၈ မိုင်ခန့်အကွာတွင် ရှမ်းရွာသစ် အမည်ရှိ ရွာကြီးရှိသည်။ အကောက်ခွန်မဲ့ ပစ္စည်းများ ရောင်းဝယ်ဖောက်ကားမှု အရှိန်အဟုန် အလွန်ကောင်းနေစဉ်က ရှမ်းရွာသစ်သည်လည်း အလွန်စည်ကားသိုက်မြိုက်လှသည်ဟု ကြုံခဲ့ဖူးသူများက ပြောကြသည်။ မဲသဝေါနှင့် ရှမ်းရွာသစ်ကို KNU တို့က ကားဖြင့် သွားလာခဲ့ကြ၏။ ထို့ကြောင့်

"ဗိုလ်မှူးရေ ... မဲသဝေါ မပြောနဲ့ဗျ။ ရှမ်းရွာသစ်မှာတောင် ဒါဆောင်ယမ်က ရေခဲနဲ့ ကိုကာကိုလာကို ကျွန်တော်တို့ မှာသောက်ခဲ့ဖူးတယ်" ဟု ကျွန်တော့်အား ဒေသခံမိတ်ဆွေတစ်ဦးက ပြောခဲ့ဖူးသည်။

"မှာသောက်တော့ အကြာကြီးစောင့်ရလား"

"မစောင့်ရပါဘူး။ နှစ်နာရီ သုံးနာရီအတွင်း ဟိုက ကားနဲ့ ရောက်လာတာပါပဲ"

သူတို့ထံတွင်ရှိသော Icom လမ်းလျှောက်စကားပြောစက်ကလေးများနှင့် လှမ်းမှာသည်ထင်ပါ၏။

မဲသဝေါမှ ရှမ်းရွာသစ်သို့ ကားငယ်များသွား၍ရ၏။ မိုးတွင်း ချောင်းရေများကြီးနေသည့် ကာလမှလွဲ၍ မဲသဝေါ





ရှမ်းရွာသစ်ကားလမ်းကို KNU တို့ အသုံးချခဲ့သည်ဟု သိရပါသည်။ ရှမ်းရွာသစ်မှ တောင်ဘက်ရှိ ထရီဖိုးခွီး၊ ကမထ၊ ကွီလေ၊ ဝိုင်းထော်၊ ကြာအင်း၊ ဝိန္ဒဲတော၊ ကွမ်ဘီ၊ မဲသိမ်ရွာများမှတစ်ဆင့် လှိုင်းဘွဲ့မြို့သို့ အရောင်းအဝယ်သမားများက အကောက်အခွန်မဲ့ မှောင်ခိုပစ္စည်းများအား လူများဖြင့်လည်းကောင်း၊ လှည်းများဖြင့်လည်းကောင်း တင်သွင်းခဲ့ကြလေသည်။

အလားတူပင် ကုန်သည်များက ပစ္စည်းများကို ရှမ်းရွာသစ်ဘက်မှ ယင်းပိုင်ချောင်းနှင့် သံလွင်မြစ်ဆုံရှိ ရင်းပိုင်ရွာသို့ လူဖြင့်လည်းကောင်း၊ လှည်းများဖြင့်လည်းကောင်း၊ ရင်းပိုင်မှတစ်ဆင့် သံလွင်မြစ်ကြောင်းအတိုင်း စက်လှေများဖြင့်လည်းကောင်း သယ်ဆောင်ပြီး ကမမောင်း၊ ရွှေဂွန်း၊ ဘားအံ၊ မော်လမြိုင်မြို့များရောက်သည်အထိ ရောင်းဝယ်ဖောက်ကားလာခဲ့ကြသည်ဟု သတင်းစကားကြားဖူးပါသည်။

ထိုရှမ်းရွာသစ်သို့ ၁၉၇၅ ခုနှစ် နှစ်စက ကျွန်တော် ပထမဆုံး အကြိမ်ရောက်သွားခဲ့၏။ တပ်ခွဲနှစ်ခွဲပါစစ်ကြောင်းဖြင့် သံလွင်မြစ်ကို ဖြတ်ကျော်ရောက်ရှိသွားခြင်း ဖြစ်ပေသ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုစဉ်က KNU တို့ အားကောင်းစဖြစ်ပြီး စစ်ကြောင်း Column ကြီးများ ဖွဲ့စည်းလျက် ဒေါနတောင်တန်းအနောက်ခြမ်းရှိ မြန်မာ့တပ်မတော်ကို အံတုကာ ယှဉ်ပြိုင်ရင်ဆိုင် တိုက်ခိုက်စကာလပင်။ P.D.P ခေါ် ပြည်ပြေးများ ၁၉၆၉–၇၀ ထကြွကြရာ P.D.P တို့က KNU, NMSP, SSA စသည်တို့နှင့် ပူးပေါင်းခဲ့ကြ၏။ P.D.P တွင် မြန်မာနိုင်ငံဝန်ကြီးချုပ်ဟောင်း ဦးနု၊ ဦးလောရုံ၊ ဦးသွင်၊ ဦးဝင်း၊ ဗိုလ်လကျ်ာ၊ ဗိုလ်ရန်နိုင်နှင့် စာရေးဆရာ ရန်ကုန်ဘဆွေ၊ စသူတို့ပါဝင်ခဲ့ရာ P.D.P ကြောင့် KNU တို့ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ရသွားကြ၏။ လက်နက်အသစ်အဆန်းများ ဝယ်ယူနိုင်လာကြ၍ လက်နက်အင်အား ပိုမိုတောင့်တင်းလာပြီး ဖော်ပြပါအတိုင်း စစ်ကြောင်း Column ကြီးများ ဖွဲ့စည်းကာ လှုပ်ရှားသွားလာနိုင်ကြသည်။ ပြည်နယ်မြို့တော်ဘားအံကိုပင် ထိပါးနှောင့်ယှက်လာကြသည်။ မြဝတီကိုလည်း ဝိုင်းဝန်းတိုက်ခိုက်ကြသည်။

ထိုအခါ KNU စစ်ကြောင်းများကို သတိထားလာရတော့၏။ ယခင်က ပြောက်ကျားသာသာ ပစ်ခတ်






မဲသဝေါ်တိုက်ပွဲကာလက ကေအင်ယူဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောဗိုလ်မြ

www.burmeseclassic.com

www.burmeseclassic.com



မဲသဝေါတိုက်ပွဲကာလက ကေအင်ယူတပ်မဟာ (၂) တပ်မဟာမှူး
ဗိုလ်မှူးကြီး စောဘောနီ



ယခု ကေအင်ယူ စစ်ဦးစီးချုပ် ဗိုလ်ချုပ်ရှော်နီ

www.burmeseclassic.com

www.burmeseclassic.com



မဲသဝေါတိုက်ပွဲကာလက ကေအင်ယူတပ်မဟာ (၆) တပ်မဟာမှူး
ဗိုလ်မှူးကြီးစောရွှေဆိုင်း



၁၉၈၈ ခုနှစ်က ကေအင်ယူ ဗဟိုအလွှဲ့ပြီးရေးမှူး
ဖဒိုမန်းရှာ

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ ခုနှစ်က ကေအင်ယူ နိုင်ငံခြားဆက်ဆံရေးတာဝန်ခံ
ဒုဗိုလ်မှူးကြီး စိုးစိုး (ခ) နေစိုး



ခံသဝေါတိုက်ပွဲကာလက ကေအင်ယူအထူးတပ်ရင်း (၁၀၁) တပ်ရင်းမှူး
ဗိုလ်မှူးကြီး ထောလ

www.burmeseclassic.com

www.burmeseclassic.com



မဲသဝေါတိုက်ပွဲကာလက ကေအင်ယူတပ်မဟာ (၇) တပ်မဟာမှူး
ဗိုလ်မှူးကြီးစောထိန်မောင်



နောင့်ယှက်နေသည့်အဆင့်မှ Conventional သမားရိုးကျစစ်ပွဲအသွင်သို့ ကူးပြောင်းလာသဖြင့် သူတို့စစ်ကြောင်းများကို ချေမှုန်းနိုင်ရန် ရတခ ခေါ် အရှေ့တောင်တိုင်းသည် သက်အောက်ခံတပ်များမှ စစ်ကြောင်းများကို ရန်သူထူပြောသည့် ဒေသများသို့ စေလွှတ်ရတော့၏။ ရန်သူလှုပ်ရှားမှုကလှိုင်းဘွဲ့မြောက်ခြမ်းနှင့် အရှေ့ခြမ်း၌ ပို၍များပေသည်။

ထိုဒေသများသို့ ရတခကွပ်ကဲမှုအောက် တပ်အသီးသီးမှ တပ်ခွဲနှစ်ခွဲပါ စစ်ကြောင်းများစေလွှတ်ရာတွင် ကျွန်တော်ပါဝင်သော မော်လမြိုင် ကျောက်တစ်လုံးတပ်မှ စစ်ကြောင်းလည်း ဘားအံမှတစ်ဆင့် လှိုင်းဘွဲ့မြောက်ခြမ်းသို့ ရောက်ရှိခဲ့ရလေတော့သည်။ ကျွန်တော်တို့ တပ်မှအာမကပါ ကြာအင်းဆိပ်ကြီးတပ်မှ စစ်ကြောင်းတစ်ကြောင်း၊ ဘားအံမှစစ်ကြောင်းတစ်ကြောင်းနှင့် သထုံမှစစ်ကြောင်းတစ်ကြောင်းတို့သည်လည်း လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ကမမောင်း စသော ဘားအံမြောက်ခြမ်းဒေသများ၌ လှုပ်ရှားရ၏။ တိုက်ပွဲများကလည်း အရှိန်အဟုန်ပြင်းစွာ ဖြစ်ပွားရလေတော့သည်။ KNU တို့သည် ဘားအံကိုပင် ရောက်နောင့်ယှက် ပစ်ခတ်တိုက်ခိုက်နိုင်ခဲ့သောကြောင့်

မြရတနာစာပေ

www.burmeseclassic.com



အမျိုးဂျိုကြွလျက်လည်း ရှိကြ၏။ ၁၉၇၄ ခုနှစ်က မြဝတီမြို့ကိုလည်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ဖြစ်လေသည်။

ဤနေရာတွင် မဲသဝေါဒေသ အဘယ့်ကြောင့် စည်ကားသိုက်မြိုက်လာရသနည်း။ အဘယ့်ကြောင့် KNU တို့ အမျိုးဂျိုကြွကာ အင်အားကောင်းလာရသနည်း။ အဘယ့်ကြောင့် သာမန်ပြောက်ကျားအဆင့်သာသာမှ စစ်ကြောင်းကြီးများ ဖွဲ့စည်းပြီး သမားရိုးကျ Conventional စစ်ကို သူတို့ ဆင်နွှဲလာနိုင်ခဲ့ကြသနည်း။ KNU ဌာနချုပ်နှင့် စခန်းများအား အဘယ့်ကြောင့် သောင်ရင်းမြစ်ကမ်းသို့ ရွှေ့ပြောင်းလာခဲ့ကြရသနည်း။ စသည့် အကြောင်းများကို စာဖတ်သူတို့ လိပ်ပတ်လည်အောင် သမိုင်းအစကို ပြန်လည် ဖော်ပြရန်လိုလိမ့်မည် ထင်ပါသည်။ ပြောရမည်ဆိုက ဓာတ်ပြားဟောင်းကြီးကိုပင် ပြန်ဖွင့်ရပါမည်။ ကရင်သောင်းကျန်းမှုသမိုင်းကပင် စရမည်ထင်ပါသည်။ သို့မှသာ ယခု ကျွန်တော်တို့ ရင်ဆိုင်နေရသည့် KNU များနှင့်ခေါင်းဆောင်ကြီး စောဗိုလ်မြ၏ အကြောင်း တစေ့တစောင်းကို သိကြရမည်ဖြစ်ပါ၏။





**KNU သမိုင်းကြောင်းတစေ့တစောင်း**

မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် ကရင်နိုင်ငံရေးအဖွဲ့များ စုပေါင်းကာ KNU (Karen National Union) ခေါ် ကရင် အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းခဲ့ကြသည်။ ထိုအဖွဲ့ အစည်း၌ လက်နက်ကိုင်အဖွဲ့အဖြစ် KNDO ခေါ် (Karen National Defence Organization) ကရင် အမျိုးသား ကာကွယ်ရေးအစည်းအရုံးကို အင်္ဂလိပ်စစ်တပ်အကူအညီဖြင့် ဖွဲ့စည်းခဲ့ကြပြန်သည်။

KNU အဖွဲ့၏ နိုင်ငံရေးဦးတည်ချက်မှာ ဗြိတိသျှ အင်ပါယာအတွင်းတွင်သာ ဆက်လက်နေထိုင်ရေး ပြည်ထောင်စုဖွဲ့စည်းခြင်းကို ဆန့်ကျင်ရေးများဖြစ်၏။ ထို့ကြောင့် လွတ်လပ်ရေးလှုပ်ရှားမှုများကို ဟန့်တားမှုများ ဖြစ်လာရာ ထိုစဉ်က KNU အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သူ စောစံဖိုးသင်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူတူကျဆုံးခဲ့ရသော အာဇာနည် မန်းဘခိုင်၊ မြန်မာနိုင်ငံတွင်သမ္မတကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ မန်းဝင်းမောင် အပါအဝင် ကရင် ခေါင်းဆောင်အများအပြားက KNU အဖွဲ့ကို ကျောခိုင်း



www.burmeseclassic.com

www.burmeseclassic.com



သွားကြတော့သည်။ **KNU** အဖွဲ့သည်လည်း ကရင်နိုင်ငံရေးအဖွဲ့များ၏ အဖွဲ့ချုပ်အသွင် တပ်ဦးအသွင်မရှိတော့ဘဲ သီးခြားနိုင်ငံရေးပါတီသာ ဖြစ်သွားခဲ့ရ၏။

အင်္ဂလန်နိုင်ငံတွင် ပညာသင်ခဲ့ပြီး အင်္ဂလိပ်အမျိုးသမီးအားယူခဲ့သူ စောဘဦးကြီးက **KNU** အဖွဲ့ကို ဆက်လက်ဦးဆောင်ကာ ကရင်ပြည်နယ်ရရှိရေးကို ဦးတည်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်တွင် **KNU** အဖွဲ့သည် ကရင်ပြည်နယ်ခွဲထွက်ရေးကို ဦးတည်ကြိုးစားခဲ့သည်။ ၁၉၄၈ ခုနှစ် မတ်လမှစ၍ ကွန်မြူနစ်များ ပုန်ကန်သောင်းကျန်းကြပြီး ရဲဘော်ဖြူများပါ တောခိုကုန်သောအခါ ထိုစဉ်က ဖဆပလ အစိုးရသည် လက်ဝဲဝါဒီများနှင့် ဆွေးနွေးညှိနှိုင်းရသည်။ အစိုးရက လက်ဝဲယိမ်းမလိုဖြစ်သောအခါ နယ်ချဲ့တို့အတွက် **KNU** အဖွဲ့ကို သွေးထိုးပေးစရာ အကွက်ကောင်းကို ရရှိခဲ့သည်။

၁၉၄၈ ခုနှစ် ဇူလိုင်လမှစ၍ **KNU** အဖွဲ့၏ လက်နက်ကိုင်တပ်များဖြစ်သော **KNDO** တို့သည် မိမိတို့ တပ်စွဲထားသော မြို့ရွာများ၌ ဆူပူသောင်းကျန်းမှုကို စတင်ခဲ့ကြသည်။ ၁၉၄၉ ဇန်နဝါရီမှစ၍ အစိုးရနှင့် အတိအလင်း

မြရတနာစာပေ



တိုက်ပွဲများ ဖြစ်ပွားတော့သည်။ နယ်ချဲ့တို့က လက်နက်တပ်ဆင်ကာ ပြုစုပျိုးထောင်ပေးခဲ့သော **KNU** တပ်များသည် ရန်ကုန်မြို့တော် ဆင်ခြေဖုံးဖြစ်သော အင်းစိန်၊ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော် မန္တလေးနှင့် တိုင်းနဲ့ ပြည်နယ်မြို့တော်များဖြစ်သော မော်လမြိုင်၊ ဘားအံ၊ တောင်ကြီးမြို့များအပါအဝင် မြို့ပေါင်းများစွာနှင့် ကျေးရွာပေါင်းများစွာကို သိမ်းပိုက်ထားနိုင်ခဲ့လေသည်။

**KNU** အဖွဲ့သည် ၁၉၅၀ နှစ်ကူးသောအခါတွင်မူ နယ်ချဲ့အားကိုးမှုအပြင် အမြင်ကျဉ်းအမျိုးသားဝါဒကိုသာ ကျင့်သုံးမှု စစ်ဘုရင်ဝါဒကျင့်သုံးမှုများကြောင့် လူထုက လက်မခံနိုင်တော့ဘဲ မြို့များမှ ဆုတ်ခွာရတော့သည်။ တပ်မတော်က ထိုးစစ်များပြန်ဆင်သောအခါတွင်မူ တောကြိုအုံကြားသို့ ပြေးရတော့၏။ ၁၉၅၀ ပြည့်နှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် **KNU** ခေါင်းဆောင် စောဘဦးကြီး၊ စောစံကေးနှင့် အင်္ဂလိပ်စစ်ဗိုလ် ကပ္ပတိန်ဗိဗိယန်တို့သည် တပ်မတော်၏တိုက်ခိုက်မှုကြောင့် ဒေါနတောင်အနောက်ခြမ်း ကော့ကရိတ်မြို့နယ် ထို့ကိုကိုးရွာကလေးတွင် ကျဆုံးခဲ့ကြရလေသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စောဘဦးကြီး ကျဆုံးပြီးနောက် KNU ၏ ခေါင်းဆောင်မှုမှာ အင်္ဂလိပ်အမြောက်တပ်မှ စစ်ဗိုလ်ဟောင်း မန်းဘဇန်နှင့် စောဟံတာသာမွှေးတို့၏ လက်ထဲသို့ ရောက်လာခဲ့သည်။ သူတို့နှစ်ဦးသည် ကရင်တော်လှန်ရေး အဘယ့်ကြောင့် ရှုံးနိမ့်ရသည်ကို သုံးသပ်ကြရာ . . .

- အင်္ဂလိပ်နယ်ချဲ့ကို အလွန်အကျွံအားကိုးခြင်း
- စစ်ဘုရင်ဝါဒထွန်းကားလာခြင်း
- လူထုလက်မခံသော အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခြင်း

စသည်တို့အား ရှာဖွေတွေ့ရှိကြတော့၏။

KNU တို့၏ ပထမလမ်းစဉ်မှာ နယ်ချဲ့အင်္ဂလိပ်တို့၏ CAS(B) ကို တုပရေးဆွဲထားသည့် CAS(K) ဖြစ်၏။ ထိုလမ်းစဉ်တို့သည်လည်း စာရွက်ပေါ်မှာသာရှိခဲ့ပြီး ဘာမျှ အကောင်အထည်မဖော်နိုင်ခဲ့ပေ။ ပထမလမ်းစဉ် မအောင်မြင်သောကြောင့် မန်းဘဇန်နှင့် စောဟံတာသာမွှေးတို့သည် ကရင်တော်လှန်ရေးကို သုံးသပ်ချက်များပြုလုပ်၍ ဗမာပြည်ကွန်မြူနစ်ပါတီနှင့် ပူးပေါင်းရန် ဆုံးဖြတ်ခဲ့ကြလေသည်။

၁၉၅၂ မေလတွင် ဗမာပြည်ကွန်မြူနစ်ပါတီမှ

မြရတနာစာပေ



အတွင်းရေးမှူး သခင်ဇင်နှင့် KNU ဥက္ကဋ္ဌ မန်းဘဇန်တို့ ခင်ဖန် သဘောတူညီချက်ကို လက်မှတ်ရေးထိုးကြသည်။ KNU အဖွဲ့သည်လည်း ကွန်မြူနစ်ပုံစံ ပြန်လည်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်လာခဲ့သည်။ အမည်ကိုလည်း KNU မဟာတ်တော့ဘဲ ကေအန်ယူတပ်ဦးဟူ၍ ပြောင်းလဲခေါ်ထွင်စေခဲ့၏။ ဤကွန်မြူနစ်ပုံစံချမှတ်ခဲ့သော တော်လှန်ရေးလမ်းစဉ်မှာ KNU တို့၏ ဒုတိယလမ်းစဉ်ပင် ဖြစ်ပေတော့သည်။

ထိုဒုတိယလမ်းစဉ်ကို ပဲခူးရိုးမဒေသနှင့် မြစ်ဝကျွန်းပေါ်ဒေသများက လိုက်နာကျင့်သုံးကြသော်လည်း အရှေ့ကော်သူးလေခေါ် စစ်တောင်းမြစ် အရှေ့ဘက်ရှိ ကရင်ပြည်နယ်၌ကား ကျင့်သုံးနိုင်ခြင်းမရှိခဲ့ပေ။ အရှေ့တိုင်း KNU များကား စစ်ဘုရင်ဝါဒနှင့် အကြမ်းဖက်ဝါဒကို ကျင့်သုံးဆဲပင်ဖြစ်၏။ ထိုဒေသကို ထိန်းချုပ်ထားသော KNDO တပ်မဟာ(၅) တပ်မဟာမှူးကြီး လင်းထင်က ရန်ကုန်၊ မော်လမြိုင် လူစီးရထားကို မိုင်းခွဲတိုက်ခိုက်ကာ ကျောင်းပိတ်၍ပြန်လာသော တက္ကသိုလ်ကျောင်းသူများကိုပင် တရုတ်ဖြူများထံ ရောင်းစားခဲ့၏။ ဗိုလ်လင်းထင်သည် ၁၉၆၃

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ မတိုင်မီအထိ စစ်ဘုရင်ဝါဒ အကြမ်းဖက်ဝါဒကို ရန်ကုန်၊ မော်လမြိုင် ရထားလမ်းတစ်လျှောက်သာမက သထုံခရိုင်အတွင်း၌ မကြာခဏ ကျူးလွန်ခဲ့လေသည်။ သူ၏တောတွင်းဌာနချုပ်ကို သထုံမြောက်ဘက် ဒုံသမိ ချောင်းအနောက်ဘက်နှင့် များစွာမဝေးကွာလှသော လေးကေတွင် အခြေပြုထားရှိခဲ့၏။ သူသည် မိန်းမကိစ္စတွင် အလွန်နာမည်ကြီးသူ ဖြစ်လေသည်။

အရှေ့ကော်သူးလေ၌ ထိုသို့ စစ်ဘုရင်ဝါဒထွန်းကားနေစဉ် နောင်တွင် KNU ခေါင်းဆောင်ကြီးဖြစ်လာမည့် စောဗိုလ်မြသည်လည်း နောက်လိုက်လူ ၅၀ ခန့်နှင့် ဒေါနတောင်တန်းအနောက်ခြမ်း ကော့ကရိတ်ဒေသတွင် လှုပ်ရှားလျက် တပ်မဟာ(၄)၌ အမှုထမ်းနေလေသည်။ သူသည် အစကနဦးကတည်းက တပ်မဟာ(၅) တပ်မဟာမှူးကြီးလင်းထင်နှင့် အစေးမကပ်သူဖြစ်၍ သံလွင်အနောက်ခြမ်းတွင်မနေဘဲ သံလွင်အရှေ့ခြမ်း၌ သီးခြားလှုပ်ရှားနေခဲ့ခြင်းပင် ဖြစ်လေသည်။ သူသည် နောင်အခါ၌ KNU တွင် အရေးပါသူ ဖြစ်လာခဲ့၏။





**KNU မှ ပဋိပက္ခများ**

ဒုတိယလမ်းစဉ်အရ KNU တို့ ဗမာပြည်ကွန်မြူနစ်ပါတီခေါ် ဗကပ ခေါ် B.C.P တို့နှင့် ပူးပေါင်းခဲ့ရာ၌ အကွဲအပြဲများ ပဋိပက္ခများ စတင်ဖြစ်ပွားလာလေတော့သည်။

"မိမိတို့နှင့် ပူးပေါင်းပါက မိမိတို့၏ တိုက်ရိုက်အကြွင်းမဲ့ ခေါင်းဆောင်မှုကိုခံယူရမည်"

အထက်ပါအတိုင်း B.C.P တို့က ဆိုခဲ့၏။ တိုက်ရိုက်အကြွင်းမဲ့ခေါင်းဆောင်မှုကို တောင်းဆို၍ KNU ကို ဝါးမျိုရန် ဗကပက အစဉ်တစိုက် ကြိုးစားလာကြတော့၏။ ဒုတိယလမ်းစဉ်ကြောင့် လက်ဝဲလက်ျာ ပဋိပက္ခဖြစ်ပေါ်လာပြီး ထိပ်ပိုင်းခေါင်းဆောင် နှစ်ဦးဖြစ်သည့် မန်းဘဇန်နှင့် စောဟံတာသာမွှေးတို့ မပြေမလည်ဖြစ်လာကြ၏။ မန်းဘဇန်က B.C.P ၏ အကြွင်းမဲ့ခေါင်းဆောင်မှုကို လက်ခံချင်သူဖြစ်၍ စောဟံတာသာမွှေးက အမျိုးသားရေးကို ဦးစားပေးလိုသူဖြစ်လေသည်။ လက်တွေ့တွင် မန်းဘဇန်သည် B.C.P ၏ အကြွင်းမဲ့နှင့် တိုက်ရိုက်ခေါင်းဆောင်မှုကို မလွန်ဆန်နိုင်ခဲ့ပေ။ ဤအချက်ကို KNU ဗဟိုကော်မတီဝင်များက



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်ခဲ့ကြ။

၁၉၅၈ ၌ ဗဟိုကော်မတီဝင် စောမောင်တိုးနှင့် ဆရာဘာဟု တို့က နောက်လိုက်ငယ်သားများနှင့်အတူ အစိုးရထံ လက်နက်ချ အလင်းဝင်သွားခဲ့ကြ၏။ အလားတူပင် စောဟံတာသာမွှေးသည်လည်း KNU နှင့် လမ်းခွဲထွက်ခွာကာ အရှေ့တိုင်းသို့ ရောက်ရှိသွားပြီး ၁၉၆၃ ခုနှစ်၌ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်၍ နောက်လိုက်နောက်ပါများနှင့် အလင်းဝင်လိုက်တော့၏။ တပ်မဟာမှူးလင်းထင်နှင့် သူ၏ တပ်မဟာ(၅)သည် စောဟံတာသာမွှေး၏ KRC နှင့်အတူ အလင်းဝင်ခဲ့၏။ သို့ရာတွင် ကော့ကရိတ်မြဝတီဒေသ၌ မင်းမူနေသော ဗိုလ်မြကား လိုက်ပါသွားခြင်းမရှိခဲ့ပေ။

စောဟံတာသာမွှေး၏ KRC က အစိုးရနှင့် ငြိမ်းချမ်းရေးရယူခဲ့သော်လည်း မန်းဘဇန်၏ KNU တပ်ဦးမှာမူ B.C.P တို့အလိုကျသာ ငြိမ်းချမ်းရေးဆွေးနွေးခဲ့ရသဖြင့် အောင်မြင်မှုမရခဲ့ချေ။

မြရတနာစာပေ



**KNU တွင် ဗိုလ်မြခေါင်းဆောင်ဖြစ်လာခြင်း**

ဗိုလ်မြကို ၁၉၂၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့၌ ကျောက်ကြီးမြို့နယ်၊ ထီးမူခီးရွာ၌ မွေးဖွားခဲ့သည်။ စတုတ္ထတန်းအထိ ကျောင်းနေဖူးပြီး အရွယ်ရောက်သောအခါ အာပွန်ရဲတပ်ဖွဲ့မှ ဗြိတိသျှရဲမှူး ဘတ်တလာထံ၌ ရဲသားအဖြစ် ဝင်ရောက် အမှုထမ်းလေသည်။ ရဲတပ်သားဘဝတွင် ဘတ်တလာ၏ အနီးကပ်လူယုံအဖြစ် သတ်မှတ်ခံခဲ့ရ၏။ ရဲတပ်ကြပ်အထိ ရာထူးတိုးတက်ရရှိခဲ့ပြီး ၁၉၄၈ ကရင်သောင်းကျန်းမှုစတင်ချိန်၌ ဖာပွန်ရဲတပ်ဖွဲ့မှ တပ်ကြပ်ရွှေဆိုင်းနှင့်အတူ တောခိုခဲ့လေသည်။

တောတွင်း၌ အရှေ့ကော်သူးလေ ခေါ် သံလွင်မြစ်အရှေ့ခြမ်း ကော့ကရိတ် မြဝတီဒေသ၌ တပ်မဟာ(၄)၏ ကွပ်ကဲမှုအောက်၌ တာဝန်ထမ်းဆောင်ပြီး စစ်ရေးစစ်ရာ အစွမ်းအစရှိသူအဖြစ် KNU လူကြီးများ၏ အသိအမှတ်ပြုခဲ့ရသူဖြစ်၏။ သူသည် အမျိုးသားရေးဝါဒီသက်သက်သာဖြစ်၏။ ငယ်စဉ်ကပင်အင်္ဂလိပ်များနှင့် အတူနေခဲ့ဖူးသူဖြစ်၍ ကွန်မြူနစ်ဝါဒကို ဆန့်ကျင်သူပင်ဖြစ်လေသည်။

၁၉၅၄ ခုနှစ်၌ အရှေ့ကော်သူးလေမှ တပ်မှူးကြီး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဖြစ်သူ စောနားမူသည် အစိုးရနှင့်စေ့စပ်ဆွေးနွေးပြီး နောက်လိုက်နောက်ပါ လူအင်အား ၃၀၀ ခန့်နှင့် ဘားအံမြို့၌ အလင်းဝင်ရာ ဗိုလ်မြလည်း တပ်မှူးငယ်တစ်ဦးအဖြစ် လိုက်ပါ အလင်းဝင်ခဲ့လေသည်။ သို့ရာတွင် တောတွင်းတွင် အနေကြာလာပြီဖြစ်၍ အစိုးရ၏ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများကို မလိုက်နာနိုင်သောကြောင့် ဗိုလ်မြသည် မကြာခင်မှာပင် တောပြန်ခိုပြီး KNU တပ်မဟာ(၄)သို့ ပြန်လည် ရောက်ရှိသွားတော့၏။

၁၉၅၈ ခုနှစ်မှစ၍ KNU တပ်မဟာ(၄) ဒုတပ်မဟာမှူး တာဝန်ကို စတင်ယူခဲ့ပြီး တပ်မဟာ(၄) ကျက်စားရာ ကရင်ပြည်နယ်တောင်ခြမ်း၌ သွားလာလှုပ်ရှားနေခဲ့၏။ အထူးသဖြင့် ကော့ကရိတ်ဒေသတွင် အနေများခဲ့၏။

သူ၏ စစ်ရေးစစ်ရာလှုပ်ရှားမှုများကြောင့် သံလွင် အရှေ့ခြမ်း အရှေ့ကော်သူးလေ၌ လူသိများသူဖြစ်ခဲ့၏။ ၁၉၆၄ ခုနှစ်၌ စောဟံတာသာမွှေး ခေါင်းဆောင်သည့် KNU မှ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရယူပြီး အရှေ့တိုင်းမှ အင်အားစုများ အလင်းဝင်ရောက်ရာတွင် ပါသွားကြသော်လည်း ဗိုလ်မြသည် အလင်းဝင်ရာသို့ လိုက်ပါ





သွားခဲ့ပေ။ သူမလိုက်ပါသွားရခြင်းအကြောင်း၌ သံလွင် အနောက်ခြမ်းမှ သူနှင့်အပြိုင်ဖြစ်ပြီး သဘောထားခြင်း တိုက်ဆိုင်သော တပ်မဟာ(၅) တပ်မဟာမှူး လင်းထင် ကြောင့်ဟုလည်း ဆိုကြသည်။ ထိုစဉ်က လင်းထင်သည် သူ၏ တပ်မဟာ(၅)တစ်ခုလုံးနှင့်အတူ အလင်းဝင်ရာ၌ လိုက်ပါသွားခဲ့၏။ လင်းထင် အလင်းဝင်သွားခြင်းသည် ဗိုလ်မြအတွက် အရှေ့ကော်သူးလေ ခေါ် အရှေ့တိုင်း၌ သူ၏ အဓိကပြိုင်ဘက် လျော့သွားခြင်းပင် ဖြစ်၏။ ဤသည် မှာ သူ့အတွက် အလှည့်အပြောင်းကြီးတစ်ခုလည်း ဖြစ်ခဲ့၏။

လင်းထင်သည် စောဟံတာသာမွှေး၏ ဦးဆောင်မှုကို ခံယူကာ အလင်းသို့ရောက်ရှိခဲ့သော်လည်း စစ်ဘုရင်ဝါဒကို မစွန့်လွှတ်နိုင်ပေ။ သူသည် လူမှုရေးရှုပ်ထွေးပြီး အကြမ်းဖက်မှုများ ကျူးလွန်၍ လက်နက်များခိုးသွင်းကာ တောပြန်ခိုရန် ကြံစည်ခဲ့သည်။ တပ်မတော်မှ သတင်းရ၍ သွားရောက် ဆွေးနွေးခဲ့ရာ သူက လက်မခံဘဲ စတင်ပစ်ခတ်သဖြင့် တပ်မတော်က ပြန်လည်ပစ်ခတ်ရာ ကျဆုံးသွားရတော့၏။ လင်းထင် ကျဆုံးသွားသောအခါ သူ၏ဇနီး နော်လွီဇာမှ လင်းထင်၏ တပ်မဟာ(၅)အင်အားစု အတော်များများဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်တောခိုသွားခဲ့လေသည်။

နော်လှိဗာသည် မယ်ဗမာတစ်ဦးဖြစ်ပြီး ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာဌာန၌ ကျူတာလုပ်ခဲ့ဖူးသည်။ အရွယ်ရောက်သည်အထိ ရန်ကုန်ပတ်ဝန်းကျင်တွင်သာ သွားလာနေထိုင်ခဲ့သူဖြစ်ရာ မိန်းမသားတစ်ဦးအနေဖြင့် တောထဲတောင်ထဲ၌ ကြာရှည်မနေနိုင်ချေ။ ထို့ကြောင့် တပ်မဟာ(၅)မှ တောခိုအင်အားစုများက တပ်မဟာမှူးကတော် နော်လှိဗာအား တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ပေးရလေသည်။ တပ်မဟာမှူးအသစ်မှာ ယခင်က ဒုတပ်မဟာမှူးဖြစ်ခဲ့ဖူးသူ ထွန်းမြင့် ဖြစ်၏။ နော်လှိဗာသည် တစ်ဖက်နိုင်ငံသို့ ရောက်ရှိသွားသောအခါ အမေရိကန်သံရုံးသို့ သွားရောက်ပြီး ခိုလှုံခွင့်တောင်းခံရာ ရရှိသဖြင့် အမေရိကသို့ ထွက်ခွာသွားလေတော့သည်။ တပ်မဟာ(၅)မှ အင်အားစုများသည် ဗိုလ်မြအဖွဲ့နှင့် ပူးပေါင်းကာ ကျန်ခဲ့တော့သည်။ ဤသို့ဖြင့် ဗိုလ်မြ ကွပ်ကဲမှုအောက်၌ အင်အားများတိုးပွားလာခဲ့လေသည်။

လူအင်အားတောင့်တင်းလာသောအခါ ဗိုလ်မြသည် KNU တပ်ဦး၌ B.C.P လွှမ်းမိုးမှုကို ရှုံ့ချပြီး ၁၉၆၆





ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့၌ **KNU** တပ်ဦးမှ အတိအလင်းခွဲထွက်ကာ ကရင်အမျိုးသားလွတ်မြောက်ရေးကောင်စီ **Karen National Liberation Council (K.N.L.C)** ကို ဖွဲ့စည်းခဲ့လေတော့သည်။ **K.N.L.C** က သူ၏ အမျိုးသားရေးဝါဒ သက်သက်ကိုကြေညာပြီး အရှေ့ကော်သူးလေ၌ သီးခြားရပ်တည်လှုပ်ရှားလေတော့သည်။

၁၉၆၇ ခုနှစ်၌ **KNU** တပ်ဦးတွင် **B.C.P** တို့၏ ဗိုလ်ကျစိုးမိုးမှုကို သည်းမခံနိုင်တော့သော ပါတီဥက္ကဋ္ဌ မန်းဘဇန် ဗဟိုကော်မတီဝင် မောင်မောင်၊ ဖဒို ဘသင်၊ စံလင်း၊ ဘောယူဖော၊ တာမလာဘော၊ သန်းအောင်၊ ဖဒို ဂေဒွဲဘွား၊ စံသိန်း၊ တင်ဦး တို့သည် နောက်လိုက်နောက်ပါ အချို့နှင့်အတူ ဗိုလ်မြနှင့် သွားရောက်ပူးပေါင်းလေတော့သည်။ ၁၉၆၈ ခုနှစ် ဖွန်လ ၂၁ ရက်နေ့၌ ဗိုလ်မြနှင့် မန်းဘဇန်တို့သည် ကရင်အမျိုးသား ညီညွတ်ရေးတပ်ဦး **Karen National Union Front (KNUF)** ကို ဖွဲ့စည်းခဲ့ကြသည်။ ထိုသို့ ဖွဲ့စည်းလိုက်သောကြောင့် မန်းဘဇန်တို့ **KNU** တပ်ဦးမှ ကွပ်ကဲခဲ့သော အင်အား ၅၀၀ ခန့်ရှိသည့် **KNU** တပ်မဟာ(၂)နှင့် တပ်မဟာ(၃)တို့သည်လည်း လာ



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပူးပေါင်းရာ မိုလ်မြ ကွပ်ကဲမှုအောက်သို့ ကျရောက်ခဲ့လေသည်။ မိုလ်မြသည် **KNUF** ၌ စစ်ရေးတာဝန်သာမက စစ်ဦးစီးချုပ်လည်း ဖြစ်၏။

မိုလ်မြသည် **KNUF** နှင့် လက်နက်ကိုင်တပ်ဖွဲ့များကို စနစ်တကျ ပြန်လည်ဖွဲ့စည်းခဲ့သည်။ မန်းဘဇန်တို့နှင့် ပူးပေါင်းမိသောအခါ အင်အားတောင့်တင်လာသဖြင့် **KNU** တပ်မ(၁)ကို မဲသဝေါတွင် စတင်ဖွဲ့စည်းခဲ့လေသည်။ **KNU** တပ်မ (၁)၏ ကွပ်ကဲမှုအောက်၌ တပ်မဟာ(၁)၊ တပ်မဟာ(၆)၊ တပ်မဟာ(၇)နှင့် တပ်မဟာ(၈)တို့ ပါဝင်လေသည်။ မိုလ်မြသည် မိမိသြဇာကို မနာခံသော တပ်မဟာ(၁)နှင့် တပ်မဟာ(၈)မှ ခေါင်းဆောင်အချို့ကို ဖယ်ရှားရှင်းလင်းပြီး တပ်မဟာ(၁)နှင့် တပ်မဟာ(၈)ကို ပူးပေါင်းကာ တပ်မဟာ(၁)အဖြစ် ပြန်လည်ဖွဲ့စည်းပေးခဲ့၏။ တပ်မဟာ(၁)သည်လည်း ယခင် လင်းထင်၏ တပ်မဟာ(၅)ကို ဖျက်သိမ်းပြီး ပြန်လည်ဖွဲ့စည်းထားသည့် တပ်မဟာဖြစ်၏။ နော်လွီဇာမရှိသည့်နောက် လင်းထင်၏ တပ်မဟာ(၅)ကိုမူ အပြီးအပိုင်ဖျက်သိမ်းခဲ့ပြီး ဖြစ်၏။

၁၉၇၀ ပြည့်နှစ်တွင်ကား မိုလ်မြအုပ်စုသည်






တပ်မင်းလင်းထင်၏ နောက်ဆုံးဇနီးမယ်ဗမာနော်လွီဇာ[illegible]ဆင်

www.burmeseclassic.com

www.burmeseclassic.com



တပ်မင်းလင်းထင်၊ သူ၏ဇနီးနှင့် မိတ်ဆွေတစ်ဦး



ကေအာစီမှ စောဟန်တာသာမွှေးနှင့်သူ၏အဖွဲ့


www.burmeseclassic.com

www.burmeseclassic.com





၁၉၆၃ ငြိမ်းချမ်းရေးဆွေးနွေးစဉ်က ကေအာစီမှဖဒိုဘာထွန်း
နှင့် တပ်မတော်အရာရှိများ



ကေအင်ယူတပ်မဟာ (၅)တပ်မင်းဗိုလ်လင်းထင်

www.burmeseclassic.com

www.burmeseclassic.com



အင်အား ဗြရ ယောက်နှင့် စစ်တောင်းမြစ်ကို ဖြတ်ကူးပြေး၍ ဗိုလ်မြထံ လုံးဝ ခိုဝင်ကြရလေတော့သည်။ ဗိုလ်မြထံ ရောက်သွားသောအခါ ဗိုလ်မြက ဗကပဝါဒကို လက်ခံထားသည့် KNUP ကို လုံးဝ ဖျက်သိမ်းနိုင်းရာ KNUP လုံးဝ ချုပ်ငြိမ်းသွားရလေတော့၏။ ၎င်းအပြင် သူနှင့် မန်းဘဇန်တို့ ဖွဲ့စည်းထားသည့် KNUF ကိုလည်း ကွန်မြူနစ်ဆန်သည် ဆိုကာ KNU တစ်ဦး KNUF အမည်မှ တစ်ဦးစာလုံးကို ဖြုတ်ပစ်လိုက်၍ KNU အမည်သာ ခေါ်တွင်စေလိုက်၏။

ထိုအချိန်မှစ၍ ဗိုလ်မြသည် KNU ၏ တကယ့်ခေါင်းဆောင်ကြီး ဘဝကို လုံးဝ ခံယူရရှိလေတော့သည်။

ကျွန်တော်ပါဝင်သည့် တပ်မတော်စစ်ကြောင်းများ ဒေါနတောင် အနောက်ခြမ်းသို့ ဝင်ရောက်လှုပ်ရှားသည့်အခါ ကာလကား ခေါင်းဆောင်ကြီးဗိုလ်မြ အထက်ဖော်ပြပါအတိုင်း KNU ကို လုံးဝ လွှမ်းမိုးကာ လူ၊ လက်နက်အင်အား အလွန်တောင့်တင်းစွာဖြင့် မြန်မာ့တပ်မတော်ကို အံတုအစွမ်းပြနေသည့် ကာလပါတည်း။





**ထိုစဉ်က စစ်ရေးစီးပွားရေးအခြေအနေများ**

မြန်မာ့တပ်မတော်သည် ၁၉၇၅ ခုနှစ် မတ်လ၌ ပဲခူးရိုးမတွင် ဗကပတို့ကို အပြီးအပိုင် သုတ်သင်ချေမှုန်းနိုင်ခဲ့လေသည်။ အနှစ်သုံးဆယ်နီးပါး ပဲခူးရိုးမကို စိုးမိုးခဲ့သော ဗကပ B.C.P များ လုံးဝ ကင်းရှင်းသွားပြီး ပဲခူးရိုးမတို့ အဖြူရောင်ဒေသသို့ ရောက်ရှိစေခဲ့၏။ B.C.P ကိုသာမက KNUP ကိုပါ မြန်မာ့တပ်မတော်က အမြစ်ပြတ် ချေမှုန်းနိုင်ခဲ့သည်။

မြန်မာ့တပ်မတော်က ဦးစွာပထမ မြစ်ဝကျွန်းပေါ်ဒေသကို အဖြူရောင်နယ်မြေဖြစ်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ပြည်သူများပါဝင်သော ရွှေလင်းယုန်စစ်ဆင်ရေး၊ မိုးဟိန်းစစ်ဆင်ရေးများဖြင့် ဖြတ်လေးဖြတ်နည်းနာများကို ကျင့်သုံးကာ အောင်မြင်ခဲ့ခြင်းဖြစ်၏။

ထိုစဉ်က မြန်မာ့တပ်မတော် ကျင့်သုံးခဲ့သော ဖြတ်လေးဖြတ်နည်းနာများမှာ ...

- ရိက္ခာဖြတ်
- သတင်းဖြတ်
- ဆက်ကြေးငွေဖြတ်



www.burmeseclassic.com

www.burmeseclassic.com



– သတ်ဖြတ်

တို့ ဖြစ်၏။

စစ်နည်းဗျူဟာ ကျင့်သုံးမှုမှာ ဂွင်များသတ်မှတ်ပြီး ဂွင်အလိုက် ပြည်သူပါ ပါဝင်၍ ထွက်ပေါက်မရှိအောင် ဝိုင်းပတ် ပိတ်ဆို့ချေမှုန်းသည့် နည်းဖြစ်၏။ ဤနည်းဖြင့် မြစ်ဝကျွန်းပေါ်မှ ချောင်းမြောင်းများ၊ ကိုင်းတော ချုံတောများ လျှိုမြောင်များတွင် လှည့်လည်ခိုအောင်းနေသော ဗမာပြည်ကွန်မြူနစ်ပါတီ မြစ်ဝကျွန်းပေါ်တိုင်းနှင့် **KNUP** ပါတီမှ နာမည်ကြီး စစ်ရေး နိုင်ငံရေးခေါင်းဆောင်များ အားလုံးကျဆုံးခဲ့ရလေတော့သည်။

ဤဖြတ်လေးဖြတ် နည်းနာဖြင့်ပင် ၁၉၇၄/၇၅ ကာလများ၌ ပဲခူးရိုးမကို ဝိုင်းပတ်ပိတ်ဆို့ခဲ့ရာ ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုနှင့် **KNUP** ဗဟိုတို့ကို အပြီးအပိုင် ချေမှုန်းနိုင်ခဲ့သည်။ ဗကပ ဗဟိုမှ ဥက္ကဋ္ဌ သခင်ဇင်နှင့် အတွင်းရေးမှူး သခင်ချစ်တို့အား အသေရခဲ့သည်။ ထို့အတူ **KNUP** ဗဟိုမှ ခေါင်းဆောင်များကို အပြီးအပိုင် ချေမှုန်းနိုင်ခဲ့ပြန်သည်။ လက်ကျန်လူအနည်းငယ်က စစ်တောင်းမြစ်အရှေ့ဘက်ခြမ်းကူးပြေးပြီး ဗိုလ်မြထံ အကြွင်းမဲ့





လက်နက်ချခိုလှုံရတော့၏။

ထိုကဲ့သို့ မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမကို ဖြတ်လေးဖြတ်နည်းနာများဖြင့် အဖြူရောင်နယ်မြေ အဖြစ်သို့ ရောက်ရှိအောင် စွမ်းဆောင်နိုင်ခဲ့ရာ ထိုနည်းနာအား ကရင်ပြည်နယ်တွင် စမ်းသပ်အသုံးပြုခဲ့လေသည်။

သို့ရာတွင် မျှော်မှန်းသည့်အတိုင်း ဖြစ်မလာချေ။

အကြောင်းမှုကား မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမသည် မိမိနိုင်ငံအတွင်းပိုင်း၌ ရှိသဖြင့် ပထဝီအနေအထားအရ ကန့်သတ်ပိတ်ဆို့ ဝိုင်းပတ်မှုကို စိတ်ကြိုက်ဆောင်ရွက်ရ၏။ မည်သည့်ပြဿနာမှမရှိ။ တပ်အင်အားအသုံးပြုရာတွင်လည်း ကြည်း၊ ရေ၊ လေ အားလုံး ပါဝင်နိုင်၏။ သဘာဝ အတားအဆီး ချောင်းမြောင်းများရှိနေသဖြင့် ပိတ်ဆို့ရသည်မှာလည်း လွယ်ကူလှ၏။

ပြည်သူများကလည်း အနှစ်နှစ်ဆယ်ကျော် ဗိုလ်ကျလာသည့် သောင်းကျန်းသူများကို ရွံမုန်းနေ၏။ ထို့ကြောင့် ဤစစ်ဆင်ရေး၌ ပြည်သူတို့ ရာနှုန်းပြည့် ပါဝင်ကြ၏။ ထို့ကြောင့် စစ်ဆင်ရေးကြီး အောင်မြင်ရလေသည်။

ကရင်ပြည်နယ်တွင်ကား မျှော်မှန်းသလို အောင်



www.burmeseclassic.com

www.burmeseclassic.com



ABSDF ဥက္ကဋ္ဌမိုးသီးဇွန်ခေါ်မျိုးသန်းထွန်း



KNUP ပါတီနှင့် ပခုံးခြင်းယှဉ်နိုင်လာပြီး ရွှေကျင်ကျောက်ကြီးဒေသတွင် KNUP ပါတီကို စစ်ရေးအရ ရင်ဆိုင်တိုက်ခိုက်မှုများပင် ပြုလုပ်လာသဖြင့် KNUP ပါတီဗဟိုသည် ပဲခူးရိုးမသို့ ပြေးဝင်ခိုလှုံရတော့၏။ စစ်တောင်းမြစ် အရှေ့ခြမ်း၌ မနေဝံ့တော့ပေ။

၁၉၆၉–၇၀ ၌ ဦးနု၏ Paliament Democracy Party ပါလီမန် ဒီမိုကရေစီ (ခေါ်) ပြည်ပြေး P.D.P များ ထိုင်းနိုင်ငံကို ခြေကုန်ယူထကြွလာသောအခါ P.D.P, KNU နှင့် NMSP သုံးပါတီ မဟာမိတ်ဖွဲ့သည်။ ဗိုလ်မြအုပ်စုသည် ပြည်ပနိုင်ငံများနှင့် ဆက်သွယ်ရန်လမ်းပွင့်သွားခဲ့၏။ P.D.P များကို အကြောင်းပြု၍ လက်နက်ခဲယမ်းနှင့် ငွေကြေးအကူအညီ အမြောက်အမြား ရရှိလေသည်။

ဗိုလ်မြသည်လည်း အင်အားတောင့်တင်းလာပြီး KNU တပ်ဦးအပေါ်တွင် သူ၏ အကြွင်းမဲ့ခေါင်းဆောင်မှုကို စိုက်ထူလာသည်။ KNU ပါတီဝင်ဟောင်း လက်ဝဲဝါဒီများဖြစ်သော မန်းဘဇန်တို့အုပ်စုကို ဗိုလ်မြသည် KNU တပ်ဦးတွင် ခေါင်းဆောင်ခွင့်မပေးခဲ့ပေ။ KNU တပ်ဦးသည် P.D.P, NMSP တို့နှင့်အတူ တိုင်းရင်းသားပေါင်းစုံ ညီညွတ်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရေးနှင့် လွတ်မြောက်ရေးတပ်ပေါင်းစု (တညလ) တွင် ပါဝင်ပြီး မိမိအဖွဲ့အစည်းအတွက်နိုင်ငံရေး စစ်ရေးအမြတ်ထုတ်နိုင်ခဲ့ပြန်သည်။ ၁၉၇၂ ခုနှစ်တွင် KNU ပါတီမှာ အင်အား ၉၈၀ ခန့်သာရှိသော်လည်း KNU တပ်ဦးမှာ အင်အား ၂၅၀၀ ခန့်အထိ တိုးတက်လာပြီဖြစ်သည်။ ထို့ကြောင့် ၁၉၇၂ ခုနှစ်တွင် မန်းသာစိန်ခေါင်းဆောင်သော KNU တပ်ဦးအဖွဲ့ဝင်များသည် ပဲခူးရိုးမဆီသို့ ဝင်ရောက် ထိုးဖောက်ပြီး ဗကပနှင့် KNU ပါတီတို့အား တိုက်ခိုက်နိုင်ခဲ့သည်။ သို့သော် ပဲခူးရိုးမတွင် ရေရှည်ရပ်တည်နိုင်ခဲ့ခြင်းကား မရှိခဲ့ပေ။

ဗိုလ်မြ၏ KNU သည် P.D.P တို့ကြောင့် လူသိများလာကာ နိုင်ငံတကာအဆက်အသွယ်နှင့် အကူအညီများ ပိုမိုရရှိခဲ့ပြီး လူလက်နက်ခဲယမ်းအင်အား ပိုမိုတောင့်တင်းလာကြ၏။ သို့ရာတွင် ၁၉၇၀ က P.D.P တို့နှင့် လွတ်မြောက်ရေးတပ်ပေါင်းစု တညလ ဖွဲ့စည်းထားခဲ့မှုမှာ မခိုင်မြဲခဲ့ချေ။ တစ်နှစ်မပြည့်မီမှာပင် ဗိုလ်မြနှင့် P.D.P ဥက္ကဋ္ဌ ဦးနုတို့ သဘောထားကွဲလွဲကြပြီး ပဋိပက္ခများဖြစ်ပွားခဲ့ရာ။ ၁၉၇၁ နောက်ပိုင်း၌ လက်နက်ကိုင်တိုက်ခိုက်မှုများ





ပင် ဖြစ်ပွားခဲ့လေတော့သည်။ ဗိုလ်မြ၏ KNU သည် လူအင်အား ၂၅၀၀ တို့နှင့် စစ်ရေးအတွေ့အကြုံများပါရှိကြသောကြောင့် စစ်ရေးအတွေ့အကြုံနုနယ်သော P.D.P တို့အား လွယ်ကူစွာ သုတ်သင်နိုင်ခဲ့ကြ၏။ KNU နှင့် P.D.P တို့ လက်နက်ကိုင် ပဋိပက္ခ၌ P.D.P စစ်ခေါင်းဆောင် ဗိုလ်လကျာ ကျဆုံးသွားခဲ့လေသည်။ ဦးနုသည်လည်း ဥက္ကဋ္ဌရာထူးမှ ၁၉၇၃ ၌ အပြီးအပိုင် နုတ်ထွက်၍ ထိုင်းနိုင်ငံမှ အိန္ဒိယသို့ ထွက်ခွာသွားခဲ့ရလေသည်။ P.D.P အား ဦးသွင်မှ ဆက်လက်ဦးဆောင်ခဲ့၏။

KNU တပ်ဦး ဖွဲ့စည်းရာ၌ မန်းဘဇန်အား ဥက္ကဋ္ဌတင်ခဲ့သော်လည်း ဗိုလ်မြ ဩဇာသာလွှမ်းမိုးခဲ့သည်။ ၁၉၇၁ ဖေဖော်ဝါရီလ၌ သထုံခရိုင်ရှိ တပ်မဟာ(၁)မှ တပ်မှူးများသည် ဗိုလ်မြ ခန့်ထားသည့် တပ်မဟာမှူးအသစ် ကျော်ဟိုးနှင့် အဆင်မပြေဖြစ်ကာ သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့လေသည်။ ထိုသဘောထားကွဲလွဲမှု၌ တပ်မှူးများနှင့် နယ်ဘက်အုပ်ချုပ်မှု ဖဒိုအဖွဲ့များ ဆက်ကြေးကိစ္စကောက်ခံမှုအပေါ်တွင် အခြေခံသဘောကွဲလွဲခဲ့ခြင်းဖြစ်သည်ဟု ဆို၏။

သို့ရာတွင် ကျော်ဟိုးသည် ဂျူနီယာတပ်ရင်းမှူး



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှ တပ်မဟာမှူးဖြစ်လာခြင်းဖြစ်ပြီး သူ့ထက် စီနီယာကျသည့် ဒဂီး၊ ပေါက်ကျော် စသူများက သူ့ကွပ်ကဲမှုအား ဆန့်ကျင်ရာမှ ပြဿနာစခဲ့ခြင်းဖြစ်၏။ သဘောထားကွဲလွဲရာ၌ ဖဒိုအဖွဲ့များဘက်မှ ရပ်တည်ခဲ့သော တပ်မဟာမှူး ကျော်ဟိုးအမိန့်ကို လက်အောက်ခံတပ်မှူးများက မနာခံကြတော့ပေ။ ကျော်ဟိုးက ဗိုလ်မြထံ သွားရောက်ပြီး အကျိုးအကြောင်းတိုင်ကြားခဲ့သည်။ ဗိုလ်မြက တပ်မဟာ(၁)မှ သဘောထားကွဲလွဲသူ ခေါင်းဆောင် ၁၀ ဦးအား တွေ့ဆုံဆွေးနွေးရန်အတွက် ၁၉၇၁ ဖေဖော်ဝါရီလ ၂၇ ရက်၌ သံလွင်အရှေ့ဘက်ရှိ ဘောသရောသို့ လာရောက်ရန် ချော့မော့ခေါ်လိုက်၏။ ရောက်ရှိလာသည်နှင့် သူကိုယ်တိုင်ကွပ်ကဲသည့် တပ်မဟာ(၇) အင်အားစုများနှင့် ဝိုင်းဝန်းဖမ်းဆီးပြီး ဖေဖော်ဝါရီ ၂၈ ရက်နေ့၌ သူကိုယ်တိုင် လှံစွပ်ဖြင့် ထိုးသတ်အရေးယူပြလိုက်တော့သည်။

အသတ်ခံရသူများကား ...

- ဒဂီး
- ပေါက်ကျော်
- ဖားပြား





- စိန်သီး
- ကျော်ခိုင်
- ဖော်ဟိန်း
- ခင်မောင်ရီ
- ရော်နယ်လ်
- အလက်ဇန္ဒား နှင့် ညွှန့်တင်

တို့ ဖြစ်ကြသည်။

ဗိုလ်မြသည် တပ်မဟာ(၁)မှ ထိပ်ပိုင်း ခေါင်းဆောင်များကို ကိုယ်တိုင်သုတ်သင်ရှင်းလင်းပြီးနောက် ကျန်ခေါင်းဆောင်များအား သစ္စာရေသောက်စေကာ ကျော်ဟိုးထံသို့ ပြန်လည်အပ်နှံလိုက်၏။ သို့နှင့် **KNU** တစ်ဖွဲ့လုံးသည် ဗိုလ်မြအား ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့သွားကြ၍ ဗိုလ်မြကွပ်ကဲမှုအောက်သို့ လုံးလုံးလျားလျား ရောက်ရှိသွားကြလေတော့သည်။

၁၉၇၅ တွင် **KNUP** နှင့် ဗကပဗဟိုတို့အား ပဲခူးရိုးမတွင် တပ်မတော်မှ ချေမှုန်းရှင်းလင်းခဲ့ရာ ဗကပမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖင်ချစ်တို့ ကျဆုံးသွားခဲ့ရပြီး **KNUP** ဥက္ကဋ္ဌ စောမြမောင်နှင့် ဖဒိုသန်းအောင်တို့သည်



www.burmeseclassic.com

www.burmeseclassic.com



မြင်မှုမရပါချေ။

အကြောင်းမှုကား ပထဝီအနေအထားအရ ထိုင်းနိုင်ငံနှင့် နယ်မြေခြင်းထိစပ်နေသဖြင့် တစ်ဖက်ပွင့်နေပြီး ဝိုင်းပတ်ပိတ်ဆို့မှုပြုလုပ်တိုင်း ရန်သူက ပွင့်နေသောဘက်သို့ ရှောင်တိမ်းလွတ်မြောက်သွားတော့၏။ ဟိုဘက်ကမ်းတွင် စိတ်ကြိုက် ခိုလှုံနေတော့၏။ မိမိတို့ ပိတ်ဆို့မှုလုပ်၍မရ။ ထွက်ပေါက်ကတော့ ရှိနေသည်သာ ဖြစ်သည်။

နောက်တစ်ခုက ဖြတ်လေးဖြတ်ကျင့်သုံးမှုဖြစ်၏။

ဖြတ်လေးဖြတ်က မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမ၌ အမှန်တကယ် ထိရောက်အောင်မြင်၏။ သို့ရာတွင် ကရင်ပြည်နယ်၌ကား မျှော်မှန်းသလို မအောင်မြင်ခဲ့ပါချေ။

ရှင်းပါမည်။

ပထမအချက်မှာ မြန်မာထိုင်းနယ်စပ်မှ မှောင်ခိုရောင်းဝယ်ရေးကိစ္စဖြစ်သည်။

၁၉၆၄ ခုနှစ်၌ နိုင်ငံတော်မှ စက်ရုံအလုပ်ရုံများကို ပြည်သူပိုင်သိမ်းပိုက်ခဲ့၏။ ဆိုရှယ်လစ်စီးပွားရေးစနစ်အရ ဆက်လက်ဆောင်ရွက်လည်ပတ်ခဲ့၏။ ထိုအခါ ထိုစက်ရုံအလုပ်ရုံများမှ ကုန်ထုတ်စွမ်းအားစုများသည် ပြည်သူပိုင်





ဘဝ၌ အရည်အသွေးမတိုးတက်လာဘဲ ကျဆင်းလာတော့၏။ အရည်အသွေးသာမက အရေအတွက်ပါ လျော့နည်းလာသည်။ စားသုံးသူ ပြည်သူများအတွက် မလုံမလောက်ဖြစ်လာ၏။ ဤတွင် အိမ်နီးချင်းနိုင်ငံများမှ လူသုံး အိမ်သုံးပစ္စည်းအမျိုးစုံကို နယ်စပ်ဒေသများမှတစ်ဆင့် ပြည်တွင်းသို့ တရားမဝင်တင်သွင်းကြလေတော့သည်။ ဤသည်ကို **Smuggling** အကောက်ခွန်မဲ့ တရားမဝင် ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း သို့မဟုတ် မှောင်ခိုရောင်းဝယ်ရေးလုပ်ငန်းဟု ခေါ်တွင်ကြ၏။

နယ်စပ်ဒေသ တရားမဝင်ရောင်းဝယ်ရေးလုပ်ငန်းများ အနက် အကြီးဆုံးမှာ ထိုင်းနိုင်ငံနယ်စပ်ဒေသများ၌ဖြစ်၏။ မြောက်ဘက်အစွန်ဆုံး တာချီလိတ်ဒေသမှနေ၍ တောင်ဘက်အစွန်ဆုံး ကော့သောင်းဒေသအထိ မိုင်ပေါင်း ၁၀၀၀ ကျော်ရှိပေသည်။ ကုန်းလမ်းသာမက ရေလမ်းကပါ စက်လှေများအသုံးပြု၍ မှောင်ခိုပစ္စည်းများ တင်သွင်းကြ၏။

ကုန်းလမ်းကမူ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်ဒေသများမှ အများဆုံး တင်သွင်းကြ၏။ ကရင်ပြည်နယ်၌ သောင်းရင်းမြစ်နှင့် ဒေါနတောင်တန်းဖြတ်၍ မော်လမြိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ဘားအံဒေသသို့ ရောက်ရှိ ပျံ့နှံ့သွားလေသည်။

၁၉၇၅/၇၆ စာရေးသူတို့ စစ်ကြောင်းများ ဒေါနတောင်တန်းသို့ ဝင်ရောက်လှုပ်ရှားချိန်၌ ထိုမှောင်ခိုလုပ်ငန်းမှာ အလွန်ဖွံ့ဖြိုးနေပေပြီ။ နေ့စဉ် မှောင်ခိုရောင်းဝယ်သမားများ ရာထောင်ချီပြီး နယ်စပ်ကို ဖြတ်ကျော်ဝင်ရောက်သွားကာ နေကြ၏။ KNU တို့က ထိုင်း မြန်မာနယ်စပ်၌ အကောက်ဂိတ်များဖွင့်ကာ ထိုမှောင်ခိုလုပ်ငန်းဖြင့် အလွန်စီးပွားဖြစ်နေကြ၏။ အရောင်းအဝယ်သမားများကြောင့် သူတို့လိုချင်သော သတင်းရ၏။ ငွေရ၏။ ထိုင်းနိုင်ငံမှ လိုတာအကုန်ရ၏။

ယုတ်စွအဆုံး ထိုင်းနိုင်ငံတွင် Sex ပင် အလွယ်တကူဝယ်၍ရသည်။

ကဲ ဘာလိုပါသေးသနည်း။

ထိုသို့သော အခြေအနေများကြောင့် မြစ်ဝကျွန်းပေါ်နှင့် ပဲခူးရိုးမတွင် ကျင့်သုံးသော နည်းနာများ ဒေါနတောင်တန်းနှင့် သောင်ရင်းမြစ်ကမ်းတွင် မအောင်မြင်ရခြင်းဖြစ်ပါသည် ခင်ဗျား။

❖ ❖ ❖



# အခန်း ( ၂ )

## မဲသဝေါတိုက်ပွဲများ

KNU သည် ၁၉၇၀ နောက်ပိုင်းတွင် ထိုင်း မြန်မာနယ်စပ်တွင် စခန်းများထားရှိပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခဲ့ကြသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံအတွင်း သွားလာရောင်းဝယ်လျက်ရှိကြသော မှောင်ခိုကုန်သည်များထံမှ အခွန်အကောက်ယူခြင်း၊ မြန်မာနိုင်ငံမှ ထွက်သော သတ္တုများ၊ ကျွန်းသစ်များကို ထိုင်းနိုင်ငံသို့ ရောင်းချခြင်းဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လည်း စီးပွားရေးကောင်းမွန်လျက်ရှိသည်။ ဘုရားသုံးဆူဒေသ၊ သပြူမိုင်းနှင့် ထားဝယ်နယ်မြေ နတ်အိမ်ထောင်မိုင်းမှ ထွက်သော သတ္တုများကို ထိုင်းနိုင်ငံသို့ ရောင်းချသည်။ မဲသဝေါ၊ ဝါးခ၊ ဝေါလေ တို့တွင် သစ်စက်များတည်ဆောက်၍ မြန်မာနိုင်ငံမှ ကျွန်းသစ်များကို ခွဲစိတ်၍လည်းကောင်း၊ အလုံးလိုက်လည်းကောင်း ထိုင်းနိုင်ငံသို့ ရောင်းချလေ့ရှိသည်။ မှောင်ခိုကုန်သည်များထံမှ အကောက်ခွန်တစ်နှစ်လျှင် ကျပ်သိန်းခုနစ်ရာကျော်ခန့် ရရှိသည်။ KNU တို့၏ အကောက်ခွန်ဂိတ်များမှာ တပ်မဟာ(၇)၏ စောထဂိတ်၊ သော်လဲထဂိတ်၊ မဲသဝေါဂိတ်၊ မဲထရီဂိတ်၊ မော်ဖိုးကေဂိတ်၊ တပ်ရင်း(၁)၏ ဝါးခဂိတ်၊ တပ်မဟာ(၆)၏ ဖလူးဂိတ်နှင့် ဝေါလေဂိတ်၊ ဘုရားသုံးဆူဂိတ်၊ နတ်အိမ်ထောင်ဂိတ်၊ တပ်ရင်း(၁၀)၏ မောတောင်ဂိတ်တို့ ဖြစ်ကြ၏။

မှောင်ခိုလုပ်ငန်းများမှာ ပိုမိုကြီးထွားလာကာ KNU တို့၏ ဝင်ငွေမှာလည်း ပို၍ပို၍ ကောင်းလာ၏။ KNU တပ်မ (၁)၏ လှုပ်ရှားမှုများမှာလည်း ပိုမိုများပြားလာ၏။ မိမိတို့အတွင်းပိုင်းကိုပင် ဝင်ရောက်လှုပ်ရှားလာသည်။ ထိုအခါ တပ်မတော်က ...





"KNU တပ်မ(၁) ဌာနချုပ် မဲသဝေါကို တိုက်ပစ်မှရမယ်"

အထက်ပါအတိုင်း တပ်မတော်မှ သုံးသပ်ဆုံးဖြတ်ကာ ပထမအကြိမ် မဲသဝေါတိုက်ပွဲကို ဆင်နွှဲခဲ့လေတော့သည်။

**ပထမအကြိမ်မဲသဝေါတိုက်ပွဲ**

KNU တပ်မ(၁) ဌာနချုပ်ထားရှိသော မဲသဝေါ ဝင်မစခန်းမှာ သောင်းရင်းမြစ်ဘေး မြေပြန့်နေရာတွင် ရှိသည်။ အဆောက်အဦများ နိုင်နိုင်မာမာ ဆောက်ထားသည်။ ပတ်ဝန်းကျင်တွင်ရှိသော ပွိုင့် ၁၇၆၀ ကုန်း အံကျော်ကုန်း၊ အနောက်ဘက် ကာစနုလီကုန်း၊ အနောက်တောင်ဘက် မောရလီကုန်းတို့တွင် စခန်းများ တည်ဆောက်ထားပြီး တပ်များထားရှိကာ မဲသဝေါအား ကာရံထားလေသည်။

မဲသဝေါသည် ရှေးယခင်ကာလကပင် ဒေသခံ တိုင်းရင်းသားများနေထိုင်သော ကျေးရွာကြီး တစ်ရွာဖြစ်၏။ ကျွန်းသစ်များဖြင့် ဆောက်လုပ်ထားသော သွပ်မိုးပျဉ်ကာ အိမ်ကြီးအိမ်ကောင်းများ ရှိပေသည်။ တစ်ဖက်နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ဒါဆောင်ယမ်ရွာကြီးနှင့် မျက်နှာချင်းဆိုင်ဖြစ်သဖြင့် နယ်စပ်ဒေသ ကုန်သွယ်မှုလည်း အလွန်ကောင်း၍ စီးပွားရေးလည်း များစွာဖြစ်ထွန်းပေသည်။ ဝင်ထွက်သွားလာသူများနှင့် အမြဲလည်း စည်ကားလျက်ရှိ၏။

ပထမအကြိမ် မဲသဝေါတိုက်ပွဲအား မြန်မာ့တပ်မတော်မှ ၁၉၈၀ ပြည့်နှစ် စက်တင်ဘာ စတုတ္ထပတ်တွင် စတင်ခဲ့လေသည်။ အမှန်(၄၄)ခြေမြန်တပ်မဌာနချုပ်မှ နည်းဗျူဟာတစ်ခုနှင့် တပ်ရင်းနှစ်ရင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် (ယခုတောင်ပိုင်းစစ်ဌာနချုပ်)မှ စစ်ဗျူဟာတစ်ခုနှင့် တပ်ရင်းနှစ်ရင်း ပါဝင်ခဲ့သည်။ တိုက်ပွဲဝင်တပ်များကို လှိုင်းဘွဲ့တွင် စုဖွဲ့ပြီး မဲသဝေါသို့ ချီတက်ချဉ်းကပ်ရာ စက်တင်ဘာလ ၂၈ ရက်နေ့၌ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွား၍ အောက်တိုဘာလ ၁၀ ရက်နေ့တွင် မဲသဝေါစခန်းကြီးတစ်ခုလုံးအား လုံးဝ သိမ်းပိုက်ရရှိခဲ့သည်။ **KNU** တို့ အပြင်းအထန် ခုခံခဲ့သော်လည်း မြန်မာ့တပ်မတော်မှ သန္နိဋ္ဌာန်စိတ်ဖြင့် တိုက်ပွဲဝင်ခဲ့၍ ရည်မှန်းချက်ကို သိမ်းပိုက်နိုင်ခဲ့ခြင်းဖြစ်သည်။ ထိုတိုက်ပွဲ၌ အလောင်း ၃၆ လောင်းနှင့် လက်နက် ၂၈ လက် သိမ်းဆည်းရမိခဲ့သည်။ မိမိတပ်များ





သည် ရည်မှန်းချက်ပြီးမြောက်သည်နှင့် လှိုင်းဘွဲ့သို့ ပြန်လည်ချီတက်ခဲ့သည်။

## ဒုတိယအကြိမ်မဲသဝေါတိုက်ပွဲ

ပထမအကြိမ် မဲသဝေါတိုက်ပွဲအပြီး မကြာမီမှာပင် **KNU** တို့သည် မဲသဝေါကို ပြန်လည်ထူထောင်ခဲ့၏။ ထို့ကြောင့် မဲသဝေါကား ပြန်လည်စည်ကားလာခဲ့၏။ မဲသဝေါ၏ မြောက်ဘက် သံလွင်မြစ်နှင့် သောင်ရင်းမြစ်ဆုံမာနယ်ပလော၌လည်း **KNU** တို့က ဗဟိုဌာနချုပ်ကို ဖွင့်လှစ်ထားခဲ့ရာ ဗဟိုနှင့် ဆက်စပ်၍ မဲသဝေါသည် အချက်အချာပိုကျလာ၏။

**KNU** တို့သည် မဲသဝေါကို အခိုင်အမာခံစစ်ပြင်ခဲ့၏။ တပ်မတော်က တစ်ချိန်ချိန်တွင် လာရောက် တိုက်ခိုက်နိုင်သည်ဟု သုံးသပ်ပြီး မဲသဝေါခံစစ်အား သစ်လုံးဘန်ကာကြီးများဖြင့်ပင် တည်ဆောက်ခဲ့သည်။

"မင်းတို့ ဆင်တွေပါခေါ်သုံး"

ဗိုလ်မြသည် မဲသဝေါခံစစ်အား မကြာခဏ လာရောက်ကြီးကြပ်၍ သစ်လုံးများသယ်ရာ၌ ဆင်များခေါ်ယူ



www.burmeseclassic.com

www.burmeseclassic.com



အသုံးချရန် လက်အောက်သို့ ညွှန်ကြားခဲ့၏။ ထို့ကြောင့် **KNU** များက သံလွင်အရှေ့ခြမ်းရောက် မဲပလီဒေသမှ ဆင်များကို မဲသဝေါသို့ ခေါ်ယူကာ ခံစစ်ပြင်ဆင်မှုလုပ်ငန်း၌ ထည့်သွင်းအသုံးပြုခဲ့လေသည်။

**KNU** တို့ မျှော်မှန်းထားသလိုပင် ပြန်လည်ကြီးထွားအားကောင်းလာသည့် **KNU** တပ်မ(၁)ဌာနချုပ် မဲသဝေါအား ၁၉၈၄ ခုနှစ် နှစ်ဆန်းတွင် တပ်မတော်က ဒုတိယအကြိမ် တိုက်ခိုက်လေတော့သည်။ ဤတစ်ကြိမ်မှာ မြေသိမ်းရုံသက်သက်မဟုတ်တော့ဘဲ မဲသဝေါကို တိုက်ခိုက်သိမ်းပိုက်ပြီးပါက အခိုင်အမာ တပ်စွဲထားရှိရေးပါ တပ်မတော်က စီစဉ်ပြီးခဲ့လေသည်။

မဲသဝေါအား ရှေ့တန်းအမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီး တင်အေး ခေါင်းဆောင်သော အမှတ်(၄၄၃) နည်းဗျူဟာကွပ်ကဲမှုအဖွဲ့ အမြောက်တပ်ဖွဲ့မှ တပ်စုတစ်စု၊ အမှတ်(၃) ခြေမြန်တပ်ရင်း၊ အမှတ်(၇) ခြေမြန်တပ်ရင်း၊ အမှတ်(၈) ခြေမြန်တပ်ရင်း၊ အမှတ်(၉) ခြေမြန်တပ်ရင်း၊ အမှတ်(၄) ခြေမြန်တပ်ရင်းမှ စစ်ကြောင်း(၁)ဌာနချုပ်နှင့် တပ်ခွဲ(၃)ခွဲတို့ ပါဝင်စုဖွဲ့တိုက်ခိုက်ခဲ့သည်။





စုရပ်မှ သတ်မှတ်လမ်းကြောင်းအတိုင်း ချီတက်သွားကြပြီး ဇန်နဝါရီလ ၂၂ ရက်နေ့မှစ၍ ရက်သတ္တတစ်ပတ်ကြာ အမြောက်ကြီး ပစ်ကူများနှင့် မဲသဝေါစခန်းကြီးအား ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ တပ်မတော်မှ ယခုကဲ့သို့ လာရောက်တိုက်ခိုက်လိမ့်မည်ဟုလည်း **KNU** က သုံးသပ်ထားပြီး အခိုင်အမာ ခံစစ်ပြင်ဆင်ထားခဲ့ရာ တိုက်ပွဲမှာ အလွန်ပြင်းထန်လှ၏။ **KNU** တို့၏ အဖြိုရခက်သော သစ်လုံးဘန်ကာကြီးများအား လက်နက်ကြီးများ ပြောင်းထိုးပစ်ခြင်း၊ အနီးကပ်လက်ပစ်ဗုံးများဖြင့် ပစ်သွင်းခြင်း၊ ကားလ်ဂူးစတာလ်လောင်ချာများဖြင့် ဖြိုခွင်းခြင်း စသည်တို့ဖြင့် တစ်လုံးပြီးတစ်လုံး သိမ်းပိုက်ရရှိခဲ့သည်။ **KNU** မှ ဗဟိုကိုဝန်းရံထားသော တပ်မဟာ(၇)၊ အထူးတပ်ရင်း(၁၀၁)နှင့် တပ်မဟာ(၄)၊ တပ်မဟာ(၆)တို့မှ အင်အားစုအချို့ ပါဝင်သော တပ်များက အပြင်းအထန် ခုခံကြသည်။

သို့ရာတွင် သန္နိဋ္ဌာန်စိတ်ဖြင့် တိုက်ပွဲဝင်သော တပ်မတော်တိုက်စစ်ဒဏ်ကို မခံနိုင်တော့ဘဲ ဇန်နဝါရီလ ၂၈ ရက်နေ့ မွန်းလွဲ ၂ နာရီမှ မဲသဝေါစခန်းကြီးတစ်ခုလုံးအား တပ်မတော်မှ သိမ်းဆည်းနိုင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤဒုတိယအကြိမ် မဲသဝေါတိုက်ပွဲကြီး၏ ရန်သူထံမှ အလောင်း ၃၄ လောင်း၊ လက်နက်ငယ်အမျိုးစုံ ၃၆ လက်၊ ၅၇ မီလီမီတာ နောက်ဖွင့် ရိုင်ဖယ်တစ်လက်၊ ကျည်ဆန်အမျိုးစုံ တစ်သိန်းခန့်၊ မိုင်းအလုံး ၁၅၀ ခန့်၊ ဆက်သွယ်ရေးစက် ၅ လုံး၊ မီးစက် ၂ လုံး၊ မော်တော်ဆိုင်ကယ် ၄ စီး၊ ကားအမျိုးစုံ ၃၉ စီး၊ စက်လှေ ၆ စီးနှင့် အခိုင်အမာ အဆောက်အဦကြီးများကိုပါ သိမ်းပိုက်ရရှိလိုက်သည်။

တပ်မတော်မှ ၁၁ ဦး ကျဆုံးပြီး ၆၂ ဦး ဒဏ်ရာရရှိခဲ့၏။ အောင်ပွဲကို အသက် သွေးချွေးများ သူရသတ္တိများနှင့် လဲလှယ်ရယူခဲ့ရ၏။

တိုက်ပွဲကာလအတွင်း ဗိုလ်မြကြ တပ်မဟာ(၇)မှ လှည့်လည်တိုက်ခိုက်ရေး စစ်ကြောင်းမှူး ဗိုလ်မှူးကျော်နီအား မဲသဝေါအား ဝန်းရံတိုက်ခိုက်နေသည့် မိမိစစ်ကြောင်းများအား အရှေ့ဘက်စစ်မျက်နှာမှ လာရောက်ကူညီတိုက်ခိုက်ပေးရန် လိုင်းဘွဲ့၊ ဘားအံ၊ ကော့ကရိတ်၊ မြဝတီတို့အား လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်ရန် မီးရှို့၍ရက မီးရှို့ရန် အကြိမ်ကြိမ် ညွှန်ကြားခဲ့လေသည်။ သို့ရာတွင် တပ်မတော်က ကြိုတင်ပြင်ဆင်မှုများရှိ၍ ကျော်နီသည် ဗိုလ်မြ





ညွှန်ကြားချက်များကို ဘာတစ်ခုမျှ အကောင်အထည် မဖော်နိုင်ခဲ့ချေ။

ဤတိုက်ပွဲကြီး အရေးနိမ့်ပြီး KNU တို့ အရှေ့ဘက်ကမ်းကူးပြေးရသဖြင့် အလွန်ဝင်ငွေကောင်းသော မှောင်ခိုဂိတ်ကြီးတစ်ခု ပိတ်သွားရလေတော့၏။ ဗဟိုနှင့် လက်အောက်ခံစခန်းများမှာလည်း ဆက်သွယ်ရေးပြတ်တောက်သွားလေတော့၏။ KNU တို့အတွက် တပ်မဌာနချုပ် ကျဆုံးသွားသဖြင့် စစ်ရေးရော နိုင်ငံရေးအရပါ ဆုံးရှုံးရသော တိုက်ပွဲကြီး ဖြစ်ပါပေသည်။

တိုက်ပွဲပြီးဆုံးသောအခါ တပ်မတော်မှ မဲသဝေါအား လက်မလွှတ်တော့ဘဲ အခိုင်အမာ တပ်စွဲထားရှိလိုက်လေတော့သည်။

**တတိယအကြိမ်မဲသဝေါတိုက်ပွဲ**

၁၉၈၈ ခုနှစ်အတွင်း မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် အကြမ်းဖက်သောင်းကျန်းမှု မင်းမဲ့စရိုက်များ လွှမ်းမိုး၍ အုပ်ချုပ်ရေးယန္တရားပျက်သုံးပြီး နိုင်ငံရေးမငြိမ်မသက်ဖြစ်နေစဉ် ဗကပ ကွန်မြူနစ်တို့က ရှမ်းပြည်နယ်အရှေ့ပိုင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မိုင်းယန်းကို လည်းကောင်း၊ KNU ကရင်သောင်းကျန်းသူတို့က မဲသဝေါကိုလည်းကောင်း တစ်ချိန်တည်း တစ်ပြိုင်တည်း ချိန်ကိုက်တိုက်ခိုက်ကြတော့၏။

ဤသည်မှာ အပြင်းထန်ဆုံး ရက်အရှည်အကြာဆုံး မဲသဝေါတိုက်ပွဲကြီး ဖြစ်ပေါ်ခဲ့ခြင်းအကြောင်းပါပင်။

KNU တို့သည် လူမျိုးစုသောင်းကျန်းသူ Ethnic Group များဖြင့် ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီ တပ်ပေါင်းစု (မဒတ)အတွင်း ဩဇာသက်ရောက်လာရေး မဟာဗျူဟာ မြောက်စစ်ရေး နိုင်ငံရေး ရည်မှန်းချက်များကို ထားရှိကာ မဲသဝေါကို တိုက်ခိုက်ခဲ့၏။ မဲသဝေါကို သိမ်းပိုက်ရရှိပြီးပါက သထုံ၊ ဘားအံ၊ မော်လမြိုင်စသည့် မြို့ကြီးများအပါအဝင်နှင့် မြစ်ဝကျွန်းပေါ်ဒေသကိုပါ တစ်ဆက်တစ်စပ်တည်း စိုးမိုးရေး၊ ကရင်ပြည်နယ် သီးခြားထူထောင်ရေးတို့ကိုပါ ရည်ရွယ်ခဲ့လေသည်။

**တိုက်ပွဲစတင်ဖြစ်ပွားခြင်း**

၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့

မဲသဝေါစခန်းကြီးတစ်ခုလုံးအား ဒုဗိုလ်မှူးကြီး





သိဟသူရကျော်ညွန့် ဦးစီးသည့် အမှတ်(၇၆) ခြေလျင်တပ်ရင်းက စခန်းထိန်းတာဝန်ယူထားရသည့် အချိန်ကာလ။

တပ်ရင်းတစ်ရင်းလုံးဆိုသော်လည်း တပ်ခွဲတစ်ခွဲမှာ ရှမ်းရွာသစ်ဆီသို့ ခရီးသွားနေရသဖြင့် ထိုအချိန်က မဲသဝေါ၌ တပ်ခွဲ ၄ ခွဲမျှသာရှိ၏။ ထိုတပ်ခွဲလေးခွဲအား မဲသဝေါစခန်းအသီးသီး၌ ဖြန့်ခွဲနေရာချထားရ၏။

စက်တင်ဘာ ၂၇ ရက်နေ့ နံနက်တွင် KNU အင်အား ၆၀၀ ခန့်သည် အုံ့ကျော်ကုန်း၏ ရှေ့ကာ တပ်စုအား လက်နက်ကြီးပစ်ကူများဖြင့် တရစပ် ရုတ်တရက် အတင်းဝင်ရောက်တိုက်ခိုက်ကြတော့၏။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပင် အင်အား ၁၀၀၀ ခန့်က ကဆာနလီကုန်းနှင့် မဲသဝေါပင်မစခန်းကြီးအား လက်နက်ကြီးပစ်ကူများနှင့် အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ KNU တို့သည် မြောက်ဘက်ရှိ ကုန်းများမှ ဝင်ရောက်တိုက်ခိုက်ကြသည်သာမက သောင်းရင်းမြစ်ကြောင်းကို အသုံးပြုပြီး စက်လှေများ၊ မော်တော်များဖြင့် တပ်များစေလွှတ်ကာ မဲသဝေါအား လေးဘက်လေးတန်မှ ဝိုင်းဝန်းတိုက်ခိုက်ကြလေသည်။ ၎င်းတို့၏ အင်အားများမှာ



www.burmeseclassic.com

www.burmeseclassic.com



**KNU** တပ်မ(၁) ကွပ်ကဲမှုအောင်မှ အမာခံတပ်မဟာများ သာမက မဒတတပ်ဖွဲ့များပါ ပါဝင်တိုက်ခိုက်ရာ တိုက်ပွဲ အစပိုင်းမှာပင် အင်အား ၂၀၀၀ ကျော်မျှ ရှိခဲ့လေသည်။

**KNU** တို့က သာလွန်အင်အားနှင့် အငိုက်ဖမ်း တိုက်ခိုက်သောကြောင့် ထိုနေ့မှာပင် အုံ့ကျော်ကုန်း၊ ပွိုင့် ၉၆၂၊ ကဆာနလီကုန်းနှင့် မဲသဝေါပင်မစခန်းကြီးတို့ ကျဆုံး သွားခဲ့ပြီး တပ်ရင်းမှူးနှင့် ရတခလရ(ဂျ၆)အင်အားစုများ မောရလီတောင်ကျောသို့ ခွာစစ်ဆင်ကာ ရန်သူကို ခုခံခဲ့ ကြရ၏။

ဆုတ်ခွာသွားသော ရတခလရ(ဂျ၆)တပ်ဖွဲ့များအား **KNU** တပ်များက မောရလီတောင်ကျော၌ ဝိုင်းပတ်ပြီး တိုက်ခိုက်ကြပြန်၏။ လက်နက်ကြီးများကို မီးသီးမိုးပေါက် ပမာ ပစ်ခတ်ကြ၏။ သို့ရာတွင် ခလရ(ဂျ၆)၏ ကြံ့ကြံ့ခိုင် သော စိတ်ဓာတ်ကြောင့် ရန်သူများ အကြိမ်ကြိမ် ကျားထိုး ကြသော်လည်း ရှေ့တိုးမလာနိုင်ဘဲ နောက်ပြန်ဆုတ်သွား ကြရ၏။ တိုက်ပွဲမှာ ပြင်းထန်လှ၍ နှစ်ဖက်စလုံး အကျအဆုံး များပြားလေသည်။

တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သီဟသူရကျော်ညွန့်မှာ





၁၉၈၆ ခုနှစ် စီစီဝမ်တာပန်တိုက်ပွဲကြီး၌ သီဟသူရစွမ်းရည် ဘွဲ့ကိုရရှိထားရာ သူမသေဘဲ ဤမဲသဝေါဒေသမှ မိမိတပ် များ လုံးဝခွာမသွားစေရဟု ပိုင်းဖြတ်ထားသူဖြစ်၏။

တိုက်ပွဲ အလွန်ပြင်းထန်နေစဉ်ကာလ၌ လက် အောက်မှ ဆုတ်ခွာရန် အကြံပြုရာ "ငါမသေဘဲ လုံးဝ မဆုတ်ရ" ဟု အပြတ်အမိန့်ပေးခဲ့သည်ဟု ဆို၏။

မဲသဝေါဒေသသို့ပထမဦးဆုံးစစ်ကူအဖြစ် အမှတ် (၇၅) ခြေလျင်တပ်ရင်းမှ စစ်ကြောင်းတစ်ကြောင်းနှင့် တပ်ခွဲ သုံးခွဲရောက်ရှိလာသည်။ သို့ရာတွင် **KNU** တို့၏ အင်အား မှာ များပြားရကား စစ်ကြောင်းတစ်ခု တိုးလာရုံမျှဖြင့် ရန်သူ နှင့် ရေရှည်ရင်ဆိုင်ရန်မဖြစ်နိုင်ချေ။ ထိုမျှသာမက မဲသဝေါ ပင်မစခန်းကြီးကျခဲ့ပြီဖြစ်၍ စုပုံရိက္ခာနှင့် ခဲယမ်းများ မီး လောင် ပျက်စီးသွားခဲ့ခြင်းကြောင့် မိမိတပ်များတွင် ရိက္ခာနှင့် ခဲယမ်းများ ပြတ်လပ်ခဲ့လေသည်။ တိုက်ပွဲကာလမှာလည်း အချိန် တစ်ပတ်ခန့်ရှိခဲ့ပြီ။ ရာသီဥတုမှာ မိုးမပြတ်သေးသည့် ကာလဖြစ်၍ မကြာခဏ မိုးရွာလေ့ရှိ၏။ လေယာဉ်ဖြင့် ရိက္ခာချပေးရေးမှာ ကန့်သတ်ချက်များစွာ ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



**တိုက်ပွဲဆင်နွှဲပုံအဆင့်ဆင့်**

မဲသဝေါတိုက်ပွဲဖြစ်ပွားသည်နှင့် အထက်ဌာနချုပ်များမှ အခြေအနေကို စောင့်ကြည့်လျက်ရှိ၏။ အနီးစပ်ဆုံး စစ်ကူပေးရှိရသည့် ခလရ(၇၅)မှ စစ်ကြောင်းတစ်ကြောင်းကို မဲသဝေါသို့ စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။ သို့ရာတွင် ရန်သူနှင့် မိမိအင်အားမှာ များစွာ ကွာခြားနေဆဲဖြစ်၏။ ထို့ပြင် KNU တို့ဘက်မှ စစ်ကူတပ်များလည်း တဖွဲဖွဲစေလွှတ်လျက်ရှိသည်။ မိမိမှ အမှတ်(၃)ခြေမြန်တပ်ရင်းအား ဘားအံ၌ အမြန်စုဖွဲ့ပြီး လှိုင်းဘွဲ့နှင့် ရှမ်းရွာသစ်မှတစ်ဆင့် မဲသဝေါသို့ စေလွှတ်ခဲ့သည်။ လှိုင်းဘွဲ့မှချီတက်ခဲ့သော အမှတ်(၃) ခြေမြန်တပ်ရင်းမှ တပ်ရင်းမှူး မိုင်းထိသွား၍ ဒုတပ်ရင်းမှူးမှ ဆက်လက်ကွပ်ကဲခဲ့၏။ အမှတ်(၃)ခြေမြန်တပ်ရင်းနှင့် အတူ ဒုတပ်မမှူးဦးစီးသော ရှေ့တန်းအမှတ်(၄၄)ခြေမြန်တပ်မဌာနချုပ် နည်းဗျူဟာ(၆၆၂) ခလရ(၇၅)မှ နောက်ထပ် တပ်ခွဲ ၂ ခွဲပါ စစ်ကြောင်းတစ်ကြောင်းနှင့် အမြောက်တပ်ဖွဲ့များ ပါဝင်လေသည်။

မိမိတို့ချီတက်သွားသည့် တပ်ဖွဲ့ကြီးအား KNU တို့က ရှမ်းရွာသစ်နှင့် မဲသဝေါကြား၌ အခိုင်အမာဖြတ်





တောက် တိုက်ခိုက်ကြ၏။ ထို့ကြောင့် ချီတက်မှု ကြန့်ကြာရသည်။ မိမိတို့ စစ်ကူများ မရောက်မီအချိန်မှာပင် ခလရ(၇၆)မှ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သီဟသူရကျော်ညွန့် ရန်သူလက်နက်ကြီး ထိမှန်ကျဆုံးသွားခဲ့လေသည်။ ရှေ့ဖျားမှ ချီတက်လာသော အမှတ်(၃)ခြေမြန်တပ်ရင်းသည် မောရလီတောင်ကြောရှိ မိမိတပ်များကို လက်စတုံးချေမှုန်းနိုင်ရန် KNU တို့က လက်နက်ကြီးများ ဖြိုင်ဖြိုင်ပစ်၍ အင်အားသုံးဖိတိုက်နေချိန်ဖြစ်၏။ ခံစစ်ဆင်နေသော မိမိတပ်များ၌ ရိက္ခာနှင့် ခဲယမ်းများ ကုန်သလောက်ပင် ဖြစ်နေသည်။ စစ်ကူလွှတ်လိုက်သော ခမရ(၃)နှင့် တပ်ခွဲနှစ်ခွဲသည် တိုက်ပွဲကြားထဲ အလိုလိုရောက်ရှိသွားပြီး ပြင်းထန်သောတိုက်ပွဲ၌ ပါဝင်သွားခဲ့၏။ တိုက်ပွဲမှာ တစ်ဖက်နှင့်တစ်ဖက် အလွန်နီးကပ်လှသဖြင့် လုံစွပ်ထိုး၊ လက်ပစ်ဗုံးနှင့် ပစ်ပေါက်ရသည့် အခြေအနေသို့ ရောက်နေသည်။ ထွေးလုံးရစ်ပတ်ဖြစ်နေသည်။ သို့ရာတွင် ခမရ(၃)စစ်ကြောင်းသည် အတင်းတိုးထိုးတိုက် ခိုက်၍ ခဲယမ်းရိက္ခာများနှင့် မောရလီသို့ အချိန်မီ ရောက်ရှိသွား၏။ ခမရ(၃)သာ အချိန်မီမရောက်ပါက မောရလီအား ရန်သူမှ ရရှိသွား



www.burmeseclassic.com

www.burmeseclassic.com



နိုင်သည်။ မောရလီ ကျဆုံးသွားပါက မဲသဝေါဒေသ တစ်ခုလုံး **KNU** တို့လက်သို့ လုံးဝ ကျရောက် သွားပေတော့မည်။

မောရလီသို့ ခမရ(၃)စစ်ကြောင်းရောက်ရှိသွားချိန်၌ ခလရ(၇၅)တပ်ရင်းမှာ ထိခိုက်ဒဏ်ရာရသူများ အလွန်များနေသဖြင့် တိုက်ခိုက်မှုအင်အား တစ်ဝက်ပင်မရှိတော့။ အလားတူပင် စစ်ကူသွားသည့် ခမရ(၃)စစ်ကြောင်းနှင့် တပ်ခွဲနှစ်ခွဲမှာလည်း မောရလီတိုက်ပွဲအပြီး၌ တိုက်ပွဲဝင်နိုင်သည့်အင်အားမှာ ငါးဆယ်တစ်ယောက်သာ ကျန်ရှိတော့၏။ တိုက်ပွဲကာလမှာ အချိန်နှစ်ပတ်ခန့် ကြာမြင့်ခဲ့ပြီး ဖြစ်သည်။ ထိုအချိန်၌ မဲသဝေါဒေသသို့ အမှတ်(၄၄) ခြေမြန်တပ်ဌာနချုပ်နှင့်အတူ ခမရ(၄)၊ ခမရ(၆)၊ ခမရ(၇)၊ ခလရ(၇၈)၊ ခလရ(၈၀)၊ ခလရ(၈၁)၊ ခလရ(၈၂)တို့ ရောက်ရှိခဲ့ရလေသည်။ ထိုတပ်များဖြင့် ကျဆုံးသွားခဲ့သော ဒေသများအား ပြန်လည်တိုက်ခိုက်ရန် စုဖွဲ့ပြင်ဆင်ခဲ့လေသည်။





**မဲသဝေါအား ပြန်လည်တိုက်ခိုက်ခြင်း**

မဲသဝေါအား ပြန်လည်တိုက်ခိုက်ရန် ပြင်ဆင်ရာ၌ ရိက္ခာထောက်ပံ့မှုကိစ္စ အလွန်အရေးကြီးပေသည်။ လူ၊ သက်နက်ခဲယမ်း ရိက္ခာများ ဖြည့်တင်းနိုင်ရန်အတွက် လှိုင်းဘွဲ့၊ ရှမ်းရွာသစ်၊ ပွိုင့်(၈၆၅)အထိ ကားလမ်းများ ဖောက်လုပ်ခဲ့ရ၏။ အမြောက်ကျည်ဆန်များနှင့် ခဲယမ်းရိက္ခာများလည်း စုပုံခဲ့ကြရ၏။ နိုဝင်ဘာလတွင် မိမိတပ်များသည် သွေးတိုးစမ်းတိုက်ပွဲများကို စတင်ဆောင်ရွက်ခဲ့၏။ **KNU** တို့သည် ပွိုင့်-(၁၇၆၆) ကုန်း၊ အံကျော်ကုန်း၊ ကဆာနလီကုန်း၊ မဲသဝေါပင်မစခန်းနှင့် ပွိုင့် (၁၆၈၂) တို့၌ အခိုင်အမာ နေရာယူထားကြ၏။ **KNU** တို့တွင် တပ်မ(၁)၏ အမာခံတပ်မဟာများသာမက မဒတတပ်ဖွဲ့ဝင်များ၊ တောခိုကျောင်းသား **ABSDF** များ ပါဝင်လေသည်။

**KNU** တို့သည် မဲပေါင်ချောင်း၊ သောင်ရင်းမြစ်ဆုံနေရာမှ ပွိုင့် (၈၆၅) နှင့် မောရလီတောင်ကြောကို ဖြတ်ဆောက်ရန်အတွက် အင်အား ၁၅၀ ခန့်ဖြင့် တက်ရောက်လာခဲ့ကြသည်။ ပွိုင့် (၈၆၅)နှင့် မောရလီအား ပိုင်းခြားရန် ကြိုးစားခြင်းဖြစ်၏။ ဤတောင်ကြောသာ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်သွားပါက မောရလီမှ KNU တို့သည် ညစဉ် ညတိုင်းလေထီးမီးကျည်များအား ကဆာနလီတောင်ထိပ် မှ ပစ်ပြုပြီး မဒတအဖွဲ့များနှင့် တောခိုကျောင်းသားများ ၏ စိတ်ဓာတ်မြင့်တက်စေရန် ဆောင်ရွက်ပေးလျက်ရှိ၏။

**မဲသဝေါအားပြန်လည်သိမ်းပိုက်ရရှိခြင်း**

၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် စစ်ဆင်ရေးအထူးအဖွဲ့မှ အဖွဲ့မှူး ဗိုလ်ချုပ်မောင်လှသည် ရွှေတန်းကွပ်ကဲမှု ဌာနချုပ် ပွိုင့် (၈၆၅) သို့ ရောက်ရှိလာ ၏။ ရန်သူကို ရင်ဆိုင်ထားသည့် တပ်များအားလုံးအား ပြန်လည် ထိုးစစ်ဆင်ရန် ညွှန်ကြားလေတော့သည်။

ပွဲဦးထွက်တိုက်ပွဲအနေဖြင့် ခမရ (၄) နှင့် ရင်ဆိုင် ထားသည့် မောရလီနှင့် ပွိုင့် (၈၆၅) ကြားတွင်ရှိသော ရန်သူကို စတင်ရှင်းလင်းတိုက်ခိုက်လေသည်။ တိုက်စစ် ကို ခမရ (၃) အား တာဝန်ပေးခဲ့သည်။ ခမရ (၃) သည် လူအင်အား ၅၀ ခန့်သာ ကျန်ရှိသော်လည်း စိတ်ဓာတ် ကောင်းကောင်းဖြင့် တိုက်ပွဲဝင်ခဲ့၏။ အမြောက်ပစ်ကူ ပြင်းထန်စွာဖြင့် ချေမှုန်းရေးတိုက်ပွဲဆင်နွှဲရာ ညနေ ၃





နာရီတွင် တိုက်ပွဲစတင်ခဲ့ပြီး ၅ နာရီ၌ ရန်သူ့နေရာအားလုံး ကို သိမ်းပိုက်ရရှိပြီး ရန်သူများ မဲပေါင်ချောင်းဝသို့ ဒရော သောပါး ဆင်းပြေးခဲ့ကြ၏။ အလောင်း၊ လက်နက်များ ကျန်ရစ်ခဲ့လေသည်။ တပ်မတော်၏ တုံ့ပြန်ထိုးစစ် ပထမ ဦးဆုံးတိုက်ပွဲတွင် ရန်သူများ စိတ်ဓာတ်ပျက်ပြားပြီး အလောင်းလက်နက်များ မကောက်နိုင်ဘဲ ထွက်ပြေးကြ ခြင်းဖြစ်ရာ တိုက်ပွဲ၏အလှည့်အပြောင်းကို ဖြစ်ပေါ်စေခဲ့ သည်။ ပထမဦးဆုံးအကြိမ် အောင်ပွဲရရှိပြီးသော မိမိတို့ တပ်များသည် ပွိုင့် (၁ရရ၈)၊ အုံ့ကျော်ကုန်း၊ ကဆာနလီ တောင်ကြောနှင့် မဲသဝေါပင်မစခန်းကြီးတို့အား တပ်ရင်း (၅)ရင်းဖြင့် ဆက်လက်တိုက်ခိုက်ရာ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ လ ၂၃ ရက်နေ့တွင် မဲသဝေါဒေသတစ်ခုလုံးအား တပ်မတော်မှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့မှ စတင်ဖြစ် ပွားခဲ့သော မဲသဝေါဒေသတိုက်ပွဲသည် ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်နေ့တွင်မှ ပြီးဆုံးသွားရာ စုစုပေါင်း ၈၅ ရက်ကြာမြင့်ခဲ့သဖြင့် တပ်မတော်၏တိုက်ပွဲသမိုင်းတွင် အရှည်ကြာဆုံးနှင့် တပ်မတော်သားတို့၏ စွမ်းရည်သတ္တိ

www.burmeseclassic.com



ကို အပြနိုင်ဆုံးတိုက်ပွဲကြီးတစ်ပွဲ၌ အပါအဝင်ဖြစ်ခဲ့လေသည်။

**တပ်မတော်(လေ)မှပါဝင်တိုက်ခိုက်မှု**

တတိယအကြိမ် မဲသဝေါတိုက်ပွဲကြီး ဖြစ်ပွားချိန်၌ ရာသီဥတုမှာ မိုးမပြတ်သေးပေ။ ကောင်းကင်တွင် မိုးတိမ်များ ထူထပ်စွာရှိနေဆဲဖြစ်၏။ မဲသဝေါပင်မစခန်းကြီး ကျဆုံးသွားပြီး မိမိတပ်များ မောရလီတောင်ကျော၌ စု၍ ခံနေရပြီး ရန်သူအင်အားစုများက ဝိုင်းပတ်တိုက်ခိုက်နေချိန်၌ အထက်ဌာနများမှ လေကြောင်းပစ်ကူများပေးရန် စီစဉ်ခဲ့ကြ၏။ သို့ရာတွင် မဲသဝေါဒေသသည် ထိုင်းနိုင်ငံနယ်စပ်နှင့် အလွန်နီးကပ်သဖြင့် လေကြောင်းပျံသန်းမှုများကို အထူးကန့်သတ်ထားရလေသည်။ အောက်တိုဘာလ ၆ ရက်နေ့တွင် တပ်မတော်လေမှ ပီစီလေယာဉ်လေးစင်းသည် ပထမဦးဆုံးအချိန် မဲသဝေါဒေသသို့ ပျံသန်းပြီး ရန်သူလက်နက်ကြီးများထားရှိသည့် အံကျော်ကုန်းအား အဓိကထား၍ စတင်ပုံးကြဲတိုက်ခိုက်လေတော့သည်။ အောက်တိုဘာလ ၇ ရက်နေ့တွင် ပို့ဂ်င့် (၈၆၅)






၁၉၈၈ - မဲသဝေါတိုက်ပွဲကာလက တပ်မတော်
အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးစောမောင်

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၈ – မဲသဝေါတိုက်ပွဲ၌ မိမိအသက်ကိုစွန့်လွှတ်၍ မောရလီတောင်ကြောတွင်မဆုတ်တမ်းခံစစ်ဆင်သွားသည့် ခလရ (၇၆) တပ်ရင်းမှူး ဒုတိယ်မှူးကြီး သီဟသူရ ကျော်ညွန့်



နှင့် ရှမ်းရွာသစ်အကြား မိမိစစ်ကြောင်းများကို ဖြတ်တောက်ပိတ်ဆို့ထားသည့် ရန်သူများကို ပုံးကြဲတိုက်ခိုက်ခဲ့ကြ၏။ ထိုအချိန်က မဲသဝေါဒေသတွင် တိမ်များထူထပ်ပြီး မြူနှင်းများပါ ကျဆင်းလျက်ရှိသဖြင့် ခက်ခက်ခဲခဲတိုက်ပွဲခဲ့ကြရ၏။ ဤတိုက်ပွဲတွင် တပ်မတော်လေမှ တိုက်လေယာဉ်များသည် ကင်းထောက်ပျံသန်းခြင်း အနီးကပ်လေကြောင်းထောက်ကူပေးခြင်းများကို ဆောင်ရွက်ခဲ့၏။ အလားတူပင် ဘဲလ်ရဟတ်ယာဉ်များဖြင့် လူနာသယ်ပို့ခြင်းတို့ကို ဆောင်ရွက်ခဲ့၏။ တိုက်ပွဲအစပိုင်းကာလများ၌ မိမိတို့နောက်ဆုံးခံစစ်မောရလီကုန်းကျဆုံးမသွားအောင် တပ်မတော်လေမှ ရန်သူတို့ အဓိက နေရာယူထားသော တောင်ကုန်းများကို ပုံးကြဲချခြင်း၊ စက်သေနတ်များ၊ **Rocket** များဖြင့် ပစ်ခတ်ချေမှုန်းပေးခြင်း ပြုလုပ်ခဲ့သဖြင့် မိမိခံစစ်ယူနေခဲ့သော တပ်များမှာ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ရန်သူဖိအားလျော့ပါးသွားခဲ့ရသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



### ကျွန်တော်သိသော မဲသဝေါ

၁၉၈၈ ခုနှစ်က ရက်ပေါင်း ၈၅ ရက်ကြာအောင် KNU နှင့် မိမိတပ်မတော်တို့ ဘတစ်ပြန် ကျားတစ်ပြန် တိုက်ခိုက်၍ နာမည်ကြီးခဲ့သော မဲသဝေါသို့ ၁၉၉၂ ခုနှစ်နွေမှ ကျွန်တော် ရောက်ဖူးတော့သည်။

၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလတွင် တောင်ပိုင်းတိုင်း ကျိုဝမ်းဘ၀မှ အမှတ် (၃၃) ခြေမြန်တပ်မ၌ ယာယီနည်းဗျူဟာမှူးအဖြစ်သို့ ခန့်အပ်ခံရသော ကျွန်တော်သည် KNU ဗဟို မာနေပလောအား တိုက်ခိုက်ရန် တိုက်ပွဲဝင်တပ်များနှင့်အတူ ရှေ့တန်းသို့ အဆောတလျင် ချီတက်ခဲ့ရင်း ဘားအံတွင် စစ်ဆင်ရေး **Briefing** ပြုလုပ်ကာ ကျွန်တော်နှင့် တပ်မ (၃၃) မှ နည်းဗျူဟာနှစ်ခု KNU ဗဟို၏ တောင်ခြမ်းဘိနနေ်တ ဒေသသို့ ဝင်ရောက်တိုက်ခိုက်ရလေတော့သည်။

အချိန်ကား ၁၉၉၂ ခုနှစ် မတ်လ တတိယပတ်ဖြစ်သည်။ တိုက်ပွဲများ ကနဦးအစပိုင်း၌ ကျွန်တော်တို့တပ်များသည် ရည်မှန်းချက်များကို ခက်ခက်ခဲခဲ တိုက်ခိုက်သိမ်းပိုက်ရ၏။ KNU တို့က ခံစစ်များအား ဆက်





သွယ်ရေးမြောင်း **Trench** အရှည်ကြီးတူးကာ ခံစစ်ကျင်းအရှည်ကြီးများထဲမှ ခုခံကြ၏။ **Line Defence** ယူထားခြင်းဖြစ်သည်။ ကျင်းရှည်ကြီးမှာ သောင်းရင်းမြစ်မှသည် အနောက်ဘက် ဒေါနတောင်တန်းများပေါ်အထိ နှစ်မိုင်သုံးမိုင်ခန့်ရှိသည်ဟု ထင်ရ၏။ အကျယ်နှစ်ပေခွဲခန့် ရှိပြီး အနက်မှာ လေးပေသာသာရှိပေသည်။ ရန်သူ၏ အားထုတ်မှုကို ကြည့်၍ အတော်ပင်လေးစားသွား၏။ ဤမျှ ရှည်လျားသော ကျင်းအရှည်ကြီးမျိုး **Line Defence** မျိုး ကျွန်တော်၏ တစ်သက်၌ တစ်ခါမှ မတွေ့ဘူးသောကြောင့် ဖြစ်ပါ၏။

ကျွန်တော့်ဗျူဟာသည် မတ်လနောက်ဆုံးပတ်၌ ဘိနပထမခံစစ်စည်းအား အောင်မြင်စွာ သိမ်းပိုက်ရရှိခဲ့၏။

''ကဲ ... ဗျူဟာမှူးလေး ပထမအောင်ပွဲအတွက် ကွန်ဂရက်ကျူလေးရှင်းပါ။ ဒုတိယ ရည်မှန်းချက်ကို ဆက်လုပ်ပါဦး''

ပထမခံစစ်စည်းအား ရရှိပြီးနောက် နောက်ခံစစ်အား ဆက်လက်တိုက်ခိုက်ရန် ဒုတပ်မမှူး ဗိုလ်မှူးကြီးကျော်ဝင်းကိုယ်တိုင် ဘိနစခန်းသို့ ရောက်ရှိလာပြီး ညမှ



www.burmeseclassic.com

www.burmeseclassic.com



ကြားလာ၏။

ပြီးပထမပတ်တွင် ကျွန်တော့်ဗျူဟာမှ သောင်ရင်းမြစ်နှင့် ကပ်နေသော နောက်တခံစစ်ကို စတင်တိုက်ခိုက်ဖြစ်သည်။ နော်တခံစစ်ကုန်းမှာ တောင်မြောက်အလျားလိုက်ရှိနေသော တောင်ကုန်းဖြစ်၏။ ဘိနနှင့် နော်တကြားတွင် ကွင်းပြန့်တစ်ခုရှိလေသည်။ **KNU** တို့က ထိုကွင်းပြန့်အား အပြောင်ရှင်းကာ နင်းမိုင်းများအပြည့်ခင်းထားသည်။ ကျွန်တော်၏ တိုက်ပွဲဝင်တပ်များက မိုင်းရှင်းပြီးနောက် ခံစစ်အား ချဉ်းကပ်တိုက်ခိုက်ရာ ခံစစ်ခြံစည်းရိုး ငါးထပ်ကာရံထားသဖြင့် ခြံစည်းရိုးသုံးထပ်သာ ပေါက်၍ တိုက်ပွဲဝင်စစ်သည်များ အတော်များများ ကျဆုံးပြီး တပ်ဆက်ပြတ်၍ ပထမတိုက်စစ် လန်ကျသွားခဲ့ရ၏။

ဒုတိယတိုက်စစ်အား ပြီးဒုတိယပတ်၌ ကျွန်တော်ကိုယ်တိုင် အနီးကပ်လိုက်ပါပြီး တိုက်ခိုက်ခဲ့၏။ ခြံစည်းရိုးငါးထပ်လုံးဖောက်နိုင်သည်။ နော်တကုန်းထိပ်ပိုင်းကို ရလိုက်သည်။ တိုက်ပွဲဝင်တပ်များ ပျော်မြူးနေကြ၏။ သိပ်ကြာလိုက်ပါ **KNU** အဖွဲ့များက လုံးဝမထင်ထားသည့် မြေအောက်ဥမင်လိုဏ်ခေါင်းများထဲမှ ထွက်လာပြီး အနီး





ကပ် ပစ်ခတ်ကြရာ တိုက်ပွဲခေါင်းဆောင်အရာရှိနှင့် တပ်သားများ နော်တကုန်းထိပ်မှာပင် ကျဆုံးသွားကြ၍ ဒုတိယအကြိမ် နော်တတိုက်စစ် ပျက်ခဲ့ရသည်။ နောက်မှ တပ်စုက တပ်ဆက်ပြတ်ပြီး ပါမသွားခဲ့၍ ထိုအရှိန်ကို မထိန်းနိုင်ဘဲ နော်တကို လက်လွှတ်လိုက်ရပြန်၏။

ထိုညက ကျွန်တော် ကောင်းကောင်းအိပ်မပျော်ခဲ့။ မကျေစာဘူး စစ်သားကြီးတန်မဲ့ မျက်ရည်ကျခဲ့ရ၏။

မကျေမနပ်နှင့် နော်တတိုက်စစ် တတိယအကြိမ်ပြန်စရန် စီစဉ်၏။ ဒီတစ်ခါတော့ ရှေ့က **Frontal Attack** မလုပ်ဘဲ ဘေးကနဂါးပတ်စစ်ဆင်ရန် စီမံထား၏။

"ဗျူဟာမှူးကလေး ... မောင်ရင့် နဂါးပတ်တိုက်စစ်ကို သောင်ရင်းမြစ်ဘက်က ခွင့်မပြုဘူး။ ဟိုဘက်နဲ့ သိပ်နီးတယ်"

တပ်မမှူးက ဆက်သားလွှကြဲဖြင့် စာလှမ်းပို့သည်။

ကျိတ်မနိုင် ခဲမရဖြစ်ခဲ့၏။ နော်တတိုက်စစ် တတိယအကြိမ် စီစဉ်နေစဉ်မှာပင် နိုင်ငံတော်က ငြိမ်းချမ်းရေး တံခါးဖွင့်လိုက်သဖြင့် တိုက်စစ်အားလုံးကို ရပ်ဆိုင်းလိုက်ရ၏။



www.burmeseclassic.com

အချိန်က ၁၉၉၂ ခုနှစ် ဧပြီ စတုတ္ထပတ်။

"ကဲ ... ဗျူဟာမှူးလေး ... စစ်ဆင်ရေးရပ်လိုက်ပြီး ဒီမှာ မောင်ရင်နဲ့ သုံးရင်းချန်ခဲ့မယ်။ ဒို့အားလုံး ဒီကခွာမယ်။ ခံစစ်အပီအပြင်လုပ်ထားပြီး ရထားတဲ့နေရာတွေ ထိန်းထား။ ဘားအံက တပ်တွေလာလဲလိမ့်မယ်။ အဲဒီကျမှ ပြန်ခဲ့တော့"

ဒုတပ်မမှူးမှ ဘိနသို့ ရောက်လာပြီး အထက်ဓါ ညွှန်ကြားချက်ကို ပေးပြီး ပြန်လည်ထွက်ခွာသွားတော့၏။

ရှေ့တန်းစစ်မျက်နှာတစ်ခုလုံး ခံစစ်ပြင်ရတော့သည်။ မန္တလေး မျက်ပါးရပ် တပ်ရင်း၊ ပုသိမ်ပြီးတပ်ရင်းနှင့် မုံရွာတပ်ရင်း သုံးရင်းဖြင့် ဘိနက စစ်နယ်ဝှမ်းကြီးတစ်ခုလုံး ခံစစ်ယူရတော့၏။

ကျွန်တော်တို့က တိုက်စစ်ရပ်လိုက်သော်လည်း ရန်သူဘက်ကမူ မရပ်ပါ။ နေ့စဉ် တရစပ် လက်နက်ကြီးများ ပစ်သည်။ ၁၀၇ မီလီမီတာ ရော့ကက်ကြီးများကို နေ့စဉ်ပစ်သည်။ ထို့ကြောင့် ကျွန်တော့်တပ်များ နေ့စဉ်အတိုက်အခိုက်ခံနေရ၏။ သူများမပြောပါနှင့် ဗျူဟာမှူးကြီး ကျွန်တော်ပင်လျှင် ၁၀၇ မီလီမီတာ ဗုံးစံလာမှန်ရာ

မြရတနာစာပေ



ခေါင်းမမှန်ဘဲ ခေါင်းအုံးအိပ်နေသည့် Container ဗုံးခွံ ဘာမှန်ရာ ကံကောင်း၍ မာလက ချာန်ကြွသွားမည့် အရေးမှ ဝေးခဲ့ရ၏။

မေလဆန်း၌ ရန်သူတို့ တန်ပြန်တိုက်စစ်က ပိုပြင်းထန်လာသည်။ ရေကလည်း ရှားလှ၏။ သောင်ရင်းမြစ်ရေ သွားခပ်လျှင်လည်း KNU လက်ဖြောင့်သေနတ်သမားများလက်ချက်ကြောင့် အထိအခိုက်များက နေ့တိုင်းနီပါး ဖြစ်နေ၏။ ဘာမှမလုံခြုံ။ ထို့ကြောင့် ဦးစီးအရာရှိများနှင့် ညှိနှိုင်းကာ ကျွန်တော့်ဗျူဟာရုံးကို ရေပေါပေါများများရမည့် ပွိုင့် (၉၆၂) ကုန်းသို့ ရွှေ့ရတော့သည်။ ပွိုင့် (၉၆၂) ကုန်း အောက်ခြေရှိ ရေချောင်း၌ အလွန်ကြီးမားသော ရေထွက်ကြီးရှိသည်။ မြေအောက်ငုပ်လျှိုးနေရာမှ ဘွားခနဲ အချင်း သုံးလေးပေခန့်ရှိသည့် ရေလုံးကြီး မြေအောက်မှ ပန်းထွက်နေခြင်းဖြစ်ရာ ရေကိစ္စအလွန်ပင် အဆင်ပြေသွားတော့၏။

"အဘ ... ဒီနေရာက မဲသဝေါနဲ့ တော်တော်နီးတယ်ခင်ဗျ"

"ဟေ"

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



စစ်သည်များက သတင်းပို့ကြသဖြင့် ပို့င့် (၉၆၂
မှ မဲသဝေါသို့ ကျွန်တော် သွားခဲ့သည်။ ထိုအခါကျ
နာမည်ကျော် မဲသဝေါအား ရောက်ဖူးတော့၏။

"အဘ ... အဲဒါ ဗိုလ်မှူးကြီး သီဟသူရကျော်
ညွှန့်ကျသွားတဲ့ မောရလီတောင်ကုန်းကြီးဗျ"

"ဪ"

မဲသဝေါအသွားလမ်း၌ မဲသဝေါတိုက်ပွဲကြီး၌
ကျဆုံးခဲ့ကြသော KNU တို့၏ လက်ဝါးကပ်တိုင်များ စိုက်
ထူထားသည့် သင်္ချိုင်းကုန်းနှင့် ကျွန်တော်တို့ မြန်မာ
တပ်မတော်မှ စစ်သည်များ၏သင်္ချိုင်းကုန်းအား တစ်ခုနှင့်
တစ်ခု မလှမ်းမကမ်းမှာပင် တွေ့ရ၏။ ညီနောင်သွား
သွေးရင်းသားရင်းတွေက သေကြတော့လည်း မလှမ်း
မကမ်း။ အားလုံးအတွက် စိတ်မကောင်းဖြစ်ခဲ့မိပါသည်။

မဲသဝေါရွာကြီးရောက်တော့ အားလုံးကို လှည့်
ပတ်ကြည့်ဖြစ်၏။ တစ်ဖက်ကမ်းမှ သွပ်မိုးအိမ်များနှင့် ထိုင်း
တို့၏ ဒါယောင်ယမ်ရွာကြီးကို လှမ်းမြင်ရသည်။ အရှေ့
ဘက်ကမ်း၌ စက်လှေများ အများအပြားတွေ့ရ၏။ ထိုင်း
တို့၏ အဖြူ၊ အနီ၊ အပြာကြား အလံလွှင့်ထူထားသည်





ကိုလည်း မြင်ရ၏။

မဲသဝေါတွင်ကား ကျွန်တော်တို့တပ်စခန်းနှင့်
ရှေးယခင်က သွပ်မိုးအိမ်ကြီး အိမ်ကောင်းအချို့နှင့် သွပ်
မိုးဘုန်းကြီးကျောင်းကြီးကိုပါ တွေ့ရသဖြင့် တစ်ရံရော
အခါက ရွာကြီးတစ်ရွာဖြစ်ခဲ့ကြောင်း အထိမ်းအမှတ်များ
ပါပေ။ မြေပြန့်လွင်ပြင်နှင့် ရင်းပိုင်ချောင်းမှာ မနီးမဝေး
တွင် ရှိသဖြင့် စိုက်ပျိုးရေးလည်း ဖြစ်ထွန်းခဲ့သည်မှာ ယုံမှား
သံသယဖြစ်စရာမရှိပါပေ။

၁၉၉၂ ခုနှစ် မေလ ဒုတိယပတ်၌ ဘိနနော်တ
နှင့် မဲသဝေါဒေသမှ ကျွန်တော်တို့တပ်များ ပြန်လည်
ထွက်ခွာလာခဲ့ရာ တိုက်ပွဲသံသောသောညံခဲ့သော ဒေသ
ကြီးတစ်ခုလုံး ဘာမှမဖြစ်ခဲ့သလိုပါပေ။

"ကဲ ... နေရစ်ခဲ့ဦးတော့ သံလွင်၊ သောင်ရင်း
နဲ့ ဘိနနော်တ၊ မဲသဝေါတို့ရေ ... ဒို့တာဝန်တော့ ကျေ
ပါပြီ"

နှုတ်မှ တိုးတိုးရေရွတ်ပြီး ထိုဒေသမှ ထွက်ခွာခဲ့
ပါသတည်း။

ဤသည်မှာ ကျွန်တော်သိသော မဲသဝေါပါခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com



**မဲသဝေါတိုက်ပွဲနှင့် ပတ်သက်၍**

ကျွန်တော်သည် သုံးလနီးပါးကြာမြင့်ခဲ့သော ၁၉၈၈ ခုနှစ်က မဲသဝေါတိုက်ပွဲကြီးတွင် မပါဝင်ခဲ့ပါ။ မဲသဝေါကို ၁၉၉၂ ခုနှစ် မာနေပလောထိုးစစ်ဆင်ချိန်မှ ရောက်ဖူးခြင်း ဖြစ်သည်။ ရောက်သည့်အခါတွင်မူ အလွန်နာမည်ကြီးခဲ့သော မဲသဝေါဒေသအား မျက်ဝါးထင်ထင် ရှုမြင်၍ ကိုယ့်ဟာကိုယ် စစ်ရေးသုံးသပ်ခဲ့၏။

မြန်မာနိုင်ငံမှ သောင်းကျန်းသူများထဲတွင် ဗကပ ခေါ် B.C.P ခေါ် ကွန်မြူနစ်များနှင့် KNU ခေါ် ကရင်သောင်းကျန်းသူတို့သည် အင်အားအကောင်းဆုံး၊ သောင်းကျန်းမှု သက်ဆိုးအရှည်ဆုံးပင်။ ဗကပတို့က ဝါဒရေး၊ KNU တို့က လူမျိုးရေး၊ သူတို့တစ်တွေ သက်ဆိုးရှည်ကြရသည့် အကြောင်းတရားထဲ၌ အလွန်အဓိက ကျသော အကြောင်းတစ်ချက်မှာ **Geo-politics** ပထဝီနိုင်ငံရေး သို့မဟုတ် **Geographical Situation** ခေါ် ပထဝီအနေအထားကြောင့်ပါပေ။

ဗကပတို့က အရှေ့မြောက်စစ်ဒေသကို ၁၉၆၈





ခုနှစ်၌ ဖွင့်လှစ်ပြီး သူတို့အား ရာနှုန်းပြည့် လူ၊ လက်နက်၊ ငွေကြေး လိုလေသေးမရှိ ကူညီသော အစ်ကိုတော် ခေါက်ဖော်ပါတီကြီးကို လုံးဝ မှီခိုကာ နိုင်ငံတော်ကို အံတုခဲ့သည်။ လက်နက်ကိုင် တော်လှန်ရေးအတွက် အစစအရာရာ နောင်တော်ကြီးက ဖြည့်ဆည်းပေးခဲ့သည်။ ယုတ်စွအဆုံး နောင်တော်ကြီးက ညီလေးတွေအတွက် မိန်းမပင်ရှာပြီး ပေးစားခဲ့သည်။

"မင်းတို့တော်လှန်ရေးက ကြာချင်ကြာမယ်၊ အသက်တွေ သိပ်ကြီးပြီး အိုသွားဦးမယ်။ အသက်တွေ သိပ်မကြီးခင် မိန်းမယူချင်ရင် ယူကြ။ မင်းတို့နိုင်ငံအတွင်းထဲလည်း ပြန်ချင်မှ ပြန်နိုင်ဦးမယ်။ မင်းတို့နိုင်ငံက မိန်းမယူလို့မရရင် ဒို့ဆီက အမျိုးသမီးတွေ ယူချင်ရင် ခွင့်ပြုမယ်။ ခွင့်ပြုတယ်။ ယူပါ"

ဟုဆိုကာ စည်းရုံးသိမ်းသွင်းခဲ့သည်။ သူတို့ဆီက ရှမ်းကွမ်းလန်းမများနှင့် ပေးစားခဲ့သည်။ သိတဲ့အတိုင်း ဆိုခင်ဗျာ။ ပေါက်ဖော်မများက အသားက ဖြူဖြူ၊ ဖွံ့ဖွံ့ဖြိုးဖြိုး၊ အလုံးအထည်က ကြီးကြီး၊ အဲ . . . အချက်အပြုတ်ကလည်း ကောင်းဆိုတော့ ဗမာကွန်မြူနစ်လူကြီးမင်းများ



www.burmeseclassic.com

www.burmeseclassic.com



သွားရည်တမြားမြားကျကာ ဟောတစ်ယောက် ... ဟော တစ်ယောက် ပေါက်ဖော်မများနဲ့ ရကုန်ကြတော့၏။ ဆွေမျိုး ပေါက်ဖော်တွေ ဖြစ်ကုန်ကြ၏။ ဦးတည်ဘွား၏ သား သမက်များ ဖြစ်ကုန်ကြ၏။

ဤသို့ မိန်းမကအစ အထောက်အပံ့ရခဲ့ကြသဖြင့် ဗမာကွန်မြူနစ်များ သက်ဆိုးရှည်ကြတော့၏။ ပြောက်ကျား ပါရဂူကြီး မော်စီတုန်း ကွယ်လွန်ပြီး နောင်တော်ပါတီကြီး သဘောထား ပြောင်းသွားမှ ကွန်မြူနစ်တို့ စစ်ရှိန်း လျော့ကျသွားပေတော့သည်။ သို့ရာတွင် လူတွေ အာဃာတရေး မာန်မလျော့သေး။ နောက်ဆုံး၌ ငြိမ်းခါနီး ထတောက်သည့် ဖယောင်းတိုင်ပမာ မိုင်းယန်းတိုက်ပွဲ ထတိုက်လိုက်ရာ အကျအဆုံး အလွန်များပြားပြီး တိုက်ပွဲ ဝင် တိုင်းရင်းသား ဗကပ ဝစစ်သားများ မကျေမနပ် ဖြစ်ကြ၍ ထတော်လှန်ကြသဖြင့် ပါတီတစ်ခုလုံး ဖုံးဖုံး လဲရတော့၏။

မည်သို့ဆိုစေ ၁၉၄၈ ခုနှစ်မှ လက်နက်ကိုင် တော်လှန်ရေးလမ်းစဉ်လိုက်ခဲ့သည့် ဗကပများ ၁၉၈၉ ခုနှစ်ထိ အနှစ် ၄၀ ကျော်ကြာအောင် ရပ်တည်နိုင်ခဲ့ကြ





ခြင်းမှာ ပထဝီအနေအထားအရ တစ်ဖက်နိုင်ငံနှင့် ဆက် စပ်နေခြင်းသည် **Main Factor** ကြီးတစ်ခု ဖြစ်ခဲ့ပါသည်။

အလားတူပင် **KNU** များသည်လည်း သံလွင်နှင့် သောင်းရင်းကို အမှီပြုပြီး တစ်ဖက်နိုင်ငံကို မှီခိုကာ လှုပ် ရှားခဲ့ကြသဖြင့် သက်ဆိုးရှည်ခဲ့ကြ၏။ ၁၉၄၉ ခုနှစ် ကရင်သောင်းကျန်းမှု ပေါ်ပေါက်ချိန်မှစပြီး ၁၉၈၈ ခုနှစ် မဲသဝေါတိုက်ပွဲကာလ အနှစ် ၄၀ ကြာအောင် သက်ဆိုး ရှည်ခဲ့ရခြင်းကလည်း အထက်ပါအတိုင်း ပထဝီအနေအထား က အဓိကကျခဲ့ပါသည်။ ဒီက တစ်ခုခုလုပ်မည်ကြံတိုင်း သူတို့က ဟိုဘက်ကို လှစ်ခနဲ ပြေးဝင်သွားကြ၏။ မြစ် ဆော့လိုက်သည်နှင့် ဟိုဘက်ရောက်သွား၏။ မြစ်တောင် သူ့ဘက် ကိုယ့်ဘက် နယ်နိမိတ်အလယ်က ခြမ်းထားခြင်း ဖြစ်သည်။ ထို့ကြောင့် တစ်ဝက်စီ ပိုင်သည့်။ စခန်းတွေ အားလုံး မြစ်ကမ်းနဖူးမှာ၊ စဉ်းစားသာ ကြည့်ကြပါတော့။

ထိုအခြေအနေမျိုး၌ မဲသဝေါကို ပြန်တိုက်ခဲ့ကြ သည့် တိုက်ပွဲဝင်သူအားလုံး မည်မျှ ခက်ခဲကြရသည် ကို ကျွန်တော်ကိုယ်တိုင် နော်တတိုက်ပြီး အပြန်၌ မျက်ဝါး ထင်ထင် မြင်ခဲ့ရ၏။ ကျွန်တော် တိုက်ခဲ့ရသည်က ပွင့်



www.burmeseclassic.com

www.burmeseclassic.com



လင်းရာသီ။ မဲသဝေါတိုက်ပွဲကာလက မိုးတွေ လေတွေ ကြီးနေဆဲ။ ကျွန်တော့်အခြေအနေမှာပင် တိုက်ပွဲဝင်ခဲ့ရသည်မှာ အဖက်ဖက်က အများကြီး အခက်အခဲ ရှိခဲ့ပါသည်။

မဲသဝေါတိုက်ပွဲကာလက အကျပ်အတည်းအမျိုးမျိုးကြားမှ ကိုယ်တိုင်တိုက်ပွဲဝင်ခဲ့သော ကျွန်တော်နှင့် ဗိုလ်သင်တန်း တစ်ပတ်တည်းဆင်းခဲ့သည့် ဗိုလ်မှူးကြီး တင်ထွန်းက မဲသဝေါအလှည့်အပြောင်း အမည်ဖြင့် စာတစ်ပုဒ်ရေးခဲ့၏။ သူသည် သမိုင်းဂုဏ်ထူးဖြင့် ဘွဲ့ရပုဂ္ဂိုလ်တစ်ဦးဖြစ်ခြင်းကြောင့် အရေးအသားသည် ရှင်းလင်းကောင်းမွန်၏။ စစ်တက္ကသိုလ်တွင် စစ်သမိုင်းဘာသာရပ်ကို ပို့ချသည့်ဆရာတစ်ဦးလည်း ဖြစ်ခဲ့ဖူးသည်။ နောက်ဆုံး မဲသဝေါတိုက်ပွဲကို အလှည့်အပြောင်းဖြစ်အောင် ကိုယ်တိုင် တိုက်ပွဲဝင်ခဲ့သည့် ဗိုလ်မှူးကြီးတင်ထွန်း၏ လက်ရာကို စာရှုသူများအတွက် ဆက်လက်ဖော်ပြပေးလိုက်ပါသည် ခင်ဗျား

ဖတ်ရှုအကဲဖြတ်ကြပါရန် ...

■

မြရတနာစာပေ

## အခန်း ( ၃ )

## မဲသဝေါစစ်ဆင်ရေး၏ အလှည့်အပြောင်းဖြစ်သောတိုက်ပွဲ

ရေးသူ–ဗိုလ်မှူးကြီးတင်ထွန်း

**တိုက်ပွဲနိဒါန်း**

စစ်ဆင်ရေးကွပ်ကဲမှုခန်းမသည် များစွာ မကျယ်ဝန်းလှပေ။ မြေအောက်ကျင်းတူးပြီး ဆောက်လုပ်ထားကာ အမိုးကို မျောတုံးများဖြင့် ခေါင်ကတုတ်ပြုလုပ်ထားသည်။ ၎င်း ခေါင်ကတုတ်ပေါ်၌ သဲအိတ်များ စီပြီးတင်ထားသည်။ မျက်နှာကြက်ရှိ လေဝင်ပေါက်နှင့် ခန်းမဝင်/ထွက် ပေါက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှသာ အလင်းရောင် ဝင်နိုင်သည်။ ခန်းမသည် နေ့အချိန်၌သာ လုံလောက်သော အလင်းရောင် ရရှိသည်။

အချိန်ကား ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ နံနက်ဖြစ်သည်။

စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူး ဗိုလ်ချုပ်မော်လှသည် စားပွဲထိပ် ထိုင်ခုံ၌ ထိုင်နေသည်။ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ် တပ်မမှူးနှင့် နည်းဗျူဟာ (၄၄၁) နည်းဗျူဟာမှူးတို့က စားပွဲ၏ တစ်ဖက်တစ်ချက်တွင် လည်းကောင်း၊ အမြောက်နှင့်သံချပ်ကာ ယန္တရားတပ် ညွှန်ကြားရေးမှူးနှင့် အမြောက်တပ်ရင်းမှူးတို့က စားပွဲ တစ်ဖက်တွင်လည်းကောင်း ထိုင်နေကြသည်။

စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူးသည် ၎င်း၏ မျက်နှာချင်းဆိုင်နံရံတွင် ချိတ်ဆွဲထားသော ဆီစိမ်စက္ကူပါးပေါ်တွင် ပုံကြီးချဲ့ထားသည့် မဲသဝေါ်ဒေသ စစ်ဆင်ရေးမြေပုံကြီးကို ကြည့်လျက် အရာရှိကြီးများနှင့် တိုင်ပင်ရင်း အမှတ် (၃) ခြေမြန်တပ်ရင်း၏ တပ်ရင်းမှူးကို စောင့်နေကြသည်။ အမှတ် (၃) ခြေမြန်တပ်ရင်း၏ တပ်ရင်းမှူးအား နံနက် ၀၉း၀၀ နာရီအရောက် ခေါ်ထားသည်။

မြရတနာစာပေ




၁၉၈၈ ခုနှစ်က မဲသဝေါ်တိုက်ပွဲအား အနီးကပ်ကြီးကြပ်ခဲ့သည့် စစ်ဆင်ရေး အထူးအဖွဲ့မှူး ဒုဗိုလ်ချုပ်ကြီးမောင်လှ

www.burmeseclassic.com

www.burmeseclassic.com




၁၉၈၈ - ခုနှစ် မဲသဝေါတိုက်ပွဲ၏ အောင်ပွဲအလှည့်အပြောင်းကို
စတင်ဆောင်ရွက်ခဲ့သည့် ခမရ (၃၃)မှ ဗိုလ်မှူးတင်ထွန်း
(ယခု ဗိုလ်မှူးကြီးအငြိမ်းစား)





www.burmeseclassic.com

www.burmeseclassic.com





ကရင်ပြည်နယ်နှင့် မြို့တော် ဘားအံ




၁၉၄၉ - ခုနှစ် ဖေဖော်ဝါရီ မှ ဧပြီ အတွင်း
KNDO လွှမ်းမိုးထားသော နယ်မြေများ

www.burmeseclassic.com

www.burmeseclassic.com




၁၉၄၉ ခုနှစ်ဇူလိုင်လ(၁၁)ရက်တွင် KNDO လွှမ်းမိုးထားသောနယ်မြေများ



စစ်ဆင်ရေးခန်းမအတွင်းမှ စားပွဲ၊ ကုလားထိုင်ဆိုသည်မှာ ခမ်းခမ်းနားနား မဟုတ်ပါ။ မဲသဝေါဒေသစစ်ဆင်ရေး ရှေ့တန်းကွပ်ကဲမှု ဌာနချုပ်တည်ရှိရာ ပွိုင့်(၁၆၅) တောင်ကုန်းဝန်းကျင်မှ ရရှိနိုင်သော ဝါးပိုးဝါးဖြင့်မှုလုပ်ထားသည့် စားပွဲကုလားထိုင်များဖြစ်ပြီး ပလတ်စတစ် စားပွဲခင်း ခင်းထားသည်။ စားပွဲပေါ်တွင် ရေနွေးကြမ်းဓာတ်ဘူးတစ်လုံးနှင့် ဖန်ခွက်ခြောက်ခွက် တင်ထားသည်။ ရှေ့တန်းစစ်မြေပြင်မှ မြေအောက်အရေးပေါ် စစ်ဆင်ရေးခန်းမတစ်ခုသာ ဖြစ်သည်။

၀၉း၀၀ နာရီတွင် အမှတ် (၃) ခြေမြန်တပ်ရင်း၏ တပ်ရင်းမှူး ရောက်ရှိလာပြီဖြစ်ကြောင်း ဦးစီးအရာရှိတစ်ဦးက စစ်ဆင်မှု ကွပ်ကဲရေးမှူးထံ သတင်းပို့ရာ တပ်ရင်းမှူးအား စစ်ဆင်ရေးခန်းမသို့ ဝင်ရောက်စေသည်။ တပ်ရင်းမှူးသည် အခန်းဝတွင် အလေးပြုပြီးနောက် အထဲသို့ ဝင်ရောက်သည်။ ထိုခွင့်ရချိန်တွင် ခုံတန်းလျား၌ ထိုင်ပြီး ချွေးသုတ်ပဝါဖြင့် မျက်နှာမှချွေးများကို သုတ်လိုက်သည်။ တပ်ရင်းမှူးသည် ၎င်း၏စစ်ကြောင်းဌာနချုပ် ရှိရာမှ ဤစစ်ဆင်ရေးခန်းမနေရာသို့ တောင်အဆင်းအတက်



www.burmeseclassic.com

www.burmeseclassic.com



ခရီး တစ်နာရီတိတိကြာ လာရောက်ရသည်။

စစ်ဆင်ရေးကွပ်ကဲမှု အဖွဲ့မှူးအား ...

"အချိန် သိပ်မရှိတော့၍ အမြန်ဆုံး ထိုးစစ်ဆင်ရတော့မည်ဖြစ်ကြောင်း၊ ထိုးစစ်အဆင့် (၁) အဖြစ် အမှတ် (၃) ခြေမြန်တပ်ရင်းကပင် ဦးဆောင်၍ ၎င်းတို့ရင်ဆိုင်ထားသော ရန်သူ့နေရာကို စတိုက်ရမည်ဖြစ်ကြောင်း လက်နက်ကြီး၊ လက်နက်ငယ်များအတွက် ကျည် လိုသလောက် ထုတ်ယူရန်နှင့် ၅၀ လက်မ စက်သေနတ်ကြီး တစ်လက်နှင့် ကျည် ၁၀၀၀ ထပ်ဖြည့်ပေးမည်ဖြစ်ကြောင်း တိုက်ရိုက်ပစ်ကူအဖြစ် ၁၂၀ မီလီမီတာ စိန်ပြောင်း လေးလက်ဖြင့် ပစ်ပေးမည်ဖြစ်ပြီး ၇၆ မီလီမီတာ အမြောက်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အရန် ၈၁ မီလီမီတာစိန်ပြောင်း ရှစ်လက်က အခြားရန်သူ့နေရာများကို ဦးနှိမ်ပစ်ခတ်ထားမည် ဖြစ်ကြောင်း တပ်ရင်းအနေဖြင့် မိမိတပ်ရင်းရှိ လက်နက်ကြီးများ၏ ပစ်ကူကို လိုအပ်လျှင် လိုအပ်သလို အသုံးပြုသွားရန်ဖြစ်ကြောင်း"

ဖြင့် စစ်ဆင်ရေးညွှန်ကြားချက်များ ပေးသည်။





စစ်ဆင်ရေးကွပ်ကဲမှု အဖွဲ့မှူး၏ မေးမြန်းချက် အရ အမှတ် (၃) ခြေမြန်တပ်ရင်း၏ တပ်ရင်းမှူးက ဖြေကြားရာတွင် ...

"မိမိတပ်ရင်း၌ ၇၅ မီလီမီတာ နောက်ပွင့်တစ်လက်၊ ၈၁ မီလီမီတာ စိန်ပြောင်းနှစ်လက်၊ ၆၀ မီလီမီတာ စိန်ပြောင်း သုံးလက်၊ ၈၄ မီလီမီတာ နောက်ပွင့်နှစ်လက်၊ စက်လတ် လေးလက်နှင့် ဘီအေ ၁၀၃ လောင်ချာ နှစ်လက် ရှိပြီးဖြစ်ကြောင်း၊ ယင်းပစ်အားနှင့်ပင် လုံလောက်ပါကြောင်း၊ သို့အတွက် မူလစီမံထားသည့် ၁၂၀ မီလီမီတာ စိန်ပြောင်းကြီး လေးလက် ပစ်ကူအစား နှစ်လက် ပစ်ကူနှင့်ပင် လုံလောက်ပါကြောင်း စိန်ပြောင်းကြီးလေးလက် ဆိုင်ပစ်ပါက တိုက်ပွဲပြီးလျှင် ရန်သူထံမှ မည်သည့်ပစ္စည်းမှ အကောင်းပကတိ သိမ်းဆည်းရမိနိုင်တော့မည် မဟုတ်ကြောင်း"

ဖြေကြားခဲ့သည်။

စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူးက ...

"ယင်းသို့ဆိုလျှင် ၁၂၀ မီလီမီတာ အရန် စိန်ပြောင်း နှစ်လက်အား ရည်မှန်းချက်ကို အပစ်မခိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ နောက်နေ့တွင် ခမရ (၃) ဆက်တိုက်ရမည့် ရည်မှန်းချက်ဖြစ်သော နီလာပစ်မှတ်ကိုပင် ပစ်ခိုင်းမည် ဖြစ်ကြောင်း၊ မည်သည့်အချိန် စတင် တိုက်စစ်ဆင်နိုင်မည်ကို သိလိုကြောင်း''

မေးမြန်းခဲ့သည်။

တပ်ရင်းမှူးက ...

''မိမိတပ်ရင်းအခြေပြုနေရာသို့ ပြန်ရန် တစ်နာရီကြာမည်ဖြစ်ပြီး လက်နက်ခဲယမ်းထုတ် ချိန်နှင့်ပါဆိုလျှင် ၁၂း၀၀နာရီတွင် မိမိအခြေပြုနေရာသို့ ပြန်ရောက်နိုင်ကြောင်း၊ ပြင်ဆင်ချိန်နှစ်နာရီလိုမည်ဖြစ်ရာ ၁၄း၀၀ နာရီတွင် စတိုက်နိုင်မည်ဖြစ်ကြောင်း''

တင်ပြရာ ၁၅း၀၀ နာရီတွင် စတိုက်ရန် စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူးက သတ်မှတ်ပေးလိုက်သည်။ စစ်ဆင်ရေးကွပ်ကဲမှု အဖွဲ့မှူးက ...

''ကဲ ... ဒါဆို ဆက်လုပ်တော့။ ရန်သူ့နေရာကို အောင်မြင်စွာ သိမ်းပိုက်ပြီးတာပဲ လိုချင်တယ်''

ဟူ၍ နောက်ဆုံးညွှန်ကြားချက်ကို အပြီးအပြတ် ပေးလိုက်ရာ တပ်ရင်းမှူးက ...





''စိတ်ချပါ ဗိုလ်ချုပ်။ ကျွန်တော် ဖြစ်အောင် ဆောင်ရွက်ပါ့မယ်''

ဟူ၍ စစ်သားကောင်းတို့၏ စိတ်ဓာတ်အပြည့်ဖြင့် ရဲရဲဝံ့ဝံ့ ကတိပေးလိုက်သည်။

အမှတ် (၆၆) ခြေမြန်တပ်မမှူးကလည်း တပ်ရင်းမှူးအား တပ်မစစ်ဆင်ရေးနှင့် စစ်ထောက်ဦးစီးအရာရှိများနှင့် ညှိနှိုင်း၍ လိုအပ်သည်များ ထုတ်ယူသွားရန် ညွှန်ကြားခဲ့သည်။

အမြောက်နှင့် သံချပ်ကာ ယန္တရားတပ် ညွှန်ကြားရေးမှူးက ...

''အမြောက်ပစ်ခတ်မှု ပေါင်းစပ်ညှိနှိုင်းရန်၊ ပစ်ခတ်မှု စီမံချက်ရေးဆွဲရန်အတွက် ခန်းမအပြင်ဘက်တွင် အမြောက်တပ်မှ ဒုတိယတပ်ရင်းမှူး စောင့်နေကြောင်း၊ ၎င်းနှင့် လိုအပ်သည်များ ညှိနှိုင်းသွားရန်လိုကြောင်း၊ ခမရ (၃) အတွက် အမြောက်ရှေ့တန်း အကဲကြည့် အဖွဲ့တစ်ဖွဲ့ တွဲဖက်ပေးလိုက်မည် ဖြစ်ကြောင်း''

ရှင်းလင်းပြောပြခဲ့သည်။

ခမရ (၃) ရင်းမှူးသည် အချိန်လုပြီး အလုပ် လုပ်



www.burmeseclassic.com

www.burmeseclassic.com



နေရသဖြင့် ချက်ချင်းပင် နေရာမှထကာ ခန်းမအဝတွင် အလေးပြုပြီးနောက် စစ်ဆင်ရေးခန်းမမှ ထွက်ခွာလာခဲ့လေသည်။

သက်ဆိုင်ရာတို့နှင့် ညှိနှိုင်းပြီး အမြောက်ပစ်ကူ ပေါင်းစပ်ညှိနှိုင်းပစ်ခတ်မှု စီမံချက်ရေးဆွဲခြင်း၊ လိုအပ်သောရိက္ခာနှင့် ခဲယမ်းများ ထုတ်ယူခြင်း ဆောင်ရွက်ပြီး ခမရ (၃) ရင်းမှူးသည် ၎င်း၏စစ်ကြောင်းရှိရာ ရန်သူနှင့်ရင်ဆိုင်ထားသည့် တောင်ကုန်းသို့ ထွက်ခွာလာခဲ့သည်။

တပ်ရင်းမှူးက ...

"အမြောက်ပစ်ကူ ပေါင်းစပ်ညှိ နှိုင်းရာတွင် အမြောက်ပစ်ကူအား နှ-နာရီထားပြီး မတိုက် လိုကြောင်း၊ ကျည်ဆန်သုံးနိုင်သမျှ ပစ်ကူပေးရန် မိမိက အပစ်အခတ်ရပ်လိုချိန်၌ အပစ်ရပ်ဆိုင်းပေးရန်၊ မိမိ စိတ်ကြိုက် ပစ်ခတ်မှု ရပြီးက အမြောက် အပစ်ရပ်စေပြီး မိမိ ချေမှုန်းရေးတပ်များမှ ခြေမှုန်းတိုက်ခိုက်မည်ဖြစ်ကြောင်း"

ညှိနှိုင်းခဲ့သည်။ ဤတိုက်ပွဲတွက် အမြောက် ကျည် ၅၀ မှ ၁၀၀ အထိ ပစ်ကူပေးမည်ဖြစ်ကြောင်း၊ လိုအပ်လျှင်လည်း လိုအပ်သလို ပစ်ကူပေးမည်၊ ရပ်လိုသည့်အချိန်





ဘွင် အပစ်ရပ်ပေးမည်ဖြစ်ကြောင်း၊ ဆက်သွယ်မှု မပြတ်ဆောက်ရန်သာ အရေးကြီးကြောင်း ညှိနှိုင်းရရှိခဲ့သည်။

ခမရ (၃) တပ်ရင်းမှူးသည် အမြောက်ပစ်ကူဖြင့် စိတ်ကြိုက်တိုက်ရမည့်တိုက်ပွဲတစ်ပွဲဖြစ်ကြောင်း သုံးသပ်ယိုက်သည်။

**မဲသဝေါ၏ ထိုစဉ်ကအခြေအနေ**

မဲသဝေါဒေသအရေးအခင်းကြီးသည် တပ်မတော်၏ စစ်သမိုင်းတွင် ရက်အရှည်ကြာဆုံး၊ အပြင်းထန်ဆုံးတစ်နေရာတည်း ရန်သူအမျိုးအစား အစုံလင်ဆုံး၊ နှစ်ဖက်အကျအဆုံးအများဆုံးသော တိုက်ပွဲကြီးဖြစ်ပြီး တိုင်းပြည်နှင့် တပ်မတော်အတွက် အလွန်အရေးကြီးသည့် တိုက်ပွဲကြီးတစ်ပွဲလည်း ဖြစ်သည်။

ဒီမိုကရေစီတောင်းဆိုမှုနှင့် ဆက်စပ်ပြီး တိုင်းပြည်၌ နိုင်ငံရေးအကျပ်အတည်းဖြစ်သည်ကို သောင်းကျန်းသူများအနေဖြင့် အခွင့်ကောင်းယူကာ တပ်ပေါင်းစုဖွဲ့စည်းပြီး စစ်ပြိုင်အစိုးရ ထူထောင်ရန်အထိ အစီအစဉ်ရှိသည့် နိုင်ငံရေး စစ်ရေး တိုက်ပွဲကြီးတစ်ပွဲလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီ တောင်းဆိုမှု အရေးအခင်းကြောင့် တိုင်းပြည်ကစဥ့်ကလျားဖြစ်နေရာမှ တပ်မတော်သည် ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံရေး အာဏာကို မလွဲမရှောင်သာ ထိန်းသိမ်းခဲ့ရသည်။ ထိုသို့ နိုင်ငံ့အာဏာ ထိန်းသိမ်းပြီးနောက် ရှစ်ရက်ကြာဖြစ်သော ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့တွင် ကေအင်ယူခေါင်းဆောင်သော မဒတ သောင်းကျန်းသူ တပ်ပေါင်းစုသည် မဲသဝေါဒေသ ရှေ့ကာ စခန်းဖြစ်သော အုံ့ကျော်ကုန်းစခန်းကို သာလွန် အင်အားသုံး တိုက်ခိုက် သိမ်းပိုက်ရာမှ မဲသဝေါတိုက်ပွဲကြီး အစပြုခဲ့လေသည်။

တိုက်ပွဲမဖြစ်မီတွင် မဲသဝေါဒေသ တပ်အခင်း အကျင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရှေ့တန်း ခလရ (၇၆) သည် စစ်ကြောင်းဌာန ချုပ်နှစ်ခုနှင့် တပ်ခွဲလေးခွဲအား မဲသဝေါဒေသတွင်လည်း ကောင်း၊ ကျန်တပ်ခွဲအား ရှမ်းရွာသစ်စခန်းတွင် ရှေ့တန်း ခလရ (၇၇) ၏ ကွပ်ကဲမှုအောက်တွင်လည်းကောင်း တပ် ဖြန့်ထားသည်။ မဲသဝေါရှိ ခလရ (၇၆) ၏ တပ်ဖြန့်ပုံမှာ-

(၁) စစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ်စုတစ်စု





မောရလီစခန်း

(၂) စစ်ကြောင်း (၂) ဌာနချုပ်နှင့် တပ်စိတ်နှစ်စိတ် ကဆာနလီစခန်း

(၃) တပ်ခွဲတစ်ခွဲ မဲသဝေါပင်မစခန်း

(၄) တပ်ခွဲရုံးနှင့် တပ်စိတ်လေးစိတ် ပွိုင့် (၉၆၂) စခန်း

(၅) တပ်ခွဲရုံးနှင့် တပ်စုတစ်စု ပွိုင့် (၈၆၅) စခန်း

(၆) တပ်စုတစ်စု အုံ့ကျော်ကုန်းစခန်း

(၇) တပ်ခွဲရုံးနှင့် တပ်စုလေးစုအား လှုပ်ရှားအရန် အဖြစ် ထားရှိပြီး ပွိုင့် (၁၇၇၈) တစ်ဝိုက်တွင် တပ်ခွဲရုံးတွင် တပ်ခွဲရုံးနှင့် တပ်စုနှစ်စု၊ ပွိုင့် (၉၆၂) တွင် တစ်စုတစ်စု၊ ပွိုင့် (၈၆၅) တစ်ဝိုက်တွင် တပ်စုတစ်စု လှုပ်ရှား စီးမိုးထားသည်။

KNU နှင့် မဒတအင်အားစုများသည် အုံ့ ကျော်ကုန်းကို ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၂၆ ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် သာလွန်အင်အားသုံး တိုက်ခိုက်သိမ်းပိုက်ပြီးနောက် အဆင့်မြင့် ဒုံးကျည်ဖြစ်သော ၂.၇၅ လက်မ ဒုံးကျည်များ၊ ၈၄ မီလီမီတာ၊ ၇၅ မီလီမီတာနှင့် ၅၇ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များ၊ ၈၂ မီလီမီတာ နှင့် ၆၀ မီလီမီတာ စိန်ပြောင်းများ၊ အာရ်ပီဂျီဒုံးကျည်များ၊ ၃.၅ လက်မ လောင်ချာများ၊ ပွိုင့်ဖိုက် ခေါ် ဒသမ ၀.၅ လက်မ စက်သေနတ်ကြီးနှင့် ကျန်လက်နက်ငယ်မျိုးစုံကို အသုံးပြုကာ ကျန်ရှိ မိမိတပ်စခန်းများအား ထိုးစစ်ဆင် တိုက်ခိုက်ခဲ့ကြသည်။

မိမိတပ်များ အခြေအနေမှာ ရန်သူက သာလွန်အင်အား၊ သာလွန်ပစ်အားသုံး တိုက်ခိုက်မှုကြောင့်လည်းကောင်း၊ ကျည်ဆန်ကုန်လာ၍လည်းကောင်း၊ ကေအင်ယူနှင့် မဒတတို့အနေဖြင့် လိုအပ်သော ခဲယမ်းနှင့် ရိက္ခာများကို သောင်းရင်းမြစ်တစ်လျှောက် ပဲ့ချိတ်စက်လှေများ အသုံးပြု၍ ပို့ဆောင်ဖြည့်တင်းနိုင်မှုကြောင့်လည်းကောင်း မိမိတပ်များသည် ဆက်လက် မခုခံနိုင်တော့ဘဲ ၁၉၈၈ ခုနှစ် အောက်တိုဘာလတွင် ကဆာနလီစခန်း၊ ပွိုင့် (၉၆၂) စခန်းနှင့် မဲသဝေါပင်မစခန်းတို့မှ ဆုတ်ခွာပေးလိုက်ရပြီး





မောရလီတောင်ကြောတွင် စုစည်းခုခံခဲ့ရသည်။

အထက်ဌာနချုပ်မှလည်း မဲသဝေါစစ်မျက်နှာအတွက် စစ်ကူတပ်များ စေလွှတ်ခဲ့သည်။ ခမရ (၃)၊ ခမရ (၄)၊ ခမရ (၆)၊ ခမရ (၇)၊ ခလရ (၇၈)၊ ခလရ (၈၀)၊ ခလရ (၈၁) နှင့် ခလရ (၈၂) တို့အား မဲသဝေါသို့ စစ်ကူစေလွှတ်ခဲ့သည်။ ခလရ (၇၇) သည် ရှမ်းရွာသစ်စခန်းမှ လိုအပ်သော ကုန်းကြောင်းနှင့် လေကြောင်းထောက်ပံ့မှုအတွက် ဆောင်ရွက်ပေးခဲ့သည်။

သို့ရာတွင် ရန်သူသည် ရှမ်းရွာသစ်စခန်းနှင့် ပွိုင့် (၈၆၅) ကြားမှ အနိုင်အမာ ဖြတ်တောက်ပိတ်ဆို့ ခုခံခဲ့သဖြင့် စစ်ကူတပ်များသည် မဲသဝေါသို့ အချိန်မီနှင့် လွယ်ကူစွာ မရောက်ရှိနိုင်ခဲ့ပေ။ ထို့အပြင် ဆက်သွယ်ရေးလမ်းကြောင်း ရှည်လျားခြင်း၊ ရေကြီးသောချောင်းများ ရှိနေခြင်းကြောင့် စစ်ကူချီတက်လာသော တပ်များ၏ချီတက်မှုကို နှောင့်နှေးစေခဲ့သည်။

စစ်ကူတပ်များ အဆက်မပြတ် ရောက်ရှိလာချိန်တွင် မိမိစခန်း အတော်များများ စွန့်လွှတ်ပြီးချိန်ဖြစ်သည်သာမက ရန်သူသည် မဲသဝေါဒေသတစ်ခုလုံးအား ဝိုင်းပတ်



www.burmeseclassic.com

www.burmeseclassic.com



ချေမှုန်း ထိုးစစ်ဆင်နေချိန်ဖြစ်သည်။ သို့အတွက် စစ်ကူလာသော တပ်ရင်းများသည် ရန်သူအား တန်ပြန်တိုက်ခိုက်ရန်ထက် ဝိုင်းပတ်လာသည့်ရန်သူအား ထိတွေ့ရင်ဆိုင် ဟန့်တားနေရသဖြင့် အရန်တပ် မရှိသလောက်ဖြစ်သွားတော့သည်။

အရန်တပ် မရှိ၍ စစ်ကူရောက်လာသော တပ်များအတွက် ရိက္ခာထောက်ပံ့ရေး အခက်အခဲရှိလာခဲ့သည်။ မဲသဝေါပင်စခန်းအား စွန့်လွှတ်ရချိန်တွင် စုပုံရိက္ခာများအား မီးရှို့ဖျက်ဆီးခဲ့သဖြင့် မဲသဝေါဒေသ တပ်ရင်းဆယ်ရင်းအတွက် ရိက္ခာ အခက်အခဲရှိနေသည်။ အနီးဆုံးစုပုံရိက္ခာရှိသည့် စခန်းမှာ ရှမ်းရွာသစ်စခန်းဖြစ်သည်။ ၎င်းမှာလည်း ခရီး ၁၆ မိုင် ခန့် ကွာဝေးသည်။ ၎င်းရိက္ခာများအား လူအားဖြင့် သယ်ယူနေရသဖြင့် ရိက္ခာတစ်ကြိမ်သယ်ယူ၍ ဝေငှပြီးနောက် နောက်တစ်ခေါက် ရိက္ခာ သွားသယ်စဉ် တပ်ရင်းများမှ ရိက္ခာကို အမြဲဆန့်စားရသည့်အဖြစ်နှင့် ကြုံတွေ့နေရသည်။

အဓိကအားဖြင့် မဲသဝေါတိုက်ပွဲ၏ ပထမပိုင်းသည် မိမိတပ်များ ရိက္ခာခဲယမ်း ပြတ်တောက်သွားမှု





ပြဿနာ အထူးကြုံတွေ့နေရပြီး ရန်သူ၏ ခေတ်မီလက်နက်မျိုးစုံဖြင့် စုပြုံပစ်ခတ်မှုဒဏ် အလူးအလဲ ခံစားရသောကာလ၊ ထိခိုက်ကျဆုံးမှု အများဆုံးကာလ ဖြစ်သည်။

ပွိုင့် (၈၆၅) စခန်းတွင် ကနဦး၌ ရှေ့တန်းအမှတ် (၄၄) ခြေမြန်တပ်မဟာနချုပ်အခြေစိုက်ပြီးနောက်တွင် ရှေ့တန်း အမှတ် (၆၆) ခြေမြန်တပ်မဟာနချုပ် ထားရှိခြင်းဖြစ်ရာ ရန်သူသည် မဲသဝေါပင်မစခန်းအား သိမ်းပိုက်ရရှိပြီးနောက် မိမိတပ် ကွပ်ကဲမှုရှိရာ ပွိုင့် (၈၆၅) စခန်းအား ထိုးဖောက်တိုက်ခိုက်ရန် ကြိုးစားခဲ့သည်။

၁၉၈၈ ခုနှစ် အောက်တိုဘာလ ၁၉ ရက်နေ့တွင် ခဲပေါင်ချောင်းဝဘက် တောင်ကြောမှတစ်ဆင့် အဆင့်ဆင့်ခြေကုပ်ယူကာ ရန်သူသည် မြေပုံညွှန်း အိပ်ချ်/၅၇၅၂၄၁ နှင့် အိပ်ချ်/၅၈၀၂၄၂ တောင်ကြောများအား သိမ်းပိုက်ခဲ့သည်။ မောရလီစခန်းအားလည်း ပြင်းပြင်းထန်ထန် လက်ပစ်ဗုံး၊ မီးလောင်ဗုံးများ အသုံးပြု၍ အနီးကပ် တိုက်ခိုက်ခဲ့သည်။ မိမိတပ် ကွပ်ကဲမှုဌာနချုပ် တည်ရှိရာ ပွိုင့် (၈၆၅) စခန်းအား ခြိမ်းခြောက်လာခဲ့သည်။

ထို့ကြောင့် ခမရ (၄) ကို ၎င်းတောင်ကြောရှိ ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



များအား ရင်ဆိုင်ထားလိုက်ရသည်။

၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပွိုင့် (၉၆၂) စခန်းအား မိမိ ခမရ (၆) မှ သိမ်းပိုက်ခြေကုပ်ယူပြီး ပွိုင့် (၁၇၇၈) တောင်ကုန်း၊ အံ့ကျော်ကုန်းနှင့် ကဆာနလီရှိ ရန်သူတို့အား ခမရ (၆)၊ ခမရ (၇)၊ ခလရ (၈၂) တို့ဖြင့် ရင်ဆိုင်ထားရသည်။ ခလရ (၇၅)၊ ခလရ (၇၆) နှင့် ခမရ (၃) စစ်ကြောင်း (၂) နှင့် ယင်းတပ်ခွဲနှစ်ခွဲတို့သည် မောရလီတောင်ကြောတွင် ရန်သူ၏ ထိုးစစ်ကို ခုခံနေရသည်။

ဤနည်းအားဖြင့် **KNU** ခေါင်းဆောင် ဗိုလ်မြ၏ မဒတအဖွဲ့အစည်းအပေါ် ခေါင်းဆောင်မှု ရယူရန် မီးကုန်ယမ်းကုန်သုံးသည့် မဲသဝေါတိုက်ပွဲကြီးတွင် ရန်သူအင်အား နှစ်ထောင်ကျော်အား မိမိတပ်ရင်း ၁၀ ရင်းမှ ရန်သူ့အား အနီးကပ် ရင်ဆိုင်ထိန်းချုပ်ရခြင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်နိုင်ခြင်း မရှိဘဲ အရန်တပ်များအားလုံး ဒေသန္တရရင်ဆိုင်တိုက်ပွဲ၌ ပါဝင်နေကြရသောအဖြစ်နှင့် ကြုံရလေသည်။

အုပ်ချုပ်ထောက်ပံ့မှု အလျဉ်မီအောင် မပြုလုပ်





နိုင်သဖြင့် မိမိတပ်များမှာ ရိက္ခာပြတ်တောက်မှုကြုံတွေ့ရရာ ငှက်ပျောအူနှင့် ကဒက်ဥတူး၍ စားနေကြရသည့်တိုင်အောင် စစ်သည်များမှာ စိတ်ဓာတ်မကျဘဲ ရန်သူ၏ တိုးမြှင့်လှုပ်ရှား တိုက်စစ်ဆင်မှုကို ထိန်းချုပ်ထားနိုင်ခဲ့ကြသည်။

**မိမိတန်ပြန်တိုက်စစ်**

မဲသဝေါဒေသစစ်ဆင်ရေးကွပ်ကဲမှု အဖွဲ့မှူးဖြစ်သူ ဗိုလ်ချုပ်မောင်လှသည် ရှမ်းရွာသစ်မှတစ်ဆင့် မဲသဝေါဒေသ ပွိုင့် (၈၆၅) စခန်းသို့ ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ရောက်ရှိလာပြီး စစ်ဆင်ရေးအား အနီးကပ်ကွပ်ကဲခဲ့သည်။

မဲသဝေါဒေသသို့ ကားလမ်း၊ လှည်းလမ်းများ အမြန်ဖောက်လုပ်ကာ အုပ်ချုပ်ထောက်ပံ့မှုကို ဦးစားပေးဆောင်ရွက်ဖြည့်တင်းပေးခဲ့သည်။ လက်နက်ခဲယမ်းနှင့် ရိက္ခာများ အဆက်မပြတ် ပို့ဆောင်ဖြည့်တင်းပြီးနောက် ထိုးစစ်ကို စတင်ခဲ့လေသည်။

မြေပုံညွှန်း အိပ်ချ်/၅၇၅၂၄၁ ရှိ ရန်သူမှာ မူလက



www.burmeseclassic.com

www.burmeseclassic.com



ခမရ (၄) ရင်ဆိုင်ထားသော ရန်သူဖြစ်သည်။ စစ်ဆင်ရေး အဆင့် (၁) အနေဖြင့် ၎င်းရန်သူကို ခမရ (၃) မှ စတင် တိုက်ခိုက်ချေမှုန်းရန် ဖြစ်သည်။

ခမရ (၄) မှာ ထိခိုက်ဒဏ်ရာရသူ များပြားမှုကြောင့် တပ်ရင်းတစ်ရင်းလုံး အင်အား ၁၆၀ ခန့်သာ ကျန်ရှိတော့ရာ ခမရ (၄) အား အနားပေးပြီး ခမရ (၃) အား ထိုးစစ်အဆင့် (၁) တာဝန်ပေးခြင်း ဖြစ်သည်။

မြေပုံညွှန်း အိပ်ချ်/၅၇၅၂၄၁ ရှိ ရန်သူကို တိုက်ခိုက်ရန် အမှတ် (၆၆) ခြေမြန်တပ်ဌာနချုပ် ဒုတိယ တပ်မမှူးက သတိပေး အမိန့်ထုတ်ပြန်ထားသဖြင့် ခမရ (၃) တပ်ရင်းမှူးသည် ၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၄ ရက်နှင့် ၂၅ ရက်နေ့တို့တွင် ခမရ (၄) စစ်ကြောင်း (၁) ရှိရာနှင့် စစ်ကြောင်း (၂) ရှိရာနေရာတို့မှ ရန်သူ့နေရာကို မြင်ကွင်းမျိုးစုံ အသေးစိတ်လေ့လာထောက်လှမ်းမှု ပြုလုပ်ခဲ့သည်။





**ခမရ (၃) ၏ ပြင်ဆင်မှုများ**

၁၉၈၈ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ခမရ (၄) နှင့် ခမရ (၃) တို့ တပ်တာဝန် လဲလှယ်ကြသည်။

ခမရ (၃) တပ်ရင်းမှူးအနေဖြင့် ရန်သူ့တောင်ကုန်း (အိပ်ချ်/၅၇၅၂၄၁) ကို စစ်ကြောင်း (၁) ရှိရာနေရာမှ တိုက်ခိုက်ရန် ဆုံးဖြတ်ခဲ့သည်။ ရန်သူ့စခန်းမှာ မိမိရင်ဆိုင်ထားသည့်နေရာမှ ကိုက် ၂၀၀ ခန့်မျှ ဝေးကွာသည်။ မိမိနှင့် ရန်သူတို့ကြားတွင် မြေနိမ့်တောင်ကြား တစ်ခုရှိပြီး ဝါးပိုးဝါးပင်များ ပေါက်ရောက်နေသည်။ မိမိနေရာမှာ ရန်သူ့စခန်းထက် အနည်းငယ်မြင့်မားသယောင် ရှိနေသော်လည်း ရန်သူ့စခန်းရှိရာသို့ သွားမည်ဆိုပါက ပထမအဆင်း ဆင်းပြီး ပြန်၍ မော့တက်ရမည် ဖြစ်သည်။

လက်ရှိ စစ်ကြောင်း (၁) ရှိရာနေရာမှ တိုက်စစ်ဆင်ရန်အတွက် စုရပ်နှင့်စီရပ်ကို တစ်ထပ်တည်းထားရန် တပ်ရင်းမှူးက ဆုံးဖြတ်လိုက်သည်။ ရန်သူနှင့် ကိုက် ၂၀၀ မျှသာရှိသော အကွာအဝေးမှ ရင်ဆိုင်ထားသဖြင့် ရန်သူသည် နေ့ ည များတွင် လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ကြိုကြားပစ်ခတ်လျက်ရှိသည်။ အထူးသဖြင့် နံနက်



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထချိန်၊ စားသောက်ချိန်နှင့် ညနေစောင်းတို့တွင် ပိုမိုပစ်ခတ်သည်။ ထို့ကြောင့် ရန်သူ့အား ပြန်လှန်ပစ်ခတ်ခြင်း ပြုလုပ်ရသကဲ့သို့ ကတုတ်ကျင်းများ ပိုမို ကောင်းမွန်အောင်လည်း ပြုပြင်နေရသည်။

ရှေ့တန်းတပ်စိတ်များမှာ ကတုတ်ကျင်းထဲ၌ အမြဲနေကြရ၍ ကျဉ်းကျပ်မှုဖြစ်သဖြင့် ၁၂ နာရီလျှင် တစ်ကြိမ် လူသစ်လဲလှယ်တာဝန်ပေးထားသည်။ သို့မှသာ စစ်သည်များ လန်းဆန်းနေမည် ဖြစ်၏။ စားရေးသောက်ရေးကို သက်ဆိုင်ရာ တပ်ခွဲရုံးမှ စီစဉ်ပေးစေသည်။

တိုက်စစ်တွင် စီရပ်လုံခြုံရန်အရေးကြီးသည်ဖြစ်ရာ လူ ၅၀ စာ တန်းစီထိုင်၍ လုံခြုံစွာနေနိုင်သော ဆက်သွယ်ရေး မြောင်းကြီးကို ရန်သူ့နေရာနှင့် ရင်ပေါင်တန်း တူးစေသည်။ ၎င်းမြောင်းမှာ နှစ်ရက်အတွင်း တူး၍ ပြီးစီးခဲ့သည်။

တပ်ရင်းမှူးက တပ်ခွဲနှစ်ခွဲမှ လက်ရွေးစင်စစ်သည်များ စုဖွဲ့၍ တိုက်ခိုက်ရန် ဆုံးဖြတ်ထားသည်။ ထို့ကြောင့် တပ်ရင်းမှူးသည် ချေမှုန်းရေးတာဝန်ထမ်းဆောင်မည့် တပ်ခွဲမှူးနှစ်ဦးအား ခေါ်၍ တိုက်စစ်စီမံချက်ကို ရှင်းပြသည်။ အမှတ် (၃) တပ်ခွဲမှူးက လက်ရွေးစင်တပ်ဖွဲ့စုအား





၎င်းကိုယ်တိုင် ဦးဆောင်ပြီး ချေမှုန်းတိုက်ခိုက်လိုကြောင်း တောင်းဆိုတင်ပြခဲ့သည်။

တပ်ခွဲ (၂) နှင့် တပ်ခွဲ (၃) တို့မှ တပ်ခွဲမှူးများ ဦးစီး၍ လက်ရွေးစင်စစ်သည် ၂၅ ဦးစီပါသော တပ်ဖွဲ့နှစ်ဖွဲ့ကို ရွေးချယ်စုဖွဲ့စေသည်။ ၎င်းတို့အား စိတ်ဓာတ်မြင့်မားရေး ဟောပြောခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်စေကာ တိုက်ပွဲမဝင်မီကာလတစ်လျှောက်လုံး အနားပေးထားခဲ့သည်။

ရန်သူအင်အား ၁၅၀ ခန့်ရှိရာ အင်အား ၃၀ ခန့် မိမိစစ်ကြောင်းရှိရာသို့ ရင်ဆိုင်နေရာယူထားပြီး ကျန် ၁၂၀ ခန့်သည် မဲပေါင်ချောင်းဝမှ တောင်ကြောတစ်လျှောက်လုံး အထောက်အကူပြုထားသည်။ ရန်သူသည် မိမိစစ်ကြောင်း (၁) နှင့် စစ်ကြောင်း (၂) တို့အား အလယ်မှနေ၍ ဖြတ်တောက်ထားသည်။ အနီးကပ်ရင်ဆိုင်ထားသော ၎င်းတို့၏ တပ်အင်အား ၃၀ ကို သုံးရက်တစ်ကြိမ် အသစ်လဲပေးခြင်း၊ စားသောက်ရေးအတွက် ထမင်းထုပ်နှင့် ဝါးဆစ်ရေဘူးများ ပို့ပေးခြင်း၊ ၎င်းတို့၏ ခေါင်ကတုတ်နှင့် ဆက်သွယ်ရေးမြောင်းများအား နွေညအဆက်မပြတ် ပိုမိုကောင်းမွန်အောင်



www.burmeseclassic.com

www.burmeseclassic.com



တူးဖော်ခြင်းများ ဆောင်ရွက်နေသည်။ ဆက်သွယ်ရေးမြောင်းကိုလည်း မိမိတပ်ရှိရာဘက်သို့ ဦးတည်ဖောက်လုပ်နေကြောင်း တွေ့ရသည်။ တောင်ကြော၏မြေသားမှာ ကျောက်စရစ်မြေဖြစ်သော်လည်း ရန်သူသည် မိမိပစ်ခတ်မှုကြားမှပင် ဆက်သွယ်ရေးမြောင်းအား လူတစ်ရပ်ကျော်နက်အောင် တူးခဲ့ကြောင်း၊ တိုက်ပွဲပြီးချိန်တွင် တွေ့ရှိရသည်။ ရန်သူသည် ၃. ၅ လက်မ လောင်ချော၊ အာရ်ပီဂျီ ၈၄ မီလီမီတာ၊ အမ် ၇၂ လောင်ချာ၊ အမ် ၇၉ လောင်ချာ စသည်တို့ဖြင့် နေ့ည ဖောဖောသီသီ ပစ်ခတ်တိုက်ခိုက်လျက် ရှိသည်။

## တိုက်စစ်စီမံချက်

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ၀၉း၀၀ နာရီတွင် ခမရ (၃) တပ်ရင်းမှူးအား စစ်ဆင်ရေး ကွပ်ကဲရေးမှူးမှ ပွိုင့် (၈၆၅) စခန်းသို့ ခေါ်ယူ၍ စစ်ဆင်ရေး ညွှန်ကြားချက်ကိုပေးသည်။ တပ်ရင်းမှူးသည် အမိန့်နာခံပြီးလျှင် လိုအပ်သော ခဲယမ်းများ ထုတ်ယူ၍ မိမိစစ်ကြောင်းသို့ ပြန်လာရာ နေ့လယ် ၁၂း၃၀ အချိန်တွင် ပြန်လည်





ရောက်ရှိသည်။ တပ်ရင်းမှူးသည် တပ်ခွဲမှူးများကို ခေါ်ယူ၍ တိုက်စစ်စီမံချက်ကို အသေးစိတ် ထပ်မံရှင်းပြပြီး တိုက်ပွဲဝင်ရန် အသေးစိတ်ပြင်ဆင်သည်။

ခမရ (၃) တပ်ရင်းမှူး၏ တိုက်စစ်စီမံချက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

- ချေမှုန်းရေးတပ်ခွဲနှစ်ခွဲမှ လက်ရွေးစင်စစ်သည်များသည် ကြိုတင်ကျင်းတူးထားသည့် ဆက်သွယ်ရေးမြောင်းကြီးထဲတွင် ၁၄း၃၀ အချိန် အပြီးဝင်ရောက်နေရာယူထားရန်၊
- ကာပစ်အတွက် တပ်ခွဲမှူးတစ်ဦးက ဦးစီး၍ ၁၄း၃၀ အချိန် အပြီးနေရာယူရန်၊ ကြိုတင်ပစ်ကျင်းတူးထားသည့် နေရာမှ ၇၅ မီလီမီတာတစ်လက်၊ စက်လတ်နှစ်လက်၊ ကျန်တပ်စုလက်နက်များဖြင့် အမိန့်ရလျှင် စတင်ပစ်ခတ်ရန်၊
- အမြောက်အကဲကြည့်အဖွဲ့သည် ရန်သူ့နေရာအား ကာပစ်နေရာမှ ဘေးတိုက်အကဲကြည့်ရန်၊
- ရန်သူ့စခန်းအား အလျားလိုက်မြင်ကွင်းအတိုင်း နှစ်ခြမ်းကွဲသွားအောင် ႟ ၅၀ လက်မစက်သေနတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဖြင့် စစ်ကြောင်း (၁) နေရာမှ ပိုင်းဖြတ် ပစ်ခတ်ပေးရန်၊

- ၈၄ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်အား တပ်ရင်းမှူး အနီးမှ နေရာယူ၍ ရန်သူ့နေရာအား တိုက်ရိုက်ပစ်ခတ်ရန်၊ လိုအပ်က လေကွဲပစ်ခတ်ရန်၊
- ၈၁ မီလီမီတာနှင့် ၆၀ မီလီမီတာ စိန်ပြောင်းတို့ဖြင့် စစ်ကြောင်း (၁) နေရာမှ ပစ်ကူပေးရန်၊ အနီးကပ် ပစ်ခတ်ရမည်ဖြစ်၍ အကူယမ်းထုပ်များ မပါဘဲ ပို့ကျည်သက်သက်ဖြင့်သာ ပစ်ခတ်ရန်၊

၈၁ မီလီမီတာ ပုံးသီးအား စနက်အနှေးတစ်လှည့်၊ အမြန်တစ်လှည့် အဆက်မပြတ် လျှင်မြန်စွာ ပစ်ခတ်ရန်၊ ပုံးသီးများ ကြိုတင်ပြင်ဆင်ထားရန်၊

- လက်နက်ငယ်များဖြင့် ရန်သူ့နေရာအား အသံမစဲအောင် ဦးနှိမ်ပစ်ခတ်ထားရန်၊
- အမြောက်နှစ်လက်သည် ၁၅း၀၀ အချိန်မှစပြီး အကဲကြည့်စတင်ပစ်ခတ်မည်ဖြစ်ပြီး နောက်ဆုံးကျည် ၁၀ တောင့်ကျန်လျှင် ခြေမှုန်းရေးတပ်များ အသင့်ပြင်ရန် တပ်ရင်းမှူးက အချက်ပေးလျှင်





ချေမှုန်းရေးတပ်များ ဆက်သွယ်ရေးမြောင်းထဲမှ အမြန်ဆုံး ခုန်ထွက်၍ ရန်သူ့နေရာအား လုံးစွပ်ထိုး သိမ်းပိုက်ရန်၊

- တပ်ရင်းမှူးသည် . ၅၀ လက်မ စက်သေနတ်ကြီးဘေးမှ မျက်မြင်ပစ်ခတ်မှု ကွပ်ကဲသွားမည်။
- စစ်ကြောင်း (၂) နှင့် တပ်ခွဲတစ်ခွဲသည် ၎င်းရင်ဆိုင်ထားရသော တောင်ကြောရှိ ရန်သူနှင့် ရန်သူ့လက်နက်ကြီး ပစ်ခတ်သည့်နေရာကို မျက်မြင်မြင်တွေ့ရပါက မိမိလက်နက်ကြီးဖြင့် တန်ပြန်ပစ်ခတ်ပေးရန်၊
- ချေမှုန်းရန်အတွက် နာရီမထားဘဲ တပ်ရင်းမှူးက တိုက်ပွဲအခြေအနေကို သုံးသပ်၍ ချေမှုန်းရေးအတွက် အမိန့်ပေးသွားမည်။ တပ်ရင်းမှူး၏ အမိန့်မရမချင်း ချေမှုန်းရေးတပ်များသည် ရန်သူ့လက်နက်ကြီးနှင့် မိမိအမြောက်ပစ်ခတ်မှုကြောင့် မထိခိုက်စေရေးအတွက် ဆက်သွယ်ရေးမြောင်းထဲ၌ လုံခြုံစွာ နေရာယူထားကြရန်။

ခမရ (၃) တပ်ရင်းမှူးသည် တိုက်စစ်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ချိန်သုံးရက် ရရှိခဲ့သည်။ လိုအပ်ချက်များအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ၁၉၈၈ ခု၊ ဒီဇင်ဘာလ ၁ ရက် နေ့ ၁၄း၃၀ အချိန်တွင် တိုက်စစ်အတွက် အားလုံး အသင့် ဖြစ်ပြီဖြစ်ကြောင်း တီအာရ်အေ-၉၀၆ စက်ဖြင့် နည်း ဗျူဟာမှူးထံ သတင်းပို့လိုက်လေသည်။

**ပစ်ကူထိရောက်မှု**

၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့ ၁၅း၀၀ အချိန်တွင် ပွိုင့် (၈၆၅) တောင်ကုန်းရှိ အမြောက်စခန်းမှ ၁၂၀ မီလီမီတာ ယူဂိုစိန်ပြောင်းကြီး နှစ်လက်ဖြင့် ခမရ (၃) တိုက်ခိုက်မည့် ရန်သူနေရာကို စတင်အကဲကြည့် ပစ်ခတ်သည်။ မူလက ကြိုတင်အကဲကြည့်၍ မှတ်ပုံတင် ထားခြင်းကြောင့် သုံးလုံးမြောက်သော အမြောက်ကျည်ဆန် သည် ပစ်မှတ်အပေါ် တိုက်ရိုက်ထိမှန်သဖြင့် ခြေမှုန်းပစ် ခတ်ခြင်း စတင်ခဲ့သည်။

ရန်သူသည် နေ့စဉ် လုပ်ရိုးလုပ်စဉ်အတိုင်း မိမိ တပ်များရှိသည့်နေရာအားလုံးကို လက်နက်ကြီး၊ လက်နက် ငယ်တို့ဖြင့် ပြန်လှန်ပစ်ခတ်သည်။ အမြောက်စခန်းအား





အဆင့်မြင့် ဒုံးကျည်ဖြစ်သည့် ၂၈ ဂျ၅ လက်မ ဒုံးကျည်ဖြင့် အဝေးမှ တန်ပြန်ပစ်ခတ်သည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) အရန် ၈၁ မီလီမီတာ စိန်ပြောင်းတပ်ဖွဲ့သည် ရန်သူ့လက်နက်ကြီး နေရာနှင့် ကွပ်ကဲမှုနေရာများအားလုံးအား အကဲကြည့် ပစ်ခတ်မှုဖြင့် ဦးနှိမ်ပစ်ခတ်ပေးသည်။

ရ၆ မီလီမီတာ အမြောက်နှစ်လက်ကလည်း မဲသဝေါ ပင်ပစခန်းသို့ ဦးနှိမ်ပစ်ခတ်ပေးသည်။

မဲသဝေါဒေသသည် ခါတိုင်းနှင့်မတူ လက်နက်ကြီး ပေါက်ကွဲသံများဖြင့် မိုးလုံးဟိန်းမျှ မြည်ဟည်းဆူညံလျက် ရှိတော့သည်။

စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့ရှိရာ ပွိုင့် (၈၆၅) စခန်းမှ စစ်သည်များသည် ခလရ (၃) တပ်ရင်းမှူးထံမှ ပေးပို့မည့် အောင်ပွဲသတင်းကို စောင့်၍ နားထောင်နေကြသည်။

စစ်ဆင်ရေးတစ်ခွင်လုံးရှိ စစ်ကြောင်းမှူး၊ တပ်ခွဲ မှူးများသည်လည်း မိမိတို့၏ ဆက်သွယ်ရေးစက်ဖြင့် ခမရ (၃) တိုက်ပွဲဝင်မှုကို ကြားဖြတ်ဖမ်းယူနားထောင်လျက် ရှိ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမြောက်ကျည်ဆန်များသည် ပစ်မှတ်ပေါ်သို့ တိတိကျကျ ကျရောက်ပေါက်ကွဲလျက်ရှိရာ ရန်သူများသည် ၎င်းတို့၏ ခေါင်ကတုတ်ထဲတွင် မနေရဲတော့ဘဲ နီးစပ်ရာ လှိုဏ်ထဲသို့ ဆင်း၍ ခိုအောင်းကြသည်။ အမြောက်သံများ စဲမှ လုပ်နေကျအတိုင်း မူလကျင်းများထဲသို့ ပြန်ဝင်လာကြကာ ချီတက်လာကာ မိမိတပ်များကို လက်နက်ငယ်များဖြင့် ပစ်ခတ်ကြဦးမည် ဖြစ်သည်။

ပွိုင့်ဖိုက်စက်သေနတ်ကြီး ပစ်ခတ်မှုသည် ပစ်ခတ်သူ၏ ကျွမ်းကျင်မှုရှိသလောက် ထိရောက်လှပေသည်။ စက်သေနတ်ပြောင်းရှေ့ ပစ်လမ်းရှိ ဝါးပင်များအားလုံး ပြတ်လဲကုန်ကြသဖြင့် ရန်သူ့တောင်ကုန်းစခန်းအား သဲသဲကွဲကွဲ တွေ့မြင်နေရသည်။ ရန်သူ့စခန်းအား အလျားလိုက်မြင်ကွင်းအတိုင်း ကျည်သွားလမ်းထက်အောက် ရွှေ့လျားပစ်ခတ်စေရာ ရန်သူ့စခန်းအား အလျားလိုက် နှစ်ပိုင်းကွဲအောင် ပိုင်းဖြတ်ပစ်ခတ်ထားနိုင်သည်။

ခမရ (၃) တပ်ရင်းမှူးသည် လက်နက်ကြီး၊ လက်နက်ငယ်တို့၏ သဘောတရားကို ပိုင်နိုင်စွာ နားလည်သဘောပေါက်ထားသူဖြစ်သည့် အားလျော်စွာ ကျည်ကျ





ချက်များ ရှုပ်ထွေးကုန်မည်စိုး၍ အမြောက်အကဲကြည့်၏။ အကဲကြည့်ပစ်ခတ်မှု စိတ်တိုင်းကျမှသာ မိမိ၏တပ်ရင်းပိုင် လက်နက်ကြီးများကို စတင်ပစ်ခတ်စေသည်။

၈၁ မီလီမီတာနှင့် ၆၀ မီလီမီတာ စိန်ပြောင်းများအား ကိုက် ၂၀၀ အကွာအဝေးအတွက် အကူယမ်းထုပ်မပါ။ ပို့ကျည်သက်သက်ဖြင့် ပစ်ခတ်စေရာ ကျည်စုပစ်ခတ်နိုင်ခြင်း၊ လျင်မြန်စွာ ပစ်ခတ်နိုင်ခြင်း အကျိုးကျေးဇူးများအပြင် ပြောင်းထွက်သံမှာ လက်နက်ငယ်ထွက်သံလောက်သာ ထွက်သဖြင့် မိမိ၏ လက်နက်ကြီးပစ်ခတ်သည့် နေရာအား ရန်သူမှ လုံးဝ ခန့်မှန်းတန်ပြန်ပစ်ခတ်နိုင်ခြင်း မရှိပေ။

ရန်သူအချို့သည် တိကျသော အမြောက်ကျည်ဆန်ထိမှန်မှုကို ရှောင်ရန်အတွက် စခန်းတောင်စောင်း လှိုဏ်ထဲသို့ ယာယီဆင်းပြေးကြသည်။ ဤသည်ကို ဘေးတိုက်နေရာယူထားသော မိမိကာပစ်အဖွဲ့မှ ၅၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်နှင့် စက်လတ်နှစ်လက်တို့ဖြင့် ချေမှုန်းပစ်ရာ ရန်သူများသည် စခန်းသို့ ပြန်တက်ရန် မစဉ်းစားနိုင်ကြတော့ဘဲ လှိုဏ်အတိုင်း မဲပေါင်ချောင်းမှတစ်ဆင့်



www.burmeseclassic.com

သောင်းရင်းမြစ်ဘက်သို့ အပြီးတိုင် ထွက်ပြေးသွားကြသည်။

မိမိမှ တပ်ရင်းအပိုင် လက်နက်ကြီးများနှင့် အမြောက်ပစ်ကူတို့ဖြင့် ချေမှုန်းပစ်ခတ်နေသော်လည်း ရန်သူသည် တိုက်ပွဲတစ်လျှောက်လုံး ပစ်ခတ်သံ စဲသွားသည်ဟူ၍ မရှိဘဲ အဆက်မပြတ် ပြန်လှန်ပစ်ခတ်ခြင်း ပြုလုပ်လျက်ရှိသည်။

သို့ရာတွင် ရန်သူ၏လက်နက်ငယ်ပစ်ခတ်မှုမှာ ထိရောက်မှုမရှိဘဲ သစ်ပင်ထိပ်ဖျားများပေါ်မှ ကျော်ဖြတ်နေကြောင်း ခမရ (၃) တပ်ရင်းမှူးက သိလိုက်သည်။ ယင်းအခြေအနေကို အမြတ်ထုတ်သည့်အနေဖြင့် တပ်ရင်းမှူးက ချက်ချင်းပင် ချေမှုန်းရေးတပ်ခွဲမှူးအား ရန်သူသည် ကျင်းထဲမှထိုင်ပြီး သေနတ်ထောင်ဖောက်နေခြင်းသာ ဖြစ်ကြောင်း၊ ထိရောက်မှုမရှိကြောင်း ပြောကြားပြီး လုံ့စွပ်ထိုး ချေမှုန်းရန်အတွက် အသင့်ပြင်ရန် အမိန့်ပေးလိုက်သည်။

၁၆း၃၀ အချိန်တွင် အမြောက်ကျည် ၁၀ တောင့်သာ ကျန်တော့ကြောင်း နောက်ထပ်ပစ်ပေးရန် လို,မလို အမြောက်အကဲခြတ်ကြည့်မှ သတင်းပို့သည်။





တပ်ရင်းမှူးက နောက်ဆုံး ၁၀ တောင့် ထပ်ပစ်ပေးရန်နှင့် နောက်ဆုံးကျည်ပစ်ပြီးက သတင်းပို့ရန် အမြောက်အကဲကြည့်အား အကြောင်းကြားလိုက်သည်။ ချေမှုန်းရေးတပ်ခွဲမှူးများအားလည်း အခြေအနေကို အသိပေးပြီး လုံ့စွပ်ထိုးရန် အမိန့်အစောင့်ခိုင်းထားလိုက်သည်။

အမြောက်ကျည် ပေါက်ကွဲအစအနများမှာ မိမိ ချေမှုန်းရေးတပ်များ၏ အပေါ်၌ ပျံ့ဝဲနေသည်။ သို့သော် ဆက်သွယ်ရေးမြောင်းထဲ၌ စနစ်တကျ နေရာယူထားသဖြင့် မိမိ ထိခိုက်မှု လုံးဝ မရှိပေ။

## လုံ့စွပ်ထိုး ချေမှုန်းခြင်း

၁၆း၄၅ အချိန်တွင် အမြောက်ကျည်ဆန်အားလုံး ပစ်ခတ်ပြီးကြောင်း အမြောက်အကဲကြည့်က သတင်းပို့သည်။

တပ်ရင်းမှူးသည် ချေမှုန်းရေးတပ်ခွဲ နှစ်ခွဲအား လုံ့စွပ်ထိုးချေမှုန်းရန် ချက်ချင်း အမိန့်ပေးလိုက်သည်။

လက်ရွေးစင် စစ်သည်များသည် မြောင်းထဲမှ ခုန်ထွက်လိုက်ကြပြီး မိမိတပ်ရင်းအမည်ကို အော်ဟစ်ကာ

www.burmeseclassic.com



ရန်သူ့တောင်ကုန်းအား တစ်ဟုန်ထိုး ပြေးတက် သိမ်းပိုက်ကြသည်။

မိမိချေမှုန်းရေးတပ်များကို ကိုက် ၂၀၀ ခရီးကို အပြေးချီတက်တိုက်ခိုက်ခြင်းဖြစ်ရာ အမြောက်အပစ်ရပ်သည်နှင့် ကျည်ရောက်လူရောက် ချီတက်နိုင်ခဲ့သည်။ ပစ်ခတ်မှုနှင့် တပ်လှုပ်ရှားမှု အံဝင်ခွင်ကျ ဟန်ချက်ညီခဲ့သည်။

ထို့ကြောင့် လက်နက်ကြီးပစ်ခတ်မှု ရပ်စဲသွားချိန်မှ ပြန်လည်ခေါင်းထောင်ကာ နေရာပြန်ယူလေ့ရှိကြသော ရန်သူများမှာ အမြောက်သံစဲသွားသည်နှင့် မိမိချေမှုန်းရေးတပ်များ ပစ်တက်တက်ပြီး ချက်ချင်းရောက်လာကြသည်ကို လုံးဝ အင်္ဂိုက်မိသွားကာ ကျည်ကပ်ထဲရှိ လက်ကျန်ကျည်ကို အသံမြည်ရုံ ဖြစ်သလို ပစ်ခတ်ပြီး တောင်ကြောလမ်းအတိုင်း ဆုတ်ခွာသွားကြတော့သည်။

မိမိအမြောက်နှင့် စိတ်ပြောင်းကျည်များသည်လည်း ရန်သူ့ဆုတ်လမ်းဖြစ်သော တောင်ကြောနှင့် ပစ်မှတ် အမှတ် (၂) ဘက်သို့ ရွှေ့ပြောင်းပစ်ခတ်ကြသည်။

၁၇း၀၀ အချိန်တွင် ရန်သူ့စခန်းကို အောင်မြင်စွာ





သိမ်းပိုက်ပြီးဖြစ်ကြောင်း တပ်ရင်းမှူးမှ နည်းဗျူဟာမှူးထံ ဆက်သွယ်ရေးစက်ဖြင့် သတင်းပို့လိုက်လေတော့သည်။

**အရှုံးအမြတ်**

တိုက်ပွဲတွင် မိမိစစ်သည်တစ်ဦး ကျဆုံးပြီး စစ်သည် ခုနစ်ဦးသာ ဒဏ်ရာရရှိခဲ့သည်။ ရန်သူ့အလောင်း သုံးလောင်း ကျန်ခဲ့သည်။ အများအပြား ဒဏ်ရာရရှိသွားကြောင်းကို ၎င်းတို့၏ပစ်ကျင်းနှင့် တောင်ကြောတစ်လျှောက် သွေးစက်များ ကျန်နေခြင်းက သက်သေထူလျက်ရှိသည်။

ရန်သူ ၃၀ ခန့်က မိမိတပ်ရင်းအား ရင်ဆိုင်ထိန်းချုပ်ထားရန်အတွက် ရန်သူ ၁၂၀ က အထောက်အကူပြုထားကြောင်း တွေ့ရသည်။ မိမိစစ်ကြောင်း (၁) နှင့် (၂) အကြား သပ်လျှိုထားသကဲ့သို့ ဖြစ်နေသဖြင့် ရန်သူ၏လုပ်ဆောင်မှုမှာ ထိရောက်မှုရှိသည့်အပြင် မိမိတို့၏ ကွပ်ကဲမှုဌာနချုပ်ဖြစ်သော ပွိုင့် (၈၆၅) စခန်းအား အပေါ်စီးမှ ခြိမ်းခြောက်နိုင်သဖြင့် ၎င်းသည် အရေးကြီးသည့် ရန်သူ၏ ထိုးနှက်ချက်တစ်ခုဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိမိအမြောက်နှင့် လက်နက်ကြီးများ၏ ပစ်ခတ်မှုမှာ ထိရောက်မှုရှိခြင်း၊ ချေမှုန်းရေးတပ်များသည် မိမိအမြောက်ပစ်ရပ်သည်နှင့် ရန်သူ့နေရာသို့ ချက်ချင်းရောက်ရှိသွားခြင်းကြောင့် ရန်သူအားလုံး သောင်းရင်းမြစ်ဘက်သို့ ဆုတ်ပြေးသွားခဲ့ကြသည်။ မဲသဝေါတိုက်ပွဲတစ်လျှောက်လုံး ရန်သူ့အနေဖြင့် နောက်ထပ် ဤနေရာကို ပြန်လည်သိမ်းပိုက်ရန် ကြိုးစားမှု မပြုလုပ်ဝံ့တော့ပေ။


ရန်သူ့ထံမှ ၆၀ မီလီမီတာ စိန်ပြောင်းတစ်လက်၊ အချက်ပြ ပစ္စတိုတစ်လက်၊ ICOM အိုင်ကွမ်စကားပြောစက် တစ်လုံး၊ အာရ်ပီဂျီ ဗုံးသီး ၁၀ လုံး၊ မိုင်း၊ လက်ပစ်ဗုံးနှင့် လက်နက်ငယ်ကျည်မျိုးစုံ ၆၀၀ ကျော် သိမ်းဆည်းရမိခဲ့ သည်။

## အလှည့်အပြောင်းတိုက်ပွဲ

ဤတိုက်ပွဲတွင် ရန်သူ့ထံမှ လက်နက်ခဲယမ်းမီးကျောက် သိမ်းဆည်းရမိခြင်းမှာ အဓိကမဟုတ်ပါ။

ရက်ရှည်ကြာသည့် မဲသဝေါတိုက်ပွဲကြီး၌ စစ်အိနေချိန်တွင် မိမိတပ်မတော်၏ အဆင့် (၁) ထိုးစစ်အောင်








ထိုင်း-မြန်မာနယ်စပ်ရှိမဲသဝေါဒေသပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com




ထိုင်း-မြန်မာ နယ်စပ်ရှိမဲသဝေါဒေသ သွားရာလမ်းကြောင်းပြမြေပုံ





၁၉၈၈ ခုနှစ်ကေအင်ယူနယ်စပ်တပ်စခန်းများနေရာပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com





ထိုင်းနိုင်ငံအတွင်းရှိ သောင်းကျန်းသူများနေထိုင်ရာ ဒုက္ခသည် စခန်းမျာ




နိုင်ငံနယ်စပ် တစ်လျှောက် ဒုက္ခသည်စခန်းအမည်ခံ ကေအင်ယူ စခန်းများ

www.burmeseclassic.com

www.burmeseclassic.com




အေဘီအက်စ်ဒီအက်ဖ် ကျောင်းသားတပ်ရင်းများနှင့် လှုပ်ရှားမှုနယ်မြေပြပုံ



မြင်ခြင်းက မဲသဝေါဒေသ စစ်ဆင်ရေးတစ်ခုလုံးအား တစ်မျိုးတစ်မည် ပြောင်းလဲစေခဲ့သည်။

နောက်မှ ပြန်လည်လေ့လာသိရှိရသည်မှာ ဘားအံနှင့် လှိုင်းဘွဲ့လူထုအနေဖြင့် တပ်မတော်သည် မဲသဝေါကို ပြန်လည်သိမ်းပိုက်၍ မရနိုင်တော့ဟု ထင်မြင်ယူဆနေကြခြင်း ဖြစ်သည်။ မိမိစစ်သည်အချို့အနေဖြင့် ဤအထင် အမြင်မျိုး ရှိကောင်းရှိနေကြမည် ဖြစ်သည်။

သို့ရာတွင် ခမရ (၃) ၏ ပထမဆုံးအောင်ပွဲကြောင့် မဲသဝေါစစ်ဆင်ရေးခွင်မှ စစ်သည်အားလုံး စိတ်ဓာတ်တက်ကြွလာကာ လိုက်လှဲဝမ်းသာဖြစ်ကြရပြီး တိုက်ပွဲဝင်၍ အောင်ပွဲခံလိုစိတ် တဖွားဖွား ပေါ်ပေါက်ခဲ့သည်။

ဤတိုက်ပွဲနှင့် ပတ်သက်၍ စစ်ဆင်ရေးကွပ်ကဲမှုအဖွဲ့မှူးအနေဖြင့် အထက်ဌာနသို့ အောက်ဖော်ပြပါအတိုင်း အစီရင်ခံခဲ့ကြောင်း သိရသည်။

"၈၈ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရတခမရ (၃) သည် မိမိအမြောက်လက်နက်ကြီးများ ပစ်ကူဖြင့် ဟန်ချက်ညီ အတင်းတက်ရောက် သိမ်းပိုက်ရာ ရန်သူများက ကစဉ့်ကလျား ဆုတ်ခွာသွားရပြီး မိမိတပ်များ



www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ဓာတ်ရေးရာ မြင့်မားတိုးတက်မှု ရရှိခဲ့သည်”

ဟူသတည်း။

ဤအိပ်ချ်/၅၇၅၂၄၁ တောင်ကုန်းတိုက်ပွဲသည် မဲသဝေါတိုက်ပွဲ၏ အဆုံးအဖြတ်တိုက်ပွဲမဟုတ်ပါ။ သို့ရာတွင် အီနေသော စစ်ဆင်ရေးကြီးကို ပြန်လည်နိုးကြားအသက်သွင်းပေးသကဲ့သို့ ရှိပါသည်။ မိမိစစ်သည်များ၏ သံသယကိုလည်း ကင်းပျောက်စေပြီး ‘‘တကယ်တိုက်လျှင် တကယ်အောင်ပွဲခံနိုင်သည်’’ ဟူသော ခံယူချက်ကို ဖြစ်ပေါ်စေခဲ့သည်။

ထို့ကြောင့် ခမရ (၆) သည် အချက်အချာကျသော ပွိုင့် (၁၇၇၈) တောင်ကုန်းအားလည်းကောင်း၊ ခမရ (၇) သည် မဲသဝေါတိုက်ပွဲ၏ အဆုံးအဖြတ်ကိုဖြစ်စေသော အုံကျော်ကုန်းအားလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကာ ကဆာနလီနှင့် မဲသဝေါပင်မစခန်းတို့အား ခမရ (၄)၊ ခလရ (၇၆) နှင့် ခလရ (၈၁) တို့က လွယ်ကူစွာ သိမ်းပိုက်အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

စစ်အောင်ရာသော အကြောင်းအချက်များနှင့် ချိန်ထိုးသုံးသပ်ခြင်း မပြုလုပ်လိုသော်လည်း ဤအိပ်ချ်/





၅၇၅၂၄၁ တောင်ကုန်းတိုက်ပွဲသည် မဲသဝေါဒေသကို တိုက်ပွဲများ၏ အလှည့်အပြောင်း **Turning Point** ကို ဖြစ်စေသော တိုက်ပွဲဖြစ်ကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်ခင်ဗျား။

(၁၉၉၀ ပြည့်နှစ် ဇူလိုင်လထုတ် စစ်ပညာဂျာနယ်မှ ဆောင်းပါးရှင် ဗိုလ်မှူးကြီးတင်ထွန်း၏ ခွင့်ပြုချက်ဖြင့် ပြန်လည်ကူးယူဖော်ပြပါသည်။ စာရေးသူ)

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၄ )

## မဲသဝေါတိုက်ပွဲသုံးသပ်ချက်များ

တိုက်ပွဲတစ်ပွဲအား ရှုမြင်သုံးသပ်ရာ၌ ယေဘုယျအားဖြင့် အောက်ပါအချက်များ ပါဝင်လေ့ရှိပါ၏။

(က) မြေအခြေအနေ

(ခ) အင်အားနှိုင်းယှဉ်ချက်

(ဂ) ရာသီဥတု

(ဃ) ဆက်သွယ်ရေးလမ်းကြောင်းများ

(င) ဒေသခံပြည်သူလူထု

မြဝတီနာဏစာပေ

www.burmeseclassic.com

www.burmeseclassic.com



(စ) စိတ်ဓာတ်

စသည်တို့ဖြစ်ပါသည်။

**မြေအခြေအနေ**

ပထမဆုံးမြေအခြေအနေကို ပြောလိုပါသည်။

မဲသဝေါဒေသသည် ကရင်ပြည်နယ် အလယ်ပိုင်း၊ သံလွင်မြစ်နှင့် သောင်ရင်းမြစ်ကြားဒေသဖြစ်၏။ ဒေါန တောင်တန်း၏ မြောက်ခြမ်းလည်းဖြစ်၏။ မြေပြင်သည် ပေ ၅၀၀ မှ ၄၀၀၀ ခန့်အထိဖြင့်သော တောင်ကုန်း တောင်စွယ် တောင်တန်းများဖြင့် ဖုံးလွှမ်းနေ၏။ ဒေါန တောင်အရှေ့ခြမ်း၌ ချောင်းငယ် မြောင်းငယ်များသည် သောင်ရင်းမြစ်ထဲသို့ စီးဝင်ကြ၏။ အနောက်ခြမ်းတွင်မူကား လှိုင်းဘွဲချောင်းထဲသို့ စီးဝင်ကြသည်ကများ၏။ လှိုင်းဘွဲ ချောင်းသည် ပိန္နဲတော ကြာအင်းတစ်ဝိုက်မှ မြစ်ဖျားခံပြီး မြောက်မှတောင်သို့ စီးဆင်း၍ ကျုံဒိုးအနီး၌ ဂျိုင်းမြစ်နှင့် ပေါင်းဆုံလေသည်။ ချောင်းငယ်မြောင်းငယ်များ ပေါများ သော ဒေသဖြစ်ပြီး မိုးရာသီ၌ ရေများ ပြည့်လျှံနေတတ်၍ သွားရေးလာရေးအား ကန့်သတ်တတ်သည့် သဘာဝ





အတား အဆီးဖြစ်၏။

မြေပြင်တွင် သဘာဝပေါက်ရောက်ပင်များအဖြစ် အောက်ခြေရှင်းသော မုတ်သုံသစ်တောများ ပေါက် ရောက်ပြီး ကျွန်း၊ ပျဉ်းကတိုး စသည့် အဖိုးတန် သစ်တော များ အနှံ့အပြားရှိလေသည်။ မဲသဝေါအနီး သောင်ရင်းမြစ် အနောက်ဘက်ကမ်း၌ မြေပြန့်လွင်ပြင် ကလေးများ ကြိုကြားကြိုကြားရှိ၏။

အထက်တွင်ဖော်ပြခဲ့သည့် မြေအခြေအနေအရ မဲသဝေါဒေသ၌ ဆင်နွှဲခဲ့သောတိုက်ပွဲများသည် တောင်ပေါ် စစ်ဆင်ရေးနှင့် တောတွင်းစစ်ဆင်ရေး ပေါင်းစပ်ထားသည့် စစ်ဆင်ရေးသာဖြစ်၏။ တောင်ပေါ်စစ်ဆင်ရေးနှင့် တောတွင်းစစ်ဆင်ရေးတို့၏ သဘာဝအရ ...

(က) သွားလာရေးခက်ခဲခြင်း

(ခ) မြင်ကွင်းကန့်သတ်မှုရှိခြင်း

(ဂ) စားနပ်ရိက္ခာရှားပါးခြင်း

(ဃ) ရောဂါဘယထူပြောခြင်း

(င) ရာသီဥတုဆိုးဝါးခြင်း စသောအချက် များကို တိုက်ပွဲဝင်စစ်သည်တို့ တွေ့ကြုံခံစားကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



## အင်အားနှိုင်းယှဉ်ချက်

အင်အားနှိုင်းယှဉ်ချက်အနေဖြင့် တိုက်ပွဲအစပိုင်းတွင် KNU တို့ဘက်မှ အင်အား ၂၀၀၀ ကျော်ဖြင့် တိုက်ပွဲကို စတင်ခဲ့ရာ မိမိတို့ မဲသဝေါဒေသကို စခန်းထိန်းတာဝန်ယူထားသည့် ရတခလရ (၇၆) ခေါ် ရှေ့တန်း အမှတ် (၇၆) ခြေလျင်တပ်ရင်းထက် အင်အား ၆ ဆ ၇ ဆခန့် ရှိလေသည်။ တိုက်ပွဲစတင်စဉ်က ရတခလရ (၇၆) သည် တပ်ခွဲငါးခွဲရှိရမည့်အစား လေးခွဲသာရှိ၏။ အင်အား ၃၀၀ ခန့်သာရှိသည်။ တပ်ခွဲတစ်ခွဲသည် မဲသဝေါမှ ရှမ်းရွာသစ်သို့ ခေတ္တ ခရီးသွားနေချိန်ဖြစ်၏။

တိုက်စစ်ဥပဒေသ၌ ရန်သူတစ်ဆအား မိမိသုံးဆဖြင့် တိုက်ရမည်ဟု စစ်ပညာရှင်တို့က ဆိုခဲ့ကြ၏။ ပြောက်ကျားပါရဂူကြီး မော်စီတုန်းကမူကား ...

"အောင်ပွဲကို သေချာစေရန်အတွက် တိုက်စစ်၌ ရန်သူတစ်ဆကို မိမိအင်အား ဆယ်ဆဖြင့် တိုက်ပွဲဝင်ပါ" ဟုဆိုခဲ့သည်။

ထိုစဉ်က မဲသဝေါစခန်း၌ မိမိတပ်မှ ဒုဗိုလ်မှူးကြီး သီဟသူရကျော်ညွန့် ဦးစီးပြီး တပ်ခွဲလေးခွဲ အင်အား ၃၀၀





ခန့်ရှိခဲ့သော်လည်း ရန်သူမှ အောက်ပါအတိုင်း အင်အားစုများ ပါဝင်သည်ကို တွေ့ရ၏။

(က) တပ်မဟာ (၇) တပ်မဟာမှူးနှင့်အင်အား ၅၀၀
(ခ) တပ်မဟာ (၁) မှ စစ်ကြောင်းတစ်ခု ၃၀၀
(ဂ) တပ်မဟာ (၂) မှ စစ်ကြောင်းတစ်ခု ၂၀၀
(ဃ) တပ်မဟာ (၃) မှ စစ်ကြောင်းတစ်ခု ၂၀၀
(င) တပ်မဟာ (၆) မှ စစ်ကြောင်းတစ်ခု ၄၀၀
(စ) **ABSDF** နှင့် မဒတမှ စစ်ကြောင်းတစ်ခု ၃၀၀
(ဆ) တပ်မ (၁) ကွပ်ကဲမှုအောက် အထူးတပ်ရင်း (၁၀၁)မှ ၂၀၀

စုစုပေါင်းအင်အား ၂၁၀၀ ခန့်ဖြစ်ရာ မိမိတို့စခန်းထိန်းတာဝန်ယူထားသည့် တပ်ထက် အင်အား ၇ဆခန့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ထို့ကြောင့် တိုက်ပွဲအတွင်းမှာပင် မိမိတို့ တပ်စခန်းများသည် သာလွန်အင်အားဖြင့် အတိုက်ခံခဲ့ရ၍ လျင်မြန် စွာ ကျဆုံးခဲ့ရခြင်းဖြစ်တော့၏။

လက်နက်အနေဖြင့်မူ မိမိတို့တပ်၌ တပ်ရင်း အဆင့်လက်နက်ကြီးများဖြစ်သော ၈၁ မီလီမီတာစိန်ပြောင်း ကြီးများ၊ ၆၀ မီလီမီတာစိန်ပြောင်းများ၊ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်များနှင့် ကျန်လက်နက်ငယ်များသာ ဖြစ်၏။

**KNU** တို့ဘက်ကမူ ၁၂၀ မီလီမီတာ စိန်ပြောင်း ကြီးများအပါအဝင် စိန်ပြောင်းအမျိုးစုံ ထိုင်းနိုင်ငံမှ စမ်းသပ်အသုံးပြုရန် ထုတ်ပေးထားသည်။ ၁၀၇ မီလီမီတာ အဝေးပစ်ရော့ကက်လောင်ချာကြီးများနှင့် **R.P.G** လောင်ချာ များ၊ ၄၀ မီလီမီတာ ဗုံးပစ်လောင်ချာများ၊ ၂. ၇၅ လောင်ချာများ၊ ၇၅ မီလီမီတာနှင့် ၅၇ မီလီမီတာ နောက်ပွင့် ရိုင်ဖယ်များ ပါဝင်လေသည်။

တိုက်ပွဲဖြစ်သည်နှင့် ပထမဆုံးအံ့ကျော်ကုန်း၏ ရှေ့ကာစခန်းအား အင်အား ၄၀၀ ဖြင့် စတင်တိုက်ခိုက် ခဲ့ရာ စခန်းကုန်းကျဆုံးခဲ့ရ၏။ ထိုစခန်းကုန်း၌ မိမိတပ်မှ





အင်အား ၁၇ ဦးမျှသာရှိသည့် တပ်စုစခန်းဖြစ်၏။

ရန်သူသည် သာလွန်အင်အားသုံး၍ စခန်းများကို တစ်ခုပြီးတစ်ခု တိုက်ခဲ့ရာ မိမိတပ်များ စခန်း အားလုံးကို စွန့်လွှတ်ခဲ့ရပြီး နောက်ဆုံး၌ မောရလီတောင်ကုန်းသို့ အားလုံးစုစည်းပြီး ခုခံခဲ့ရတော့သည်။ မောရလီတွင် ရက်သတ္တ ၂ ပတ်ကြာ ခုခံနေချိန်တွင် မိမိတို့စစ်ကူတပ် များ တဖွဲဖွဲရောက်ရှိလာပြီး ရန်သူများကို ပထမ ဟန့် စစ်ဆင်ထိန်းချုပ်ထား၍ အသင့်ဖြစ်ချိန်မှ ထိုးစစ်များကို ပြန်စနိုင်ခဲ့တော့၏။

**ရာသီဥတု**

စစ်ပွဲတစ်ပွဲဖြစ်လျှင် အောက်ပါအချက်များသည် အဓိကကျသော **Main Factor** အကြောင်းတရားကြီးများ ဟု စစ်ပညာရှင်ကြီးများက ဆိုကြသည်။

(က) ရန်သူ
(ခ) ရာသီဥတု
(ဂ) မြေအနေအထား
(ဃ) ဒေသခံပြည်သူလူထု



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း မဲသဝေါတိုက်ပွဲ၌ ရာသီဥတုက အလွန်အရေးပါသော အခန်းကဏ္ဍက ပါဝင်လေသည်။

ကရင်ပြည်နယ်သည် တောတောင်ထူထပ်၍ ချောင်းငယ်မြောင်းငယ်များ အလွန်ပေါများ၏။

မိမိတပ်များ စစ်ကူချီတက်ကြရာတွင် ကရင်ပြည်နယ် မြို့တော် ဘားအံမှ လှိုင်းဘွဲ့သို့ချီတက်ရသည်။ လှိုင်းဘွဲ့မြို့ကလေးမှ မြောက်ဘက်သို့ ပိန္နဲတော၊ ကြာအင်း၊ ယင်းပိုင်၊ ရှမ်းရွာသစ်၊ ထိုမှ မဲသဝေါသို့ဖြစ်သည်။ လမ်းတွင် မိုးတွင်းကာလ မိုးမပြတ်သေး၍ ရေပြည့်နေသော ချောင်းငယ်မြောင်းငယ်များကို မကြာခဏ ဖြတ်သန်းကြရသည်။ ချောင်းကူး၊ မြောင်းကူးများ၌ KNU တို့က ကားမိုင်းများ၊ လူနင်းမိုင်းများ ထောင်ထားကြသည်။ နေရာကောင်းကောင်းများမှ စောင့်ကြို၍ ချုံခိုတိုက်ခိုက်ခြင်း၊ ခြောင်းပစ်ခြင်း၊ ဆွဲမိုင်းများဆွဲခြင်း စသည်များကိုလည်း အဆက်မပြတ်ပြုလုပ်ကြသည်။

တစ်လမ်းလုံး ရန်သူကို ရှင်းလင်းချီတက်နေကြရသဖြင့် မိမိတို့တပ်များ ရည်မှန်းချက်သို့ တော်တော်နှင့် မရောက်နိုင် ခဲ့ကြ။ မဲသဝေါနှင့် ရှမ်းရွာသစ်ကြား၌ KNU





မှ ဂျော်နီဦးစီးလှုပ်ရှားစစ်ကြောင်းက အင်ကြီးအားကြီးနှင့် စောင့်ကြို တိုက်ခိုက်သည်။ လေကြောင်းပစ်ကူများ လာရောက်ခဲ့သော်လည်း တိမ်ထူထပ်ခြင်း၊ မိုးများအဆက်မပြတ် ရွာသွန်းခြင်း၊ မိုးမြူများဆိုင်းနေခြင်းတို့ကြောင့် မိမိတို့တိုက်လေယာဉ်များ ပစ်မှတ်ကို ကွဲကွဲပြားပြား မတွေ့ရ သဖြင့် ရန်သူကို အထိနာအောင် လေကြောင်းပစ်ကူ ချက်ချင်း မပေးနိုင်ခဲ့။ တစ်ဖက်ထိုင်းနိုင်ငံနှင့် အလွန်နီးကပ်နေသဖြင့် လေယာဉ်ပျံသန်းမှုကလည်း ကန့်သတ်ချက်များ ရှိနေပြန်၏။ ထို့ကြောင့် လွတ်လွတ်လပ်လပ် ပျံသန်းပြီး လှုပ်ရှားစစ်ကစား၍ မရခဲ့ပါချေ။

မဲသဝေါတိုက်ပွဲ ဤမျှ ကြန့်ကြာသွားခဲ့ရခြင်းသည် ရာသီဥတုကန့်သတ်ချက်ကြီးကြောင့်ဟုလည်း ဆိုရ ပေမည်။

## ဆက်သွယ်ရေးလမ်းကြောင်းများ

ဆက်သွယ်ရေးလမ်းကြောင်းများအနေဖြင့်မူ ရန်သူနှင့် မိမိ နှိုင်းယှဉ်ပါက ရန်သူ့ဘက်မှ အလွန်အခြေအနေကောင်းသည်။

မဲသဝေါဒေသ မဲသဝေါရွာကြီးသည် သောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



မြစ်အနောက်ဘက်ကမ်းတွင်ရှိပြီး အရှေ့ဘက်ကမ်းကား ထိုင်းနိုင်ငံ ဒါဆောင်ယမ် (တာစွန်ယန်း) မြို့ကလေးဖြစ်၏။ ထိုမြို့ကလေးသို့ ထိုင်းနိုင်ငံတွင်းရှိ ဘန်ကောက် ဇင်းမယ် အဝေးပြေးကားလမ်းမကြီး High Way မှ ကတ္တရာလမ်းခွဲ ဖောက်ထား၏။ ကုန်ပစ္စည်းအမျိုးစုံ ဥဒဟိုတင်ပို့ကာ မဲသဝေါဒေသသို့ တင်သွင်းလျက်ရှိ၏။ မဲသဝေါတွင် မိမိတပ်များ ပိတ်ဆို့တားဆီးနေစဉ် အချိန်များ၌ သောင်ရင်းမြစ်ကို စက်လှေကလေးများဖြင့် နေရာအနှံ့ ဖြတ်ကူးကာ ဒေါနတောင်ခြေသို့ ပို့၏။ ဒေါနတောင်ခြေတွင် အထမ်းအပိုးများပြုလုပ်၍ လူဖြင့် သယ်ယူပြီး အနောက်ဘက်ခြမ်းသို့ သယ်ယူကာ ဘားအံ၊ မော်လမြိုင် ဒေသများသို့ တင်ပို့ရောင်းချကြလေသည်။

ဒါသာမက သောင်ရင်းမြစ်နှင့်အပြိုင် ကားသွား၍ရသော ကတ္တရာလမ်းများလည်း ဖောက်ထား၏။ ထိုကတ္တရာလမ်းများမှာ ရှေးမဆွကပင် ဖောက်ထားခြင်းဖြစ်၏။

ရှမ်း ကယားနယ်စပ်မှသည် တောင်ဘက်အစွန်ဆုံး တနင်္သာရီတိုင်းအထိ ဒုက္ခသည်စခန်းအမည်ခံသော KNU





စခန်းများ အောက်ပါအတိုင်းရှိနေခဲ့၏။

မြောက်မှတောင်သို့

- နားဆွယ်စခန်း
- နို့ပါစခန်း
- ဟွေနမ့်စခန်း
- မဲစလင်းစခန်း
- ဝဲကြီးစခန်း
- ဖလားစခန်း
- မဲလက်ထစခန်း
- မဲရာမိုစခန်း
- မဲဝေစီးစခန်း
- ရှိုးကလိုစခန်း
- မဲလဖိုးထစခန်း
- ဘဲကလော့စခန်း
- ဝေ့ကလုပ်စခန်း
- ဝေ့မဲပဲစခန်း
- မော်ကဲစခန်း



www.burmeseclassic.com

www.burmeseclassic.com



အုန်းပျံစခန်း

အုန်းဖန်စခန်း

နို့ဖိုးစခန်း

သော်ပစခန်း

ဘန်တန်ယန်စခန်း

ဖွန်ဆန်တောင်စခန်း

ပေါ်ဆန်ထွန်းစခန်း

လက်တီယံစခန်း

ကျောက်ဂူစခန်း

ချွန်ဖုန်းစခန်း

ဆွန်ဖုန့်စခန်း

ဆွန်ဖိန်းစခန်း

ထီးဖြူစခန်း

နော်ဝဲခွန်စခန်း

ထိုစခန်းများသည် KNU စခန်းများသာဖြစ်၏။ မြန်မာနိုင်ငံမှ ထွက်ပြေးသွားကြသူအများစု နေထိုင်ကြသည်။ ထိုစခန်းများသို့ ဝင်းမယ်နှင့် ဘန်ကောက်မှ သတင်းထောက်များ၊ စာနယ်ဇင်းသမားများ၊ NGO များ





www.burmeseclassic.com

www.burmeseclassic.com





ကရင်အမျိုးသားနေ့တွင် တွေ့ရသည့် ကေအင်ယူစစ်သည်များ





တိုက်ပွဲဝင်ကေအင်ယူစစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com



တိုက်ပွဲဝင်ကေအင်ယူ လက်နက်ကြီးစစ်သည်တစ်ဖွဲ့





တိုက်ပွဲဝင် ကေအင်ယူစစ်သည်များ
အောက်ပုံမှာ Women Corp မှ အမျိုးသမီးများဖြစ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com









ကေအင်ယူမှကလေးစစ်သည်များ

တိုက်ပွဲဝင်နေကြသည့်ကေအင်ယူစစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com





စစ်မြေပြင်ရောက်ကေအင်ယူစစ်သည်များ





ရှေ့တန်းတပ်စခန်းရောက် ကေအင်ယူ စစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com





တိုက်ပွဲဝင်ကေအင်ယူစစ်သည်များ





ရှေ့တန်းရောက်ကေအင်ယူစစ်သည်များ

www.burmeseclassic.com

www.burmeseclassic.com





ရှေ့တန်းရောက်ကေအင်ယူစစ်သည်များ





တောတွင်းမှကေအင်ယူစစ်သည်များနှင့် မိသားစု

www.burmeseclassic.com

www.burmeseclassic.com






ကေအင်ယူအမျိုးသားနေ့အခမ်းအနား




ထိုင်း-မြန်မာနယ်စပ်မှ သောင်ရင်းမြစ်

www.burmeseclassic.com

www.burmeseclassic.com





ကေအင်ယူတောတွင်းစခန်းတစ်ခု



ကြီးစား စစ်သားများ လက်နက်ရောင်းချသူများ မှောင်ခို အရောင်း အဝယ်သမားများ ပြည်ပြေးနိုင်ငံရေးသမားများ ထွက် ခလုတ် ဝင်ခလုတ် သွားလာနေကြ၏။ ထိုသို့သွားနိုင် အောင်လည်း ငွေကုန်ကြေးကျခံကာ လမ်းများကို ဖောက် ထားကြသည်။

KNU တို့က ထိုလမ်းများ ထိုစခန်းများကို အသုံးပြုပြီး စစ်ကူများ၊ လက်နက်ခဲယမ်းများကို မဲသဝေါ အသို့ ပို့ပေးကြသည်။

စာရေးသူပင်လျှင် ၁၉၉၂ က မာနေပလော စစ်ကြီး၌ နည်းဗျူဟာမှူးအဖြစ်ဖြင့် ဘိနနော်တအား တိုက်ခဲ့ရာ KNU ၏ အုပ်ချုပ်ထောက်ပံ့မှုများကို လျှော့ ထွက်ခဲ့သည်။ ဆက်သွယ်ရေးလမ်းကြောင်း အလွန်တို တောင်းပြီး၊ သူတို့လိုတာကို အချိန်မီ ဖြည့်ဆည်းနိုင်ကြ ကြောင်း မသိခဲ့၊ ဘိန ပထမခံစစ်စည်းအား တိုက်သိမ်း နိုန်ကျမှ သူတို့၏ ဆက်သွယ်မြောင်း **Trench** ကျင်း ရည်ကြီးထဲတွင် ကျန်ခဲ့သည့် ထိုင်းနိုင်ငံလုပ် ခေါက်ဆွဲ ခြောက်ထုပ်များ၊ ရေသန့်ဘူးများ၊ ဖျော်ရည်ဘူးများ၊ တွေတ်မုန့်ထုပ်များကို သိမ်းဆည်းရမိ လိုက်ပါမှ –

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟ … ဒီကောင်တွေ ထမင်းမငတ်ကြပါလား"

ဟု သိရတော့သည်။

လိုတာအတော်များများကို သောင်ရင်းမြစ်အား စက်လှေကလေးများနှင့် ကူးပြီး လာပို့ကြသည်။ ဘိနကုန်းက လှမ်းကြည့်လျှင် စက်လှေများ ကူးချည်သန်းချည် လုပ်နေသည်ကို အတိုင်းသားမြင်နေရသည်။ ဒါသာ မကဘဲ ကားအဝါကြီး နှစ်စီး သုံးစီး အရှေ့ဘက်ကမ်း၌ ထိုးဆိုက်ထားပြီး ထိုကားဝါကြီးနှစ်စီးပေါ်မှ အတွဲလိုက် ၁၀၅ မီလီမီတာ လောင်ချာကြီးများ ပစ်ထုတ်နေသည်ကိုပါ မြင်ရသည်။ ဟိုဘက်ကမ်းက ပစ်နေတာမို့ ပထမတစ်ရက် နှစ်ရက်တော့ သည်းခံပြီး ကြည့်နေသေးသည်။ နောက်တော့ သည်းမခံနိုင်၍ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်ကြီးအား ပြောင်းထိုးပြီး လှမ်းပစ်ခိုင်းလိုက်ရာ တိုက်ရိုက်ထိမှန်သွားပြီး ကားဝါကြီး နှစ်စီး မောင်းပြေးတော့၏။ နောက်ရက်များတွင်တော့ လူမြင်ကွင်းက ထွက်မပစ်တော့ဘဲ ခပ်လှမ်းလှမ်းကသာ ပစ်တော့သည်။ ကြည့်မပစ်ရ၍ထင်၏။ ဟိုတစ်လုံး ဒီတစ်လုံး ကျကွဲသည်။ စောစောကတော့ ဘိနကုန်းကို တိုက်ရိုက်လာကျ၍ ကံကောင်း





သဖြင့် စာရေးသူ ဗျူဟာမှူးအသစ်ကလေး ကျွန်တော် အနိစ္စသဘောနှင့် ကိစ္စမချောခဲ့ရခြင်းပါပေ။

ဒါက သူတို့ဘက်က ဆက်သွယ်ရေးလမ်းကြောင်း အခြေအနေဖြစ်ပါသည်။ သူတို့၏ **KNU** ဗဟိုမာနေပလောက မဲသဝေါနှင့်လည်း သိပ်မဝေးလှပါ။ ခြေလျင်သွားက နှစ်နာရီသာသာ၊ စက်လှေဖြင့်သွားက အဆင်းတောင်မှ မြောက်သို့ တစ်နာရီမရှိတရှိ၊ မြောက်မှတောင်သို့ အတက်တစ်နာရီကျော်ကျော် မောင်းက ရောက်ပါ၏။ ထိုသို့မဟုတ်ဘဲ တစ်ဖက်ကမ်းက ဒါဆောင်ယမ်ကိုကူးပြီး ကားနဲ့သွားပါက ခဏနှင့် ရောက်၏။ နာရီဝက် ထက်မပိုဟု ပြောကြသည်။

ကျွန်တော်တို့ဘက်က ဆက်သွယ်ရေးလမ်းကြောင်းကမူ အတော်ရှည်လျားပေသည်။ ဘားအံမှ လှိုင်းဘွဲ့အထိတော့ဖြင့် ကားနှင့်သွား၍ရသေးသည်။ ကတ္တရာလမ်းမို့ ဥတုသုံးလီ သွား၍ရသည်။ လှိုင်းဘွဲ့မှ မြောက်ဘက် ရွှမ်းရွာသစ်အတက်တွင်ကား မိုးရာသီ ကားသုံး၍ မရပါ။ ချောင်းကူး မြောင်းကူးများက အန္တရာယ်ကြီးလှ၏။ အောက်ခံမြေကလည်း စိတ်မချရ။ ပျော့သည့်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ပျော့သည်။ မာသည့်နေရာ မာ၏။ ထို့ကြောင့် တိုက်ပွဲဝင်စစ်သည်များ ခြေလျင်သွားကြရ၏။ **KNU** က ကားမိုင်းလည်း အဆက်မပြတ်ထောင်နေရာ ၁၉၉၂ ကျွန်တော်တို့ မာနေပလောတိုက်ခဲ့စဉ်က ရှမ်းရွာသစ်အထိ ကားနဲ့သွားခဲ့ရာ ကားသုံးလေးငါးစီး မိုင်းနင်းခဲ့၏။

ထို့ကြောင့် ရှေ့တန်းတိုက်ပွဲနေရာသို့ လိုအပ်သည့် ရိက္ခာ၊ ခဲယမ်းမီးကျောက် အစရှိသည်များ သယ်ဆောင်ရာ၌ အလွန်ကြန့်ကြာခဲ့ရ၏။ **KNU** တို့ မဲသဝေါ၌ အချိန်ကြာမြင့်စွာ ခံစစ်ဆင်နိုင်ခဲ့ခြင်းမှာလည်း တပ်မတော်ဘက်က လူ၊ လက်နက်၊ ခဲယမ်း၊ ရိက္ခာ၊ ကျည်ဆန်စုဆောင်းပြင်ဆင်မှု မပြီးသေး မပြည့်စုံသေးသဖြင့်သာ ကြန့်ကြာခဲ့ရခြင်းဖြစ်လေသည်။

ဤကဲ့သို့ လူ၊ လက်နက်၊ ခဲယမ်း၊ ဆေးဝါး၊ ရိက္ခာ၊ စစ်သုံးဆီလုံလောက်အောင် ဆောင်ရွက်နိုင်ခြင်းကို အုပ်ချုပ်ထောက်ပံ့မှု **Logistic** ကောင်းခြင်းဟုခေါ်ပါသည်။ **L of C, Line of Communication** ဆက်သွယ်ရေးလမ်းကြောင်းရှည်လျားပြီး လမ်းများမကောင်းသဖြင့် ချိန်းတပ်ဘီးတပ်ယာဉ်များ မသုံးနိုင်သောကြောင့် မိမိတို့ လိုအပ်





သော ပစ္စည်းပစ္စယများကို လူဖြင့်သာ အဓိကသယ်၍ ပို့ခဲ့ရ၏။ စစ်သည်များကိုယ်တိုင် သယ်ရ၏။ နောက် ဆုံး ပြည့်စုံလုံလောက်မှ မဲသဝေါထိုးစစ်ကို စတင်ရာ မိမိ တပ်မတော်က နိဂုံးချုပ်၌ အောင်ပွဲခံခဲ့ရလေသည်။

ဤနေရာတွင် ဂျာမန်စစ်သူကြီးရွန်းမဲလ်၏ အဆိုအမိန့်တစ်ခုအား ထည့်သွင်းတင်ပြလိုပါသည်။

**"တိုက်ပွဲဒဏ်ကို ခံနိုင်ရန် တပ်မတော်တစ်ခု၏ အရေးအကြီးဆုံးအချက်မှာ လက်နက်၊ ဓာတ်ဆီ၊ ကျည်ဆန်လုံလောက်အောင်ရှိခြင်းပင် ဖြစ်သည်။ စင်စစ်အင်အားဖြင့် ပစ်ခတ်မှုမစမီကပင် တပ်ထောက်အချင်းချင်း၏ တိုက်ပွဲသည် ထိုတိုက်ပွဲ အောင်မြင်မှု၏ အဆုံးအဖြတ်ကိုပေးပြီး ဖြစ်ပေသည်"** ဟူသတည်း။

နောက်ဆုံးတော့ မဲသဝေါတွင် မိမိတို့တပ်မတော် နိုင်ခဲ့ပါသည်။ သို့ရာတွင် ဆက်သွယ်ရေးလမ်းကြောင်း ညံ့ဖျင်းမှုဒဏ်ကိုကား အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



**ဒေသခံပြည်သူလူထု**

ဒေသခံပြည်သူလူထု သို့မဟုတ် နယ်မြေခံပြည်သူလူထုမှာ အများအားဖြင့် တိုင်းရင်းသား ကရင် လူမျိုးများဖြစ်ကြ၏။ ထို့ကြောင့် **KNU** နှင့် မကင်းရာ မကင်းကြောင်းများ ဖြစ်ကြ၏။ **KNU** ၏အကြမ်းဖက်ဝါဒကို မကြိုက်ကြသော်လည်း အကြောက်တရားဖြင့် စိုးမိုးထား၍ မချစ်သော်လည်း အောင့်ကာနမ်းခဲ့ကြရ၏။ မိမိတို့ တပ်မတော်အား ထင်ထင်ရှားရှား မကူညီဝံ့ကြပေ။ ကူညီသူများကိုလည်း **KNU** က ကြာကြာထားလေ့ မရှိ။ သုတ်သင်ရှင်းလင်းပစ်သည်က များ၏။

စာရေးသူ နည်းဗျူဟာမှူးတာဝန်ဖြင့် သထုံခရိုင်မြောက်ခြမ်းတွင် တာဝန်ကျခဲ့စဉ်က ထိုဒေသရှိ ကျေးရွာများ၌ ယောက်ျားကျေးရွာလူကြီးများ မကြာခဏ အသတ်ခံနေကြရ၍ မိန်းမ သူကြီးများသာ ရှိ၏။ ရှားရှားပါးပါး လေးကေရွာကြီး၌ ယောက်ျားသူကြီးမင်းတစ်ဦးရှိရာ စာရေးသူတို့ကို ကူညီရပ့်မလားဆိုပြီး ၁၉၉၃ ခုနှစ်က ထိုသူကြီးမင်းကို **KNU** က လေးကေဂူဝသို့ ခေါ်ယူပြီး ပစ်သတ်ခဲ့ဖူး၏။





ဤသို့သောအကြောက်တရားများကြောင့် ဒေသခံပြည်သူလူထုသည် မဲသဝေါတိုက်ပွဲကာလက ဘယ်ဘက်ကိုမှ ထင်ထင်ရှားရှား မကူညီဘဲ နေခဲ့သည်ကို လေ့လာတွေ့ရှိရ၏။

**စိတ်ဓာတ်**

စိတ်ဓာတ်ပိုင်းဆိုင်ရာကို နှိုင်းယှဉ်ရပါက တပ်မတော်ဘက်မှ စိတ်ဓာတ် ပိုမိုကောင်းမွန်ကြောင်း အထင်အရှား တွေ့ရပါသည်။

အဘယ်ကြောင့်နည်းဟူမူကား ရတခလရ (၇၆) သည် မိမိထက်အင်အား ဖြဆ ရဆသာလွန်သည့် ရန်သူကို တိုက်သတ္တ နှစ်ပတ်တိုင်တိုင် မောရလီတောင်ကြောမှ ခုခံခဲ့၏။ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သီဟသူရ ကျော်ညွှန့်သည် အထိအခိုက်အကျအဆုံးများပြား၍ ၎င်း၏စစ်သည်များမှ ဆုတ်ခွာရန် တင်ပြခဲ့ကြသော်လည်း

"ငါ မသေမချင်း ဒီနေရာက မခွာဘူး"

ဟုဆိုကာ သေသည်အထိ အသက်စွန့်ကာ ခံစစ်ဆင်သွားခဲ့၏။ နမူနာကောင်းပြသွားခဲ့၏။ ဓနုဖြူတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျဆုံးခဲ့သည့် စစ်သူကြီးမဟာဗန္ဓုလ၏ထုံးကို နှလုံး သွားခဲ့လေသည်။ ထိုစိတ်ဓာတ်ကြောင့်လည်း နောက်ဆုံး ခံစစ်ကုန်း မောရလီတောင်ကြော မကျဆုံးခဲ့ခြင်းဖြစ် မောရလီကုန်း မကျဆုံးခဲ့သဖြင့်လည်း မဲသဝေါအေး ရန်သူ့လက် လုံးဝကျသွားပြီဟု မည်သူကမှ ပြောမ ရန်သူ KNU တို့ပင် မငုံ့ကြွားနိုင်ခဲ့ကြ။

၃လကြာတိုက်ပွဲတွင် တိုက်ပွဲကြီး ၈၅ ကြိမ် တိုက်ပွဲငယ် ၁၄၅ ကြိမ်၊ အနီးကပ် လုံ့စွပ်ထိုး တွေ့ ရစ်ပတ် ၄၇ ကြိမ်ဖြစ်ပွားခဲ့ပြီး၊ ၂၄၂ ဦး ကျဆုံးကာ ၉ ဦး ဒဏ်ရာရရှိခဲ့သည်အထိ မိမိတပ်မတော်ဘက် စိတ်ဓာတ်ကောင်းကောင်းဖြင့် တိုက်ပွဲဝင်ခဲ့ပါသည်။

KNU ဘက်မှ ၄၀၀ ကျော် ကျဆုံးပြီး ၂ လောင်း စစ်မြေပြင်တွင် ကျန်ခဲ့သည်။ လူ ၁၀၀၀ ဒဏ်ရာ ရသွားခဲ့ရာ KNU တပ်မ (၁)၏ တကယ် အမာခံအင်အား များ ကြေပြုန်းသွား၍ နောင် နောက်ဆ တွဲ ရလဒ်များ အဖြစ် သောင်းရင်းမြစ်ကမ်းက KN စခန်းများ တစ်ခုပြီး တစ်ခု ကျဆုံးသွားပြီး KNU ဗ မာနေပလောပါ လက်လွှတ်ဆုံးရှုံးခဲ့ရသည်ကို တွေ့





တော့၏။

မည်သို့ဆိုစေ မဲသဝေါတိုက်ပွဲ၌ တိုက်ပွဲဝင်စစ် သည် များသည်ကား နန္ဒိသေနပို့က –

**''လူတို့မှတ်ရိုး စစ်မက်ထိုးသော် အားကြိုး တင်းတင်း လူချင်းချင်းကို ဘယ်မင်းဖက်ပြိုင်၊ ဘယ် တပ်ဆိုင်အံ့၊ သူနိုင်ငံသား။ သံမှုန့်စားမှ တို့ဓားတုံးမည် မှတ်တော်တည်လော့''**

ဟူသောစကားလာအတိုင်း စိတ်ဓာတ်ကောင်း ကောင်းနှင့် အောင်ပွဲရသည်အထိ စွန့်စားတိုက်ခိုက်ခဲ့ ကြောင်းကို တွေ့ရပါသည်ခင်ဗျား။

နိဂုံးချုပ်သုံးသပ်ချက်

နိဂုံးချုပ်သုံးသပ်တင်ပြပါမည်။

၁၉၈၈ က မဲသဝေါတိုက်ပွဲကြီးသည် သာမန် စစ်ရေး တိုက်ပွဲမဟုတ်ပါ။ **War is the Continuation of the politics** ဆိုသည့်စကားကဲ့သို့ နိုင်ငံရေး၏ အဆက် စစ်ပွဲကြီးဖြစ်၏။

၁၉၈၈ အရေးအခင်းတွင် တိုင်းပြည်ဘေးချုပ်



www.burmeseclassic.com

www.burmeseclassic.com



နံကျပ် ဖြစ်ခဲ့ရ၏။ ပြည်တွင်းဆူပူမှုဖြစ်ပြီး အရေးအခင်းတွင် ပါဝင်သူအများအပြား နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရာ အတော်များများ **KNU** ဗဟို မာနေပလောသို့ ရောက်သွားကြ၏။ **KNU** က မာနေပလောတွင် မဒတခေါ် မြန်မာနိုင်ငံဒီမိုကရေစီတပ်ပေါင်းစု **NDF National Democratic Front** အား ဖွဲ့စည်းထားခဲ့ရာ ထိုအဖွဲ့ကို ဦးဆောင်၍ အနီးဆုံးမဲသဝေါ်ကို ထိုးစစ်ဆင်ခြင်းဖြစ်သည်။ မဲသဝေါ်ကိုရပြီးပါက ဘားအံ၊ မော်လမြိုင်မြို့ကြီးများကို ဆက်သိမ်းမည်။ ထို့နောက် တနင်္သာရီနှင့် မြစ်ဝကျွန်းပေါ်ဒေသများကို သိမ်းကာ သီးခြားကရင်ပြည်နယ် ထူထောင်မည်။ အစိုးရကို အကြပ်ကိုင်မည်။ ပြည်ပအကူအညီများ ရယူကာ နိုင်ငံတော်အာဏာကိုပါ ထိပါးရန် ရည်ရွယ်ရင်းဖြစ်ခဲ့၏။

အနိမ့်ဆုံးရည်မှန်းချက်မှာ မဲသဝေါ်ကို ရလျှင်ပင် တစ်ဖက်ကမ်းမှ ဒါဆောင်ယမ်ကို အမှီပြုပြီး မှောင်ခိုဈေးတန်းကြီး ပြန်ဖွင့်မည်။ မှောင်ခိုစီးပွားရေးလုပ်ငန်းများ ပြန်လုပ်ကာ စီးပွားရေးပြန်လည် ထူထောင်၍ **KNU** အဖွဲ့အစည်းကို တောင့်တင်းခိုင်မာသည်ထက် ခိုင်မာအောင်





ဆောင်ရွက်ရန်ပင်ဖြစ်၏။

မဲသဝေါ်တိုက်ပွဲ အစပိုင်း၌ စခန်းသုံးခုကို ရလိုက်သဖြင့် **KNU** တို့ အလွန်အားတက်သွား၏။ ၎င်းတို့နှင့် အတူပါလာသော မဒတ တပ်ပေါင်းစုကိုလည်း ကြိုးကိုင်နိုင်ရန် ကြိုးစားခဲ့၏။

ထို့ကြောင့် အောက်တိုဘာ ၁၂ ရက်နေ့တွင် မာနေပလော၌ မဒတ၏ ဒုတိယအကြိမ်မြောက် ညီလာခံ ဟိုသဘာပတိအဖွဲ့၏ တတိယအကြိမ် အရေးပေါ်အစည်းအဝေး ကျင်းပပြီး ကျောင်းသားများနှင့် ပတ်သက်၍ **KNU** ဥက္ကဋ္ဌဗိုလ်မြမှ အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။

**"စက်တင်ဘာ ၁၈ ရက်နေ့မှာ စစ်တပ်က အာဏာသိမ်းလိုက်တဲ့အတွက် ကျောင်းသားတွေရဲ့ ဒီမိုကရေစီတိုက်ပွဲဟာ မြေပေါ်မှာ လုံးဝမဖြစ်နိုင်တော့ဘူး။ ဒါကြောင့် လက်နက်ကိုင်တိုက်ပွဲဆင်နွှဲလိုတဲ့ ဆန္ဒတွေ ဖြစ်ပေါ်လာလို့ ဒါကို အခြေခံပြီး ဒီကိုရောက်လာကြတာဖြစ်တယ်"**

**"ဒါ့ကြောင့် မဒတက သူတို့ကို အတတ်နိုင်**



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အကူအညီပေးသွားကြဖို့နဲ့ တစ်ပြိုင်နက်တည်း မှာလည်း မြို့ပေါ်က လူထုလှုပ်ရှားမှုတွေ၊ မြို့တွင်း တိုက်ပွဲတွေနဲ့ ကျောင်းသားတွေရဲ့အဆက်အသွယ်ရေး ကို ဆက်စပ်ပြီး မြေပေါ်မြေအောက် ပူးတွဲထိုးဖောက် လှုပ်ရှားဖို့ဖြစ်တယ်''

''ဒီမဲသဝေါတိုက်ပွဲကလည်း ဒီရည်ရွယ်ချက်ကို ဖြည့်ဆည်းပေးဖို့ တိုက်တာဖြစ်တယ်။ မကြာမီမှာ ကျောင်းသားများ နှီးနှောဖလှယ်ပွဲ ကျင်းပပေးပြီး မြန်မာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ အဖွဲ့ကို ဖွဲ့စည်းပေးသွားမှာဖြစ်တယ်။ ကျောင်းသားတပ်မတော် ကို ဖွဲ့စည်းပေးသွားမှာ ဖြစ်တယ်''

အထက်ပါအတိုင်း ပြောကြားခဲ့ပြီး နိုဝင်ဘာ ၁ ရက်မှ ၅ ရက်အထိ မာနေပလောတွင် ကျောင်းသား နှီးနှောဖလှယ်ပွဲ ကျင်းပပေးပြီး **All Burma Students Democratic Front** ခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား များ ဒီမိုကရက်တစ် တစ်ဦး (မကဒတ) **ABSDF** အား ဖွဲ့စည်းပေးခဲ့သည်။ စင်ပြိုင်အစိုးရထူထောင်ရေး ဆောင် ရွက်ပေးခဲ့သည်။





သို့ရာတွင် မဲသဝေါတိုက်ပွဲ အရေးနိမ့်သွားခဲ့သဖြင့် စစ်ရေးအောင်ပွဲဖြင့် နိုင်ငံရေးရည်မှန်းချက်ကြီး ထူထောင် ရန် **KNU** တို့၏ ကြိုးပမ်းချက်သည်ကား အချိုးနှိုး ဖြစ်သွားခဲ့ရသည်ကို နိဂုံးချုပ် သုံးသပ်တွေ့ရှိရပါသည် ခင်ဗျား။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၅ )

## မဲသဝေါ၏နောက်ဆက်တွဲရလဒ်များ

**KNU စခန်းများကျဆုံးခြင်း**

မဲသဝေါတိုက်ပွဲသည် သာမန်တိုက်ပွဲမဟုတ်။ နိုင်ငံတော် အာဏာရယူရေး၊ စင်ပြိုင်အစိုးရထူထောင်နိုင်ရေးအတွက် **KNU** နှင့် မဒတခေါ် **NDF** တို့ ပူးပေါင်းလုပ်ကြံသည့် တိုက်ပွဲကြီးဖြစ်၏။ မိမိတို့တပ်မတော်မှ အသက်သွေးချွေးများစွာပေးပြီး မဲသဝေါကို ပြန်တိုက်ခဲ့ရ၏။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၃ လခန့်ကြာမြင့်ခဲ့သည့် မဲသဝေါတိုက်ပွဲကြီး၌

| | | |
|---|---|---|
| တိုက်ပွဲကြီး | ၈၅ | ကြိမ် |
| တိုက်ပွဲငယ် | ၁၄၅ | ကြိမ် |
| အနီးကပ်လုံ့စွတ်ထိုးတိုက်ပွဲ | ၄၇ | ကြိမ် |
| မိမိကျဆုံး | ၂၄၂ | ဦး |
| မိမိဒဏ်ရာရ | ၉၂၂ | ဦး |
| ရန်သူအလောင်းကျန်ခဲ့ | ၂၅၄ | ဦး |
| ထိခိုက်ဒဏ်ရာရ | ၁၀၀၀ | ကျော် |

အထက်ပါဇယားကို ကြည့်ပါ။ တပ်မတော်က မည်မျှပေးဆပ်ခဲ့ရသည်ကို သိနိုင်ပါသည်။ ဤတိုက်ပွဲကြီး၏ ဦးစီးဦးကိုင်ကား **KNU** ပင်ဖြစ်၏။ မဲသဝေါကို လက်လွှတ်ခဲ့ရသော်လည်း **KNU** ၌ နယ်စပ်တွင် စခန်းများ အများအပြားရှိနေသေး၏။ **KNU** ဗဟိုမာနေပလောစခန်း၊ မဲထရီစခန်း၊ မော်ဖိုးကေစခန်း၊ မဲလစခန်း၊ ဥသုတ စခန်း၊ ဒါးကွင်းစခန်း၊ ခိုကြာခိုစခန်း၊ ကျောက်ညှပ်စခန်း၊ ဖလူး စခန်း၊ ဝါးခစခန်း စသည် စသည်တို့ဖြစ်ကြ၏။

စခန်းအားလုံးလိုလိုသည် ထိုင်းမြန်မာနယ်စပ်





သောင်ရင်းမြစ်ကမ်းတွင် ဖြစ်၏။ သောင်ရင်းမြစ်သည် ဒေါနတောင်တန်းကြီး၏ တောင်ဘက်အစ အဇင်းကျိုက်ဒုံ ဒေသအရှေ့ခြမ်း ထိုင်းမြန်မာနယ်စပ်မှ မြစ်ဖျားခံကာ ထူးထူး ခြားခြား တောင်မှမြောက်သို့ ပြန်စီးနေသော မြစ်ဖြစ်၏။ သောင်ရင်းမြစ်သည် ထိုင်းမြန်မာ နှစ်နိုင်ငံအား သဘာဝ အတားအဆီးသဖွယ် နယ်နိမိတ်သတ်မှတ် ပေးထားခြင်း လည်း ဖြစ်၏။ ဤသည်မှာ သောင်းကျန်းသူတို့အတွက် အခွင့်အရေးကောင်းကြီးလည်း ဖြစ်ခဲ့၏။ ၎င်းတို့၏ စခန်းများ အား သောင်ရင်းမြစ်ကမ်းတွင် ဖွင့်လှစ်နိုင်ခဲ့ကြ၏။ ၎င်းတို့ စခန်းများအတွက် ဒေါနတောင်တန်းကြီးက သဘာဝ အကာအကွယ်ကြီး ဖြစ်၏။ ထိုစခန်းများ တိုက်ဖို့ ဒေါန တောင်ကြီးကို တမေ့တမော ကျော်ဖြတ်ပြီးမှ တိုက်ရ ခိုက် ရသည်။ ဤသည်ပင်လျှင် **KNU** စခန်းများ သက်ဆိုး ရှည်နေခြင်းအကြောင်းတရားကြီးတစ်ခုပါပေ။

ယခုအခါ **KNU** သာမက **ABSDF** ခေါ် မကဒတ အဖွဲ့အစည်း ပေါ်ပေါက်လာခဲ့ပြီး **KNU** က **ABSDF** ကို ဆရာကြီးလုပ်ကာ သင်ကြားပြသပေးနေသည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့ တပ်မတော်က နောက်ထပ်အဖွဲ့အစည်းအသစ် တစ်ခု ပီပီပြင်ပြင် မဖြစ်ပေါ်လာမီမှာပင် ထိုင်းမြန်မာ နယ်စပ်ရှိ **KNU** စခန်းများကို တိုက်ခိုက်ခဲ့တော့၏။

တိုက်ခိုက်မှုမှာ တစ်ဖက်ပါအတိုင်းဖြစ်၏။





| အမှတ်စဉ် | ရက်စွဲ | စခန်းအမည် | တပ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ၁၉. ၁. ၈၉ | မဲထရီခလယ်ဒေး | ရင်း ၂၁ | |
| ၂ | ၂၆. ၃. ၈၉ | မော်ဖိုးကေ | ရင်း ၂၂ | |
| ၃ | ၅. ၄. ၈၉ | မဲလ | တပ်မဟာ (၇) | |
| ၄ | ၁၆. ၅. ၈၉ | ဉသုတ | ရင်း ၂၀ | |
| ၅ | ၁၉. ၅. ၈၉ | ဒါးကွင်း | သစ်စခန်း | |
| ၆ | ၃၁. ၅. ၈၉ | ခိုကြာခို | သစ်စခန်း | |
| ၇ | ၁၂. ၆. ၈၉ | ကျောက်ညှပ် | သစ်စခန်း | |
| ၈ | ၁၆. ၄. ၈၉ | မဲလပင်မ | တပ်မဟာ (၇) | |



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါတိုက်ပွဲများ၌ မဲလပင်မစခန်းကြီးမှာ တပ်မဟာ (၇) ဌာနချုပ်ဖွင့်လှစ်ထားရှိသည့် စခန်းကြီး ဖြစ်၍ အပြင်းအထန်တိုက်ခိုက်သိမ်းပိုက်ခဲ့ရ၏။ မဲလစခန်း သိမ်းပိုက်ပွဲ၌ တိုက်ပွဲကြီး ၆၆ ကြိမ်၊ တိုက်ပွဲငယ် ၃၆၁ ကြိမ် ဖြစ်ပွားခဲ့ပြီး မိမိဘက်မှ ၁၇၇ ဦးကျဆုံး၍ ၃၇၇ ဦး ဒဏ်ရာရရှိခဲ့သည်။ ရန်သူ့အလောင်း ၄၆၆ ဦး ကျန်ခဲ့သည်။ လက်နက်အမျိုးစုံလည်း ရာချီပြီး သိမ်းဆည်းရမိခဲ့၏။

အထက်ဖော်ပြပါစခန်းအတော်များများမှာ သောင်ရင်း မြစ်ကမ်းစပ်တွင်ရှိသော စခန်းများဖြစ်ကြ၏။ သစ်မှောင်း စခန်းများဖြစ်သော ဥသုတ၊ ဒါးကွင်း၊ ခိုကြာခို၊ ကျောက် ညှပ် စသော စခန်းများသည်ကား သံလွင် သောင်ရင်းမြစ် ဆုံမှသည် မြောက်ဘက်ကျောက်ညှပ်အထိ သံလွင်မြစ်နှင့် တစ်လျှောက်တွင်ရှိသော သစ်ခိုးထုတ်သည့် စခန်းများ ဖြစ်ကြ၏။ ဖာပွန်ခရိုင်အတွင်းမှာရှိသည်။ စာရေးသူသည် ထိုဒေသ၌ နှစ်အတန်ကြာ စစ်ရေး တာဝန် ထမ်းဆောင် ခဲ့ဖူးရာ ထိုနေရာများကို ကောင်းစွာရောက်ဖူးပါသည်။ ထိုနေရာများသည် တောတောင် အလွန်ထူထပ်ပြီး





လူနေအလွန်ကျဲပါးလှ၏။ နေထိုင်ကြသူများမှာလည်း တိုင်းရင်းသား တောင်ပေါ်ကရင်များ သာ ဖြစ်၍ ကြိုကြား ကြိုကြား ရှမ်းရွာငယ်လေးများ ရှိတတ်ပါသည်။ ပြင်ပ ကမ္ဘာနှင့် လုံးဝအဆက်အသွယ် မရှိ ကြပါ။ တောတောင် တွေကြားမှာ သူတို့ဟာသူတို့ ဖာသာလဝါ လုပ်ကိုင် စားသောက်နေထိုင်လေ့ရှိကြသူများ ဖြစ်ကြ၏။

သို့ရာတွင် သံလွင်မြစ်ကြီး၏ ဟိုမှာဘက်အရှေ့ ခြမ်း၌ကား ထိုင်းနိုင်ငံရှိ၏။ ထိုင်းနိုင်ငံ မဲဟောင်ဆွန် နိုင်တောင်ခြမ်းဖြစ်သည်။ မဲဟောင်ဆွန်သည် ကယား ပြည်နယ်၏ အရှေ့တည့်တည့်တွင်ရှိ၏။ မြန်မာနယ်စပ်နှင့် ကပ်နေ၏။ မြန်မာနိုင်ငံမှ ခိုးထုတ်၍ရသော သယံဇာတ ပစ္စည်းများဖြင့် ချမ်းသာကြွယ်ဝနေ၏။ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်သွားသူ အတော်များများ မဲဟောင် ဆွန်တွင် နေထိုင်လျက်ရှိကြ၏။ မဲဟောင်ဆွန်မှ အရှေ့ဘက် ချင်းမယ်သို့ ကားလမ်းရှိ၏။ ထို့ကြောင့် မဲဟောင်ဆွန်သည် နယ်စပ်တွင် စည်ကားသိုက်မြိုက်သော မြို့တစ်မြို့ဖြစ်၏။ သို့ရာတွင် တောတွေ တောင်တွေထဲတွင်ရှိနေသော မြို့ဖြစ်



www.burmeseclassic.com

သည်။ မဲဟောင်ဆွန်၌ အရောင်း အဝယ်အဖြစ်ဆုံးကား မြန်မာနိုင်ငံမှ ခိုးထုတ်သွားသော ကျွန်းသစ်နှင့် သတ္တုများ သာတည်း။

ကျွန်းသစ်ကလည်း ကရင်ပြည်နယ်နှင့် ကယား ပြည်နယ်တွင် မယုံကြည်နိုင်လောက်အောင် ပေါများလှ ၏။ စာရေးသူသည် အရာရှိငယ်ဘဝက ကရင်ပြည်နယ်၌ နှစ်အတန်ကြာ တာဝန်ထမ်းဆောင်ခဲ့ပြီး ကျွန်းသင်း သတ်လုပ်ငန်းများ၌ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ရ၏။ ဖာပွန်တစ်ခွင် ပြုပြစ်အောင် ကျွန်းသင်းသတ်ခဲ့ဖူး၏။ သွားလေရာတိုင်း ကျွန်းတောကြီးများရှိ၏။ ကုန်ကုန် ပြောရပါက စာရေးသူတို့နေခဲ့သော ခလရ (၁၉) တပ်ရင်း ကြီးပင် ကျွန်းတောကြီးထဲ၌ ဆောက်ထားခြင်း ဖြစ်ပါ ပေသည်။

အလားတူပင် တပ်ရင်းမှူးဘဝ၌ လှိုင်ကော် အရှေ့ ခြမ်းဒေသများ၌ လှုပ်ရှားသွားလာရရာ ထိုဒေသများတွင် လည်း ကျွန်းတောများ၊ အင်တောများ လက်ညှိုးထိုး မလွဲဖြစ်၏။ သောင်းကျန်းသူများက ထိုကျွန်းသစ်များကို





ခိုးယူခုတ်လှဲကာ တစ်ဖက်နိုင်ငံသို့ စျေးပေါပေါနှင့် ရောင်း ချခဲ့၏။ ကယားပြည်နယ်ကထွက်သော ကျွန်းသစ်များကို မဲဟောင်ဆွန်က သစ်ကုန်သည်များက ဝယ်ကြ၏။ ကရင် ပြည်နယ်ကထွက်သော ကျွန်းသစ်များကို မဲဆောက်က သစ်ကုန်သည်များက ဝယ်ယူကြ၏။ ဖာပွန်ခရိုင်က ထွက် သော သစ်အတော်များများကား မဲဟောင် ဆွန်ဘက်က ဝယ်လက်များက ဝယ်ကြသည်ဟု ဆိုပါသည်။

၁၉၉၅ ခုနှစ်က စာရေးသူ နည်းဗျူဟာမှူး တာဝန်ဖြင့် ဖာပွန်မြောက်ခြမ်းက ခိုကြာခိုသစ်စခန်းအား သွားရောက်တိုက်ခိုက်ရပါသည်။ သေနတ်လေးငါးလက်၊ အလောင်း လေးငါးလောင်းနှင့် စခန်းကြီးတစ်ခုလုံး သိမ်း ဆည်းရမိပါသည်။ ခိုကြာခိုသစ်ထုတ်လုပ်ရေး စခန်းကြီး သည် သံလွင်မြစ်အနောက်ဘက်ကမ်းမှာ ရှိ၏။ အရှေ့ ဘက်ကမ်းက ထိုင်းနိုင်ငံဖြစ်သည်။ အမည်မသိရွာကြီး တစ်ရွာရှိသည်။ ရဲစခန်းလည်း ရှိသည်။ မိမိတို့ဘက်ကမ်း ၌ တိုက်ပွဲသံကြားသောအခါ ထိုင်းတို့က ရဲစခန်း၌ အဖြူ အပြာ အနီရောသော ထိုင်းအလံအကြီးကြီးတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ထုလိုက်၏။ သူတို့အလံမြင်မှ စိတ်ပေါက်ပေါက်ဖြင့် ၆၀ မီလီမီတာစိန်ပြောင်းတစ်ချက် ပစ်မိအောင် လှမ်းပစ်လိုက်ပါသေးသည်။ ပစ်ရမှာပေါ့ခင်ဗျား။

သူတို့ရဲစခန်းဘေးမှာ သစ်တိုက်သောကားဝါဝါကြီးနှစ်စီးရပ်ထား၏။ ရဲစခန်းရှေ့ လှေဆိပ်တွင် သစ်ခိုး ထုတ်သယ်ယူရာ၌ ကူးချည်သန်းချည်လုပ်နေသော C.B ကြီးကပ်ထား၏။ ဒါသာမက လမ်းဖောက်ရာမှာသုံး သောမြေတူးမြေကော်စက်ကြီးတစ်စီးပါ C.B ပေါ်မှာ တွေ့ရ၏။ ဒီဘက်ကမ်းက ကမန်းကတန်း ပြန်သယ်သွား ခြင်းပင်။ ဒီဘက်ကမ်း၌ ဟိုဘက်သို့ သယ်ယူရန်အသင့်ပြုလုပ်ထားသည့် ကျွန်းသစ် တန်ပေါင်းများစွာကို ကျွန်တော်ဗျူဟာက သိမ်းဆည်းရမိသည်။ အားလုံးတွင် ထိုင်းစာများ ရိုက်နှိပ်ထားပြီးဖြစ်ပါသည်ခင်ဗျား။

ဤကဲ့သို့သော မှောင်ခိုအကျိုးအမြတ်များကို ခံစားကာ KNU စခန်းများက ထိုင်းမြန်မာနယ်စပ်တွင် အခြေချကာ လုပ်ကိုင်စားသောက် စီးပွားရှာနေကြသဖြင့် ထိုစခန်းများကို တပ်မတော်က တိုက်ခိုက်ခဲ့ရခြင်း ဖြစ်ပါ





ပေသည်။

ဤသည်မှာ မဲသဝေါတိုက်ပွဲ၏ နောက်ဆက်တွဲရလဒ်ကြီးတစ်ခုပါပေ။

**ABSDF တပ်ရင်းများပေါ်ပေါက်လာခြင်း**

မဲသဝေါတိုက်ပွဲ၏ နောက်ဆက်တွဲရလဒ်တစ်ခုကား အောက်ပါအတိုင်းဖြစ်၏။

မဲသဝေါတွင် အင်အားကြေပြုန်းသွားသော ဗိုလ်မြနှင့် KNU များအတွက် NDF ခေါ် မဒတအဖွဲ့အစည်းကြီးနှင့် ညှိနှိုင်းကာ အင်အားတိုးချဲ့ရေးအတွက် သို့မဟုတ် အရန် အင်အားတည်ဆောက်ရေးအတွက် အစိုးရကို ပူးတွဲရင်ဆိုင်နိုင်ရန်အတွက် ABSDF ခေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ တစ်ဦး သို့မဟုတ် သူတို့အခေါ် ကျောင်းသားတပ်မတော်ကို ဖွဲ့စည်းခဲ့လေသည်။

၁၉၈၈ အရေးအခင်းအပြီးကာလတွင် ထိုအရေးအခင်းအတွင်းက တက်တက်ကြွကြွ လုပ်ခဲ့ကြသော ကျောင်းသားလူငယ်အများအပြား ကြောက်လန့်တကြားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သောင်းကျန်းသူ နယ်မြေများဖြစ်သည့် နယ်စပ်ဒေသများသို့ ထွက်ပြေးတိမ်းရှောင်သွားကြ၏။

တစ်ဖက်ပါဇယားကို ကြည့်ပါရန်။





| စဉ် | ဒေသ | သောင်းကျန်းသူ အဖွဲ့အစည်း | ရောက်ရှိသွားသည့် အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ထိုင်းမြန်မာနယ်စပ် | ရှမ်းသောင်းကျန်းသူအဖွဲ့ခွဲ/ | ၈၀ | |
| ၂ | " | ကရင်နီ " | ၁၅၀ | |
| ၃ | " | ပအိုဝ် " | ၃၀၀ | |
| ၄ | " | ကရင် " | ၂၄၆ | |
| ၅ | " | မွန် " | ၁၄၆ | |
| ၆ | တရုတ်မြန်မာနယ်စပ် | ကချင် " | ၆၂ | |
| ၇ | " | ဝ " | ၂၅ | |
| ၈ | ဘင်္ဂလားဒေ့ရှ်နယ်စပ် | ရခိုင် " | ၂၀ | |
| ၉ | အိန္ဒိယမြန်မာနယ်စပ် | ချင်း/နာဂ " | ၂၂၂ | |



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်ဒေသသို့ ကနဦးရောက်ရှိသွားကြသူများမှာ ဖယားပါအတိုင်း အင်အား လေးထောင်ကျော် ငါးထောင်နီးပါးဖြစ်၏။ အင်အားအများဆုံးကား KNU တို့ ထိန်းချုပ်ထားသည့် သံလွင်သောင်ရင်းဒေသများသို့သာ ဖြစ်၏။ KNU ဥက္ကဋ္ဌဗိုလ်မြက ထိုတောခိုကျောင်းသားများကို စုစည်းပြီး မာနေပလော၌ တွေ့ဆုံလေသည်။ မဲသဝေါတိုက်ပွဲကာလအတွင်းမှာပင် ဖြစ်၏။

"ဒီ မဲသဝေါကိုရထားပြီ။ မကြာခင်မှာပဲ ဘားအံနဲ့ မော်လမြိုင်ကို မင်းတို့နဲ့ပေါင်းပြီး သိမ်းမယ်"

အထက်ပါအတိုင်းလည်း ပြောခဲ့သည်ဆို၏။

KNU ဥက္ကဋ္ဌ ဗိုလ်မြသည် အောက်တိုဘာလ ၃ ရက်နေ့တွင် စစ်သင်တန်းတက်ရောက်နေသော မော်ဖိုးကေစခန်း၊ မော်လီချိုင်းစခန်း၊ သေဘောဘိုးစခန်းများရှိ ကျောင်းသားများကို လိုက်လံကြည့်ရှုသည်။ ယင်းလ ၁၆ ရက်နေ့တွင်လည်း သက္ကရစခန်း၌ မြို့တွင်းပြောက်ကျားဆင်နွှဲရန် လေ့ကျင့်နေသော ကျောင်းသား ၁၀၀ ခန့်အား ပြင်သစ်လူမျိုးဒေးဗစ်ဆိုသူနှင့် သွားရောက်အားပေး ကြည့်





ရှုပြီး၊ ပြင်သစ်လူမျိုးကို သင်တန်း ဆက်လက် ကွပ်ကဲရန် စခန်း၌ ထားရှိခဲ့သည်။ အောက်တိုဘာလ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ KNU ဗဟိုမာနေပလော စခန်း၌ရှိသော မဒတဌာနချုပ်တွင် မဒတဗဟိုအစည်း အဝေးကျင်းပရာ သဘာပတိအဖြစ် စောမောရယ်၊ အစည်းအဝေးအတွင်းရေးမှူးအဖြစ် နိုင်စိုးနိုင်အောင်က ဆောင်ရွက်သည်။ အစည်းအဝေးသို့ မဒတအဖွဲ့ဝင်ဖြစ်သော သောင်းကျန်းသူအဖွဲ့ ၁၀ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ရာ ယင်းအဖွဲ့များမှ KNU အဖွဲ့၊ KIA အဖွဲ့၊ ကယားအဖွဲ့၊ မွန်အဖွဲ့၊ ပအို့ အဖွဲ့၊ ပလောင်အဖွဲ့၊ ရခိုင်အဖွဲ့၊ အက်စ်အက်စ်အေ ရှမ်းသောင်းကျန်းသူအဖွဲ့၊ လားဟူအဖွဲ့နှင့် "ဝ" အဖွဲ့တို့ဖြစ်ကြသည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် မဒတအစည်းအဝေးမှ ကျောင်းသားများအရေးကို အတတ်နိုင်ဆုံး ကြည့်ရှုတာဝန်ယူရန်၊ တစ်ချိန်တည်းတွင် မြေပေါ် မြေအောက်လှုပ်ရှားမှုတိုက်ပွဲများအား ကျောင်းသားပြည်သူတို့နှင့် အဆက်အစပ်ရှိရှိ ထိုးဖောက်လှုပ်ရှားရန်၊ နယ်မြေအသီးသီးတို့ ရောက်ရှိ လာသော ကျောင်းသားများအား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စားပြုသည့်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားအဖွဲ့အစည်းတစ်ခုကို မဒတမှ ဖွဲ့စည်းပေးရန် ယင်းအဖွဲ့ဖြစ်မြောက်ရေးအတွက် ကျောင်းသားနီးနှောဖလှယ်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်းပေးရန်တို့ ဆုံးဖြတ်ခဲ့သည်။ ကျောင်းသားလူငယ်များသည် တောတွင်းသို့ ရောက်ရှိစဉ်က အရေးအခင်းကာလ သပိတ်စခန်းများ ဖွဲ့စည်းပုံအတိုင်း အစုလိုက်၊ အဖွဲ့လိုက်ရောက်ခဲ့ရာ မျိုးချစ်အဖွဲ့ (မော်လမြိုင်)၊ အမျိုးသားဒီမိုကရက်တစ်အဖွဲ့ (ရန်ကုန်)၊ မြန်မာနိုင်ငံကျောင်းသားများသမဂ္ဂ(လှည်းကူး)၊ ဒီမိုကရေစီ ညီညွတ်ရေးအဖွဲ့(တနင်္သာရီ) စသည်ဖြင့် အစုအဖွဲ့ အမျိုးမျိုးရှိနေရာမှ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလတွင် အမျိုးသားဒီမိုကရက်တစ် ကျောင်းသားတစ်ဦးဟု စတင်ဖွဲ့စည်းခဲ့သည်။

မဒတ၏ အကြံပြုဦးဆောင်မှုဖြင့် တောတွင်းရောက်ကျောင်းသားကိုယ်စားလှယ်များသည် ဝါးခ၊ ကော်မူးရာစခန်း၌ ညီလာခံတစ်ရပ်ကို ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပခဲ့ပြီး ၅ ရက်နေ့တွင်





သတင်းစာရှင်းလင်းပွဲပြုလုပ်ကာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ် တပ်ဦးဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ ထိုအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ထွန်းအောင်ကျော်၊ အတွင်းရေးမှူးအဖြစ် သန်းဝင်းတို့အပါအဝင် ၁၃ ဦးပါဝင်ခဲ့သည်။ ထို့နောက် နိုင်ငံလုံးဆိုင်ရာ စစ်အစိုးရဆန့်ကျင်ရေးညီလာခံကို နိုဝင်ဘာလ ၁၄ ရက်နေ့မှ ၁၈ ရက်နေ့အထိ မဲသရီ၊ ခလယ်ဒေးအထက်ကျောင်း၌ ကျင်းပခဲ့ရာ မဒတ သောင်းကျန်းသူအဖွဲ့ ၁၀ ဖွဲ့အပြင် **CRDB** အဖွဲ့၊ ပြည်သူ့ပြည်ချစ်ပါတီ၊ **ABSDF**၊ ကော်သူးလေမူဆလင်တစ်ဦး၊ ရခိုင်အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု၊ ချင်းအမျိုးသားတပ်ဦး၊ မြန်မာနိုင်ငံမူဆလင်လွတ်မြောက်ရေးအဖွဲ့၊ အထွေထွေသပိတ်ကော်မတီ၊ အမျိုးသားဒီမိုကရေစီညီညွတ်ရေးပါတီ၊ ပြည်ပရောက်မြန်မာလွတ်မြောက်ရေးတပ်ဦး၊ ပြည်ပရောက်ကရင်အဖွဲ့၊ ပြည်သူ့လွတ်မြောက်ရေး တပ်ဦး (ရနောင်းအဖွဲ့) စသည့်အဖွဲ့ ၁၂ ဖွဲ့ တက်ရောက် သည်။ ထိုအဖွဲ့ ၂၂ ဖွဲ့အား စုစည်း၍ မြန်မာဒီမိုကရေစီ မဟာမိတ်အဖွဲ့ခေါ် **DAB** ကို ဖွဲ့စည်းခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရဟန်းပျိုအဖွဲ့အား အဖွဲ့ဝင်အဖြစ် လက်ခံခဲ့၍ အဖွဲ့ဝင် ၂၃ ဖွဲ့ဖြစ်လာသည်။ **DAB** အဖွဲ့၌ စုပေါင်းခေါင်းဆောင်ထားရှိမည်ဆိုပြီး ခေါင်းဆောင် ၃ ဦး ရွေးချယ်ခဲ့ရာ ဗိုလ်မြသည် စစ်ဦးစီးကော်မတီ၊ ဘရန်ဆိုင်းသည် နိုင်ငံခြားရေးကော်မတီ၊ နိုင်ရွှေကျင်သည် ဘဏ္ဍာရေးကော်မတီ စသည်ဖြင့် အသီးသီး တာဝန်ယူခဲ့ကြသည်။ **DAB** ၏ စစ်လက်ရုံးအဖြစ် **DABA** တပ်ဖွဲ့စည်း၍ နယ်မြေခံတပ်များနှင့် ပူးပေါင်းဆောင်ရွက်စေသည်။ ယင်းသို့မဖွဲ့စည်းမီကပင် ကျောင်းသားများသည် ဒေသခံတပ်များနှင့် ပူးပေါင်းလှုပ်ရှား၍ တိုက်ပွဲကျဆုံးခြင်း အဖမ်းဆီးခံရခြင်းများ ရှိခဲ့သည်။ စက်တင်ဘာလ ၂၂ ရက်နေ့တိုက်ပွဲတွင် ကျောင်းသားအလောင်း ၃ လောင်းရခဲ့ခြင်း၊ နိုဝင်ဘာလ ၂ ရက်နေ့တိုက်ပွဲတွင် တောခိုကျောင်းသား ၃ ဦးအား ဖမ်းဆီးရမိခြင်းများရှိခဲ့သည်။

**KNU** တို့က အထက်ပါအတိုင်း တောခိုကျောင်းသားများအား ၎င်းတို့စစ်ရေးကိစ္စများ၌ အသုံးချကြပြီး ပိုမိုပြင်းထန်စွာ အသုံးချနိုင်ရန်အတွက် မဲထရီစခန်း၌ ၁၉၈၈ ခု ဒီဇင်ဘာ

မြရတနာစာပေ



အတွင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ဒီမိုကရက်တစ် ကျောင်းသားများတပ်ဦး **ABSDF** ဗဟိုကော်မတီကို တိုးချဲ့ဖွဲ့စည်းခဲ့၏။ ၁၉၈၉ ခုနှစ် ဇန်နဝါရီ ၁ ရက်နေ့တွင်မူကား အောက်ပါလူငယ်တပ်ရင်းများကို ဖွဲ့စည်းပေးခဲ့လေသည်။ တပ်ရင်းတစ်ရင်းလျှင် လူအင်အား ၃၀၀ ကျော် ပါဝင်၏။

မြရတနာစာပေ

www.burmeseclassic.com

| အမှတ်စဉ် | တပ်အမှတ် | | တည်ရာဒေသ | ဒေသနှင့်ကွပ်ကဲမှု | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | တပ်ရင်း | ၁၀၁ | ဘုရားသုံးဆူစခန်း | NMSP | |
| ၂ | တပ်ရင်း | ၂၀၂ | | ။ | NMSP |
| ၃ | တပ်ရင်း | ၂၀၁ | မင်းသမီးစခန်း | KNU | |
| ၄ | တပ်ရင်း | ၂၀၂ | | ။ | ။ |
| ၅ | တပ်ရင်း | ၂၀၃ | မောတောင်စခန်း | ။ | |
| ၆ | တပ်ရင်း | ၂၀၄ | သေဘောဘိုးစခန်း | ။ | |
| ၇ | တပ်ရင်း | ၂၀၆ | | ။ | ။ |
| ၈ | တပ်ရင်း | ၂၀၇ | ခလယ်ဒေးစခန်း | ။ | |
| ၉ | တပ်ရင်း | ၂၀၈ | မယ်လက်ထစခန်း | ။ | |



| အမှတ်စဉ် | တပ်အမှတ် | | တည်ရာဒေသ | ဒေသနှင့်ကွပ်ကဲမှု | မှတ်ချက် |
|---|---|---|---|---|---|
| ၁၀ | တပ်ရင်း | ၂၀၉ | မက်လက်ထစခန်း | KNU | |
| ၁၁ | တပ်ရင်း | ၂၁၀ | စောကာစခန်း | ။ | |
| ၁၂ | တပ်ရင်း | ၂၁၁ | ဝါးခစခန်း | ။ | |
| ၁၃ | တပ်ရင်း | ၃၀၃ | ဟွေ့စေတီစခန်း | KNPP | |
| ၁၅ | တပ်ရင်း | ၈၀၁ | ရေပုံးတုံးကြီးဒေသ | PSLA | |
| ၁၆ | တပ်ရင်း | ၉၀၁ | ကင်းလိုက်ဒေသ | KNLP | |

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ခုနှစ် ဖေဖော်ဝါရီလ၌ **KNU** နယ်မြေ ဥသုတ စခန်းတွင် **ABSDF** အရေးပေါ်ညီလာခံကျင်းပသည်။ ၂၀ ရက်နေ့တွင် ဥက္ကဋ္ဌအဖြစ် ထွန်းအောင်ကျော် ပါဝင်သော **ABSDF** အမှုဆောင်ကော်မတီ ၁၅ ဦး ရွေးခဲ့သည်။ ထိုကျောင်းသားအဖွဲ့ကို အမေရိကန်ပြည်ထောင်စု ကနေဒါနှင့် အခြားနိုင်ငံများက ထောက်ပံ့ကူညီကြ၏။ **ABSDF** တပ်ရင်းများသည် သောင်းကျန်းသူအဖွဲ့အစည်း အမျိုးမျိုးနှင့် တွဲဖက်၍ စစ်သင်တန်းများ တက်ရောက်ခြင်း ပြောက်ကျားသင်တန်း၊ ကွန်မန်ဒိုသင်တန်း၊ ဖောက်ခွဲ ဖျက်ဆီးရေး သင်တန်းများ တက်ရောက်ခဲ့ကြသည်။ ထို့ပြင် သောင်းကျန်း သူအဖွဲ့အစည်းများနှင့် တွဲဖက်၍ စစ်ရေး လှုပ်ရှားခြင်း၊ စည်းရုံးဟောပြောခြင်း၊ နိုင်ငံခြားအကူအညီ ရရှိရေး ကြိုးပမ်းခြင်း၊ လက်နက်ခဲယမ်းများ စုဆောင်းခြင်း ပြည်တွင်းသို့ဝင်ရောက်၍ သတင်းရယူခြင်း၊ ဖောက်ခွဲ ဖျက်ဆီးရေးများ ဆောင်ရွက်ခြင်း၊ တပ်မတော်ခေါင်းဆောင် များကို လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းခြင်းများကို ဆောင် ရွက်ခဲ့ကြလေသည်။





၁၉၉၀ ခုနှစ်နောက်ပိုင်းတွင်မူ **ABSDF** ၌ မိုးသီး ဇွန်၊ နိုင်အောင်တို့ အမှုဆောင်များဖြစ်လာကာ ဥက္ကဋ္ဌ ထွန်း အောင်ကျော်အား ဖြုတ်ချ၍ အလှည့်ကျ ဥက္ကဋ္ဌများအဖြစ် တာဝန်ယူခဲ့ကြသည်။ မျှားမကြာမီမှာပင် မိုးသီးဇွန်နှင့် နိုင်အောင်တို့ သဘောထားချင်း မတိုက်ဆိုင်သဖြင့် ကွဲကြ ပြန်သည်။ အုပ်စုလိုက် တပ်ရင်းများကို ခွဲဝေကြရာနိုင် အောင်နှင့် တပ်ရင်းအချို့ ပါသွားပြီး၊ မိုးသီးဇွန်နှင့် တပ်ရင်း အချို့ ကျန်ရစ်ခဲ့၏။ မိုးသီးဇွန်က မာနေပလောတွင် အခြေချ ၍ တောင်ခြမ်းတပ်ရင်းများကို ထိန်းချုပ်ထားပြီး၊ နိုင်အောင် က ဒါးကွင်းဘက်ရွှေ့ ပြောင်းသွားပြီး မြောက်ခြမ်း တပ်ရင်း များကို ကြိုးကိုင်ခဲ့လေသည်။

**တပ်မတော်မှ ပထမအကြိမ် မာနေပလောအားတိုက်ခိုက် ခြင်း**

၁၉၈၈ အရေးအခင်းမှ ထွက်ပြေးတိမ်းရှောင်ခဲ့သူ များ အတော်များများသည် **KNU** နယ်မြေသို့ရောက် သွားကြ၏။ အားလုံးလိုလို **KNU** ဗဟိုမာနေပလော၌



www.burmeseclassic.com

www.burmeseclassic.com



စုရုံးခဲ့ကြသည်။ ထွက်ပြေးသွားသူများက မာနေပလောမှာပင် ပြည်ပြေးအစိုးရ သို့မဟုတ် စင်ပြိုင်အစိုးရကို ၁၉၉၁ ခုနှစ်၌ ဖွဲ့စည်းခဲ့ကြ၏။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ၌ အရွေးချယ်ခံခဲ့ရသော ကိုယ်စားလှယ်များသည် စင်ပြိုင်အစိုးရကို စိန်ဝင်းဦးဆောင်ပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်၏။ စိန်ဝင်းအစိုးရ၏ ရုံးကို မာနေပလောမှာ ဖွင့်ခဲ့၏။ မာနေပလော၌ သောင်းကျန်းသူအဖွဲ့အစည်းအမျိုးစုံ၏ ရုံးများလည်းရှိ၏။ နိုင်ငံပေါင်းစုံမှ အဖျက်သမားများ၊ သတင်းစာဆရာများ၊ **Media** များလည်း ရောက်လာကြ၏။ အမျိုးမျိုးသော ထုတ်လွှင့်မှုများ၊ ရေးသားမှုများ၊ သတင်းဖြန့်ချိမှုများ ပြု ကြ၏။

ထို့ကြောင့် ၁၉၉၂ ခုနှစ် နှစ်ဆန်းတွင် မိမိ တပ်မတော်က အားလုံး၏အချက်အချာဖြစ်သော မာနေပလောအား အနောက်ဘက်မှ ဝင်ရောက်တိုက်ခိုက်ချေ တော့သည်။ အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်မှ ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်၏။

မာနေပလောသည် သောင်ရင်းမြစ်နှင့် သံလွင်မြစ်





ဆုံ၌ ရှိ၏။ သောင်ရင်းမြစ်အနောက်ဘက်ကမ်း၌ စခန်းကို တည်ဆောက်ထားသည်။ အရှေ့ဘက်ကမ်းတွင်ကား ဟေ်းလူ ဖွေးဘောလူနှင့် ထီးဝါးလူ ရွာများရှိ သည်။ **KNU** ဥက္ကဋ္ဌဘိုမြအပါအဝင် **KNU** လူကြီးများက ထိုရွာများ၌ နေကြသည်။ ထိုရွာများက ထိုင်းနိုင်ငံအတွင်း သွားလိုရာ သွားနိုင်အောင် ကားလမ်းများရှိပေသည်။

မာနေပလော မြောက်ဘက်၌ ဆင်ဖြူတောင် ရှိသည်။ ဆင်ဖြူတောင်ကကျော်လျှင် မြစ်ဆုံကို ရောက်သည်။ မြစ်ဆုံအထက်၌ ဘုန်းကြီးဦးသုဇန ဘုရားတည်ခဲ့သော သုမ္ပဲထရွာနှင့် လေးကေတုတောင် ရှိလေသည်။

မာနေပလောနှင့် မျက်နှာချင်းဆိုင် သံလွင်အနောက်ဘက်ကမ်း၌ ပွိုင့် ၄၀၄၄ ခေါ် ခွေးအိပ်တောင် ရှိ၏။ ဒေသခံများက ထွီးဖားဝီကျိုးဟုခေါ်၏။

၁၉၉၂ ခုနှစ် မိမိတို့တပ်များ မာနေပလောကို တိုက်ခိုက်စဉ်က မာနေပလော၏ အနေအထားမှာ အောက်ပါအတိုင်းဖြစ်၏။

မာနေပလောစခန်း၌ **KNU** ဗဟိုဌာနချုပ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်မဟာ (၁) ဌာနချုပ်နှင့် ဗဟိုလုံခြုံရေးတပ်ခွဲ (၈) ခွဲ၊ **ABSDF** ဗဟိုဌာနချုပ်နှင့် လက်ထောက်ခံတပ်ရင်း (၂၀၇) (၂၀၈) (၂၀၉) တို့မှ ထုတ်နုတ်အင်အားစုများသည် မာနေပလောစခန်းနှင့် ရှေ့ကာ ဆင်ဖြူတောင်၊ ဘော်ကြော့လယ်စသည့်စခန်းများ၌ အခိုင်အမာခံစစ်ပြုနေကြရာ မာနေပလောစခန်းတွင် စုစုပေါင်း အင်အား ၁၅၀၀ ခန့်ရှိသည်။ သံလွင် အနောက်ခြမ်း သာလွန်ဒေသနှင့် (ပွိုင့် ၄၀၄၄) နယ်မြေရှိ တပ်မတော်တပ်ဖွဲ့များနှင့် ရင်ဆိုင်ကုန်းများ၊ သံလွင်အနောက် ခြမ်း မဲပ၊ မဲလက်ထဒေသတို့၌ ဗဟိုလုံခြုံရေးတပ်ခွဲများ ထုတ်နုတ်အင်အားစုများ၊ တပ်မဟာ (၇) တပ်ရင်း (၂၀… မှ အင်အားစုများ၊ **ABSDF** အဖွဲ့မှ ထုတ်နုတ်အင်အားများဖြင့် တပ်မတော်တပ်ဖွဲ့များကို ရင်ဆိုင်၍ ခံစစ်ပြင်ဆင်ထားသည်။ မာနေပလောစခန်း၌ တစ်ဖက်နိုင်ငံနယ်စပ်သို့ သွားရောက်ရန် ရိက္ခာခဲယမ်းများ သယ်ဆောင်ရန် ဒတ်ဆန်ကား အစီး ၅၀ ခန့်ရှိ၍ စခန်းအကျယ်မှာ တစ်စတုရန်းမိုင်ခန့်ရှိသည်။ စခန်းပတ်လည် လက်နက်ငယ်တစ်ကမ်း





အကြားတွင် ကာကင်းကုန်းများ၊ လက်နက်ကြီးကုန်းများရှိသည်။ ပင်ပစခန်းဗဟိုရုံးနှင့် ကာကွင်းကုန်းများအကြား၌ မိုင်းကွင်းများခင်းထားသည်။ ပင်မစခန်းသည် ခွေးအိပ်တောင်သို့ မျက်နှာမူထားပြီး သံလွင်မြစ်သည် စခန်း၏ အနောက်ဘက်၌ တည်ရှိသည်။ ပင်မစခန်းကို သွပ်ဆူးကြိုးများ ကာထား၍ သွပ်ဆူးကြိုးအပြင်ဘက်၌ မိုင်းကွင်းများရှိသည်။ အနောက်ဘက် သံလွင်မြစ်အတွင်းသို့ လျှပ်စစ်ကြိုးများချထားပြီး ရေကျချိန် ချောင်းကို ဖြတ်ကူးပါက လျှပ်စစ်လွှတ်ရန် စီစဉ်ထားသည်။ စခန်းလုံခြုံရေးအတွက် ပင်မကုန်း၌ ၆၀ မီလီမီတာ ၃လက်၊ ကွန်မန်ဒိုကုန်း၌ ၁၂၀ မီလီမီတာ ၃ လက်၊ ပွိုင့် ၅ စက်သေနတ်ကြီးများကို ကာကင်းကုန်း တစ်ခုလျှင် ၁ လက်၊ ကွန်မန်ဒိုကုန်း၌ ရေဒါကြည့်၍ပစ်ရသော ဟာစ်စပါနီလေယာဉ်ပစ် အမြောက် ၃ လက်၊ အမ်-၇ (၇)လက်ရှိသည်။ ဗဟိုမှ ကော်မူးရာခေါ် ဝါးခစခန်းသစ်သို့လည်း အင်အား ၁၅၀ ထပ်မံဖြည့်တင်းပေးရာ ထိုစခန်း၌ စခန်းမှူးသန်းအောင်၊ စစ်ဆင်ရေးတာဝန်ခံ ဗိုလ်ချုပ်ထောလုတို့က ဦးဆောင်နေသည်။ စစ်ရေးပြကွင်း



www.burmeseclassic.com

www.burmeseclassic.com



၌ ၆၀ မီလီမီတာ ၁ လက်၊ ဘောလုံးကွင်း၌ ၆၀ မီလီမီတာ ၁လက်၊ လေယာဉ်ပစ်စက်သေနတ်ကြီး ၁ လက်၊ ပလီပေါင်း နေရာ၌ ပြင်သစ်လုပ် အဝေးပစ်လက်နက်ကြီး ၁ လက်၊ ပွိုင့် ၅ စက်သေနတ်ကြီး ၈ လက်အား ဖြည့်ပေးထားသည်။

ထိုသို့ အဖက်ဖက်မှ အမျိုးမျိုး ခံစစ်ပြင်ဆင်ထားသော မာနေပလောအား ၁၉၉၂ ခုနှစ် ဆန်းတွင် တပ်မတော်က တိုက်ခဲ့၏။ မာနေပလောအား တိုက်ခိုက်သည့်စစ်ဆင်ရေးမှာ သံလျက်စစ်ဆင်ရေးဖြစ်၏။ ထိုစစ်ဆင်ရေးတွင် စာရေးသူသည် နည်းဗျူဟာမှူးအသစ် ကျပ်ချွတ်ကလေးဘ၀နှင့် အမှတ် (၃၃) ခြေမြန် တပ်မဌာနချုပ်မှ ဗျူဟာတစ်ခုဖြင့် ပါ၀င်တိုက်ခိုက်ခဲ့ရ၏။ (ထိုဖြစ်စဉ်များအား စစ်သားဘ၀အမှတ်တရများ အတွဲ (၄)တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ စာရေးသူ)

အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်က နည်းဗျူဟာနစ်ခုဖြင့် ထိုးစစ်ဆင်နေချိန်တွင် စစ်ဆင်ရေးကို အမြန်အပြီးသတ်နိုင်ရန်အတွက် တောင်ဘက်စစ်မျက်နှာမှ





အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်က နည်းဗျူဟာ နှစ်ခုဖြင့် နောက်ထပ်စစ်မျက်နှာ အသစ်တစ်ခုအား ၁၉၉၂ ခုနှစ် မတ်လဆန်းတွင် ဖွင့်လှစ်ခဲ့၏။

စာရေးသူပါ၀င်သော အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်မှ တပ်များက ဘီနနှင့်နော်တခံစစ်စည်းများကို သိမ်းနိုင်ခဲ့၏။

အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ်မှ တပ်များက မာနေပလော၏ ရှေ့ကာစခန်းများဖြစ်သော ပွိုင့် ၄၀၄၄ ခွေးအိပ်တောင်။ ပွိုင့် ၃၆၁၀၊ ပွိုင့် ၁၉၂၀၊ ပွိုင့် ၃၈၀၈၊ ပွိုင့် ၂၅၀၀ တို့အား သိမ်းပိုက်ရရှိခဲ့၏။

စစ်ဆင်ရေးကာလ ၂လကျော်ကြာမြင့်သွားရာ နှစ်ဖက်စလုံး အကျအဆုံးများ များပြားခဲ့၏။ တပ်မတော်မှ ၂၃၃ ဦး ကျဆုံး၍ ၁၇၇၈ ဦး ဒဏ်ရာရကာ ၄၉ ဦး ပျောက်ဆုံးခဲ့၏။ ရန်သူ့ဘက်မှ ၃၀၉ ဦး ကျဆုံးသည် ကို အလောင်းများရရှိခဲ့၏။ ၃၄၇ ဦး ဒဏ်ရာရရှိကာ ထီး၀ါးလူး၌ ဆေးရုံတင်ကုသခဲ့ကြောင်း သတင်းရရှိခဲ့၏။

၁၉၉၂ ခုနှစ် ဧပြီ ၂၈ ရက်တွင် နိုင်ငံတော်မှ



www.burmeseclassic.com

www.burmeseclassic.com



အပစ်အခတ်ရပ်စဲ၍ ငြိမ်းချမ်းရေးလမ်းဖွင့်လိုက်ရာ ပထမအကြိမ် မာနေပလောထိုးစစ်ရပ်တန့်သွားပြီး KNU တို့ အသက်ရှူချောင်သွားခဲ့လေသည်။

**KNU မှ DKBA ခွဲထွက်သွားခြင်း**

KNU အဖွဲ့အစည်း၏ ကံကြမ္မာက ပိုဆိုးလာ၏။ ဒါကလည်း နောက်ထပ်ရလဒ်ကြီးတစ်ခုပါပေ။

၁၉၉၃ တွင် မြိုင်ကြီးငူဆရာတော်ဦးသုဇနမှ သံလွင်မြစ်ရိုးတွင် ဘုရားများတည်ထားကိုးကွယ်သည့်ကိစ္စနှင့် ပတ်သက်ပြီး KNU ဗဟိုက ဘုရားမတည်ရန် ရာဇသံပေးလာ၏။

ကမမောင်းဒေသမှ မြိုင်ကြီးငူဆရာတော် ဦးသုဇနသည် ဒေသခံကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်အများစု၏ ကြည်ညိုလေးစားမှုကိုခံရသော ငယ်ဖြူ သက်သတ်လွတ်သာသနာပြုရဟန်းတစ်ပါးဖြစ်၏။ ဆရာတော်သည် ဒေသခံများ၏ဆန္ဒအရ သံလွင်သောင်ရင်းမြစ်ဆုံဒေသ လေးကေတုတောင်ထိပ်ပေါ်၌ စေတီတစ်ဆူ





တည်ထားကိုးကွယ်ရန် စိတ်အားထက်သန်စွာ ဆောင်ရွက်ခဲ့ရာ ရွာသူရွာသားများက သောင်းသောင်းဖြဖြ ပါဝင်လုပ်အားပေးကြ၏။ လုပ်အားပေးလှူကြသူများအထဲ၌ KNU ရင်း ၂၀ မှ အရာရှိ အရာခံအကြပ်တပ်သားများ ပါဝင်ကြ၏။ ဒုတပ်ရင်းမှူး စောကျော်ဟဲကိုယ်တိုင် ပါဝင်၏။

မြိုင်ကြီးငူဆရာတော်သည် သံလွင်မြစ်ရိုး၌ ဘုရားပေါင်း အဆူ ၄၀ ကျော်လည်း တည်ထားခဲ့ပြီးဖြစ်၏။ ယခု လေးကေတုတောင်ထိပ်၌ တည်ထားသည့်ဘုရားသည် နောက်ဆုံးစေတီဖြစ်၏။

“ဒီဘုရားတွေက ဒို့ KNU ဗဟိုမာနေပလောကို တိုက်တဲ့အခါ ပစ်မှတ်ညွှန်ပြတဲ့ဟာတွေ။ မတည်စေနဲ့”

KNU ဗဟိုက အထက်ပါအတိုင်း ဆုံးဖြတ်ကာ ဘုရားတည်ခြင်းကို တားမြစ်လာ၏။

KNU ဗဟိုက ထိုကိစ္စကို ၁၉၉၃ ခုနှစ် မေလဆန်း၌ ဦးသုဇနကို အကြောင်းကြားပြီး မာနေပလောသို့ပါ လာရောက်ရန် ခေါ်ယူခဲ့၏။ ဆရာတော်နှင့် တွေ့ဆုံသည့်အခါ ဗဟိုက ဗုဒ္ဓဘာသာဝင်များကိုပါ ပုတ်ခတ်စကား ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြားခဲ့၏။ ဤကိစ္စကို KNU ရင်း ၂၀ မှ အရာရှိများဖြစ်သော စောကျော်ဟဲ၊ စောမြင့်သိန်း၊ စောပလိုဝါး တို့က မကျေနပ်ကြဘဲ ဗိုလ်မြထံသွားရောက်၍ မြိုင်ကြီးငူဆရာတော်အား ဘုရားတည်ခွင့်၊ သာသနာပြုခွင့်ပေးရန် တောင်းဆို ကြသည်။ မတတ်သာ၍ ဗိုလ်မြက ဘုရားတည်ခွင့်ကို ဆက်၍ခွင့်ပြုခဲ့ရ၏။

သို့ရာတွင် များမကြာမီ KNU ဗဟိုက စစ်မက်ဖြစ်ပွားနေသောနေရာ၌ ဘုရားမတည်ရအမိန့်ကို တရားဝင် ထုတ်ပြန်လိုက်ရာ မြိုင်ကြီးငူဆရာတော်သည် ဘုရားတည်ခြင်းကို ရပ်ဆိုင်းကာ မြိုင်ကြီးငူသို့ ပြန်ကြွသွားတော့၏။ ဤကိစ္စနှင့်ပတ်သက်ပြီး ရင်း (၂၀) ဒုရင်းမှူး စောကျော်ဟဲနှင့် ဗုဒ္ဓဘာသာဝင်များက တစ်ဖက်၊ ဗဟိုမှ ခရစ်ယာန်လူကြီးများက တစ်ဖက် အချင်းများကြတော့၏။ ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလဆန်းတွင် ပဋိပက္ခမှာ အထွတ်အထိပ်သို့ ရောက်ရှိသွားပြီး၊ စောကျော်ဟဲနှင့် အပေါင်းအပါများက သံလွင်မြစ်ရိုးကိုပင် ပိတ်ဆို့ လိုက်ကြ၏။

KNU ဗဟိုက စောကျော်ဟဲတို့ထံ လူလွှတ်၍

မြရတနာစာပေ



ညှိနှိုင်းရာ အဆင်မပြေသဖြင့် ရင်း (၂၀)မှ ဗုဒ္ဓဘာသာဝင်များက ဘိုမြထံ လူကိုယ်တိုင်သွားရောက်ကြရာ ဆင်ဖြူတောင်အရောက်၌ ဗဟိုမှ ရင်း (၁၀၄)က စောင့်ကြိုပစ်ခတ်တော့၏။ ရင်း (၂၀) မှ အရာခံဗိုလ် ဖားမီးကျဆုံးသွား၍ ဘုန်းကြီးအချို့နှင့် အရပ်သူအရပ်သားအချို့ သေကြဒဏ်ရာရသွားကြ၏။ ဤတွင် KNU ၌ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန် လက်နက်ကိုင် ပဋိပက္ခထင်ရှားစွာ ဖြစ်ပေါ်လာခဲ့လေသည်။

ကရင်သောင်းကျန်းမှုစတင်စဉ်ကပင် KNU ၌ ခရစ်ယာန်ကိုးကွယ်သူများသာ နေရာကောင်းရခဲ့ကြ၏။ KNDO ကို တည်ထောင်ခဲ့သူ စောဘဦးကြီးပင်လျှင် အင်္ဂလန်၌ စာသင်ခဲ့ပြီး အင်္ဂလိပ်မကိုယူခဲ့သူဖြစ်၏။ သူအပါအဝင် ထိပ်ပိုင်းခေါင်းဆောင်များသည် ခရစ်ယာန်များဖြစ်၏။ အင်္ဂလိပ်များ၏လက်သတ်မွေးထားခဲ့သူများ ဖြစ်၏။ ဤသို့ဗိုလ်မြသည်လည်း ဖာပွန်ခရိုင်ရဲဝန် အင်္ဂလိပ်လူမျိုး ဘတ်တလာတပည့်အဖြစ် နှစ်အတော်ကြာအောင် နေခဲ့သူဖြစ်၏။ ထို့ကြောင့် ၁၉၄၉ ကရင်တော်လှန်ရေးစချိန်မှ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၄ ခုနှစ်ထိ **KNU** ဗဟိုကို ခရစ်ယာန် ကိုးကွယ်သူများက အုပ်စီးထားကြ၏။ လက်နက်ကိုင်အဖွဲ့အစည်းများ၌လည်း **KNU** သို့ အတူတူဝင်ခဲ့ကြသူချင်း ခရစ်ယာန်ကိုးကွယ်သူများက ထိပ်ပိုင်းရာထူး တပ်ရင်းမှူး၊ တပ်မဟာမှူးနှင့် ဗဟိုကော်မတီဝင်များ ဖြစ်နေချိန်၌ ဗုဒ္ဓဘာသာဝင်များက တပ်စုမှူး၊ တပ်ခွဲမှူး အဆင့်သာဖြစ်နေ၏။ ငယ်သားအများစုကား ဗုဒ္ဓဘာသာဝင်များသာ ဖြစ်ကြ၏။ သူတို့အထဲ၌ ခံစားမှုများရှိကြ၏။ ဘာသာရေးပဋိပက္ခလည်း ရှိနေ၏။

ယခုတော့ ထိုခံစားမှုက မြိုင်ကြီးငူဆရာတော်နှင့် ပတ်သက်ပြီး လုံးဝ ပေါက်ကွဲထွက်သွားတော့၏။

ဤသို့ဖြင့် ၁၉၉၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင် **KNU** မှ ဗုဒ္ဓဘာသာဝင်အများစုသည် ခွဲထွက်ကြကာ **Democratic Kayin Buddhist Organization** ခေါ်တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံးကို ဖွဲ့စည်းပြီး လက်နက်ကိုင်တပ်ဖွဲ့အနေဖြင့် **Democratic Kayin Buddhist Army D.K.B.A** ကို








ငြိမ်းချမ်းရေးဆွေးနွေးပွဲမှ နှစ်ဖက်ခေါင်းဆောင်များ

www.burmeseclassic.com

www.burmeseclassic.com





ကေအင်ယူယခုစစ်ဦးစီးချုပ်ဗိုလ်ချုပ်ဂျော်နီ





ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင်တွေ့ရသည့် နစ်ဖက်ခေါင်းဆောင်များ

www.burmeseclassic.com

www.burmeseclassic.com




ဗိုလ်ချုပ်အောင်မင်း နှင့် ဗိုလ်ချုပ်ကြီးမူတူးစေးဖိုး



ငြိမ်းချမ်းရေးအတွက် တွေ့ဆုံနေကြသည့် နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် နှင့်
ကေအင်ယူ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုး

www.burmeseclassic.com

www.burmeseclassic.com





ဒီမိုကရေစီအစိုးရလက်ထက်ငြိမ်းချမ်းရေးဆွေးနွေးပွဲ



ထူထောင်လိုက်ကြတော့၏။

D.K.B.A တပ်များအား ဗိုလ်ကျော်သန်း၊ ဗိုလ်ပြား ပြား ဗိုလ်ကျော်ဟဲ၊ ဗိုလ်မောင်ကြည်နှင့် ဦးသာထူး ကျော်တို့က ခေါင်းဆောင်ကြပြီး D.K.B.O နာယကအဖြစ် ဆရာတော်ဦးသုဇနကို တင်မြှောက်ကြသည်။

၁၉၉၅ ဇန်နဝါရီလဆန်း၌ D.K.B.A တပ်များနှင့် KNU တို့ မြစ်ဆုံတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွား သော့သည်။ KNU တို့ဘက်မှ လက်နက်ကြီးပစ်ကူများနှင့် မြစ်ဆုံသူမွဲထဒေသအား အပြင်းအထန် ထိုးစစ်ဆင်၍ ခြိမ်းပိုက်လိုက်ရာ D.K.B.A တပ်များ ဆုတ်ပေးရတော့၏။ ညှိယ်ဆွေးနွေးပွဲများ လုပ်ရန် ညှိနှိုင်းကြသေးသော်လည်း မဲတော်စလုံး သွေးစွန်းသွားကြပြီဖြစ်၍ တစ်ဖက်ကို တစ် ဖက် သည်းမခံနိုင်ကြတော့ဘဲ ဆွေးနွေးပွဲများ ပျက်ပြားသွား တော့၏။ သူသေ ကိုယ်သေ တိုက်ကြခိုက်ကြတော့၏။

D.K.B.A တပ်များသည် ယာယီအားဖြင့် တောင် ဘက်သို့ဆုတ်လာခဲ့ကြရ၏။ ဘောသရောဒေသ၌ အင်အား တောင့်ရင်း KNU များကို ရင်ဆိုင်ခဲ့သည်။ ဗုဒ္ဓဘာသာ

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများမှလည်း သတင်းစကားကြားသိသည်နှင့် D.K.B.A ထံ တဖွဲဖွဲလာရောက်ပူးပေါင်းကြရာ အင်အား ၁၅၀၀၀ ခန့် ဖြစ်လာ၏။ ထိုအချိန်၌ D.K.B.O သည် ၎င်းတို့ထီးထီးရပ်တည်ရန် မဖြစ်နိုင်တော့သဖြင့် တပ်မတော်နှင့် ဆက်သွယ်၍ အကူအညီတောင်းခံလာတော့၏။

တပ်မတော်မှလည်း ကူညီရန်ရှိသည်များကို ကူညီရလေတော့သည်။ D.K.B.A တို့က မာနေပလောကို အပြီးသိမ်းရန် သန္နိဋ္ဌာန်ချထားကြလေသည်။

ဤအရေးအခင်းသည် KNU ဗဟို မာနေပလော လုံးဝကျဆုံးခြင်း၏ နိဒါန်းဖြစ်ပေတော့သည်။

**မာနေပလောကျဆုံးခြင်း**

D.K.B.O သည် လူလက်နက်အင်အား တောင့်တင်း လာသည်နှင့် ၁၉၉၅ ခုနှစ် ဇန်နဝါရီဒုတိယပတ်၌ D.K.B.A တပ်များက မိမိတို့တပ်မတော် အကူအညီဖြင့် မာနေပလောကို ထိုးစစ်ဆင်တော့၏။ ထိုးစစ်ဆင်ရာ၌ ပထမအကြိမ် မာနေပလော ထိုးစစ်ကဲ့သို့ပင် အနောက်





ဘက် စစ်မျက်နှာနှင့် တောင်ဘက်စစ်မျက်နှာ နှစ်ဖက်ဖွင့်ကာ တိုက်ခိုက်ခြင်းဖြစ်၏။

D.K.B.A တပ်များနောက်တွင် မိမိတပ်မတော်မှ စစ်ကြောင်းများ လိုက်ပါဝန်းရံပေးခဲ့၏။ စာရေးသူ ကိုယ်တိုင် နည်းဗျူဟာတစ်ခုနှင့် အနောက်ဘက်စစ်မျက်နှာ၌ ပါဝင်ပေးခဲ့ရ၏။ D.K.B.A တပ်တွေနှင့် အတူ နေခဲ့ရ၏။

တိုက်ပွဲများမှာ အနောက်ဘက်စစ်မျက်နှာထက် တောင်ဘက်စစ်မျက်နှာက ပို၍ ပြင်းထန်၏။ ဘိနဒေသ၏ ကာကင်းကုန်းများဖြစ်သော ပွိုင့် ၃၃၂၅၊ ပွိုင့် ၃၁၂၅၊ ပွိုင့် ၂၈၈၈ ခေါ် KNU ဗိုလ်လှောင်းကုန်း၊ ဝါသိုး ကုလားခေါ် ကျောက်တောင်၊ ခလယ်ဒေးအကောက်ဂိတ်တိုက်ပွဲများ အား ပြင်းထန်လှ၏။ ဥမ္မဝီးကြယ်ပြောင်ကုန်းနှင့် ဘိနဒေသ ကာကင်းစခန်းကုန်းကြီးများအားလုံး ဇန်နဝါရီ ၂၅ ရက်နေ့၌ D.K.B.A စစ်ကြောင်းများ လက်အောက်သို့ ကျရောက်သွားခဲ့၏။ နှစ်ဖက်စလုံး တစ်ယောက်နှင့်တစ်ယောက် အတွင်းသိ အစင်းသိများမို့ အသေ အကြေတိုက်ကြ ခိုက်ကြ၏။ မိမိတပ်မှ အကျအဆုံးများရှိခဲ့သလို KNU ဘက်မှ



www.burmeseclassic.com

www.burmeseclassic.com



လူ ၁၀၀ ခန့် ကျဆုံးကာ အလောင်းများပစ်ထားခဲ့ပြီး သောင်ရင်းမြစ်ကို ဖြတ်ကူးကာ အရှေ့ဘက်သို့ ဆုတ်ခွာကြတော့၏။ လက်နက် အလက် ရာကျော်သိမ်းဆည်းရမိလေသည်။ နောက်ပိုင်း၌ လက်နက်တိုက်ကြီးကိုပါ ရှာဖွေတွေ့ရှိရာ လက်နက် အလတ် ၇၀၀ ကျော် ထပ်မံရရှိခဲ့ပြန်၏။

ထိုနေ့က စာရေးသူသည် ပွိုင့် ၄၀၄၄ ခွေးအိပ်တောင်၌ရှိနေ၏။ နောက်နေ့၌ မိမိနည်းဗျူဟာတစ်ခုလုံး သံလွင်မြစ်ကမ်းနဖူးရှိ မဲပသို့ ဆင်းရ၏။ မဲပအနီးတွင် KNU တို့၏ နာမည်ကျော် မဲလက်ထဂိတ်စခန်းရှိ၏။ သံလွင်ကို ဖြတ်ကူးပြီး မာနေပလောသွားသည့်ဂိတ်ဖြစ်၏။

ဇန်နဝါရီ ၂၆ ရက်နေ့တွင် အနောက်ဘက် စစ်မျက်နှာမှ **D.K.B.A** စစ်ကြောင်းများက ဆင်ဖြူတောင်ထိပ်ကို ရောက်သွားကြရာ **KNU** များက အပြင်းအထန် ခုခံကြသေး၏။ သို့ရာတွင် မိမိတို့တပ်မတော်စစ်ကြောင်းများ ပါလာကြသဖြင့် မိမိတို့တိုက်စစ်ဒဏ်မခံနိုင်ဘဲ ဆင်ဖြူတောင်မှ မာနေပလောသို့ ဆုတ်ခွာသွားကြတော့





၏။ ၂၆ ရက်နေ့ညတွင် **D.K.B.A** စစ်ကြောင်းများ မာနေပလောဂိတ်ဝ ပွိုင့် ၉၁၃ သို့ ရောက်ကြ၏။ စစ်မျက်နှာ နှစ်ခုလုံးမှ အခြေအနေကို စောင့်ကြည့်နေကြ၏။ ထိုည၌ **KNU** တို့က အသေခံနောက်ချန်အင်အားအချို့ကို ထားခဲ့ပြီး လူကြီးများက စက်လှေများဖြင့် အရှေ့ဘက်ကမ်းကို ကူးသွားကြတော့၏။

ဇန်နဝါရီ ၂၇ ရက် မိုးလင်းသည်နှင့် **D.K.B.A** စစ်ကြောင်းများက မာနေပလောအား စစ်မျက်နှာ နှစ်ဖက်မှ ဝင်တိုက်တော့ရာ အသေခံခုခံသူများနှင့် တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွား၍ ၂၇ ရက်ညနေ၌ စခန်းကြီး တစ်ခုလုံးကို သိမ်းမိတော့၏။ အလောင်း ၂ လောင်းနှင့် လက်နက်ကြီး လက်နက်ငယ်အမျိုးစုံ ၂၅၀ လက်၊ မော်တော်ကား ၁၅ စီး၊ သံချပ်ကာကား ၁ စီးတို့အား သိမ်းဆည်းရမိသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် နာမည်ကျော် **KNU** ဗဟိုမာနေပလောစခန်းကြီး ကျဆုံးခဲ့ရပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ကျဆုံးသွားသောစခန်းကြီးများ

**KNU** တွင် မာနေပလောပြီးလျှင် အကြီးဆုံးစခန်းမှာ ကော့မူးရာခေါ် ဝါးခသစ်စခန်းဖြစ်၏။

ကော့မူးရာစခန်းသည် **KNU** အထူးတပ်ရင်း ၁၀၁ ၏ စခန်းဖြစ်၍ စခန်းတာဝန်ခံမှာ အထူးတပ်ရင်း ၁၀၁ တပ်မှူးကြီး ဗိုလ်ချုပ်ထောလဖြစ်၏။ ထိုစခန်း၌ **ABSDF** ရင်း ၂၀၇ မဒတမှ ကယန်း၊ ရခိုင်နှင့် မူဆလင် **NDF** တပ်ပေါင်းစုံအင်အား ၅၀၀ ကျော် အမြဲတမ်းရှိ၏။ စခန်းတွင်း၌ ၂၊ ၇၅ ဒုံးကျည်ပစ်စင်များ တပ်ဆင်ထားပြီး ကွန်ကရစ်ဘန်ကာများ၊ မြေအောက်ဥမင်လိုဏ်ခေါင်းများ ပုံးခိုကျင်းများ၊ ဆက်သွယ်ရေး မြောင်းများဖြင့် အခိုင်အခံ့ လုပ်ထား၏။

စခန်းအား သွတ်ဆူးကြိုးများနှင့် ကာရံထားပြီး ခြံစည်းရိုးသုံးထပ်လုပ်ထား၏။ အပြင်ခြံစည်းရိုးနှင့် ဒုတိယ ခြံစည်းရိုးကြားတွင် မိုင်းကွင်းများ ခင်းထားလေသည်။

ကော့မူးရာခေါ် ဝါးခသစ်စခန်းသည် မြဝတီ၏ မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင်ရှိပြီး သောင်ရင်းမြစ်





၏ အိုမီဂါကွေ့ထဲတွင် ရှိ၏။ အဝကျဉ်းကျဉ်းနှင့်ဖြစ်သည်။ ၍အဝကျဉ်းအိုမီဂါ (Ω) ပုံကလေးထဲသို့ ဝင်လာရန်မှာ လွယ်ကူလှ။ သတ်ကွင်းဖြစ်နေသည်။ တစ်ဖက်နိုင်ငံထဲမှ နယ်မြေကိုဖြတ်သန်းမှသာ ရမည့်ပုံဖြစ်၏။ အဝင်ဝမှာ မီတာ ၂၀၀ ခန့်သာကျယ်သည်။

သို့ရာတွင် ထိုစခန်းကြီးကို ဖေဖော်ဝါရီလဆန်း တွင် **D.K.B.A** တပ်များက စတိုက်ကြတော့၏။ တိုက်ပွဲများပြင်းထန်သည်ထက် ပြင်းထန်လာသောအခါ တပ်မဟာ (၃) မှ စစ်ကူများဖြည့်တင်းကြရ၏။ **D.K.B.A** တပ်များနှင့် အတူ မိမိတို့တပ်မတော်စစ်ကြောင်းများပါ ပါဝင်တိုက်ခိုက်ကြရာ ဖေဖော်ဝါရီ ၈ ရက်၌ ကော့မူးရာ အဝင်ဂိတ်ရှေ့ရှိ ကွန်ကရစ်ဘန်ကာအချို့ ကျဆုံးသွားတော့သည်။ ဘန်ကာများမှာ ကွန်ကရစ် ၂တန်ဘန်ကာ သုံးထပ်ဘန်ကာများ ဖြစ်၏။ သို့ရာတွင် ကော့မူးရာ၌ လူအင်အားထောင်ကျော် ခံနေရာ ရှေ့ကဘန်ကာများကို သိမ်းမိသော်လည်း အတွင်းထဲရှိ ဘန်ကာကြီးများထဲမှ ရန်သူက ဆက်လက်ခုခံနေကြ၏။ အဝ မီတာ ၂၀၀ ခန့်သာရှိသော ဂိတ်သို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသည့် မိမိတပ်များအား ပွိုင့် ၅ စက်သေနတ်ကြီး ပုံသေစစ်ကြောင်းထား၍ ပစ်ခတ်နေ၏။ နောက်ထပ် သ ရက်ကျော်ကျော် အပြန်အလှန် ပစ်ခတ်နေကြ၏။ မိမိတို့ ဘက်မှ အမြောက်ကြီးများ ပစ်ခတ်မှုကြောင့် စခန်းတွင်း KNU ဘက်မှ ထိခိုက်ဒဏ်ရာရသူများ တဖြည်းဖြည်း များလာရာ အချို့ KNU စစ်သည်များ အရှေ့ဘက်ကမ်းသို့ ထိတ်လန့်တကြား ထွက်ပြေးကြတော့၏။

ဒဏ်ရာရသူ အထူးများပြားလာသည့်အခြေအနေ မိမိတပ်မှ ပစ်ကူများပြားလာသည့်အခြေအနေများ ကြောင့် ဖေဖော်ဝါရီ ၂၀ ရက်တွင် နောက်ဆုံးခုခံပြီး ထိုညတွင် KNU အရှေ့ဘက်ကမ်းသို့ ဆုတ်ခွာကြတော့၏။

ထိုတိုက်ပွဲကြီး၌ KNU ၂၁၂ ဦးကျဆုံးကာ၊ ရ ၇၀၀ ကျော် ဒဏ်ရာရခဲ့၏။ လက်နက်စုံအင်အား ၄၀ ကျော် ဆုံးရှုံး၍ သံချပ်ကာကားသုံးစီးပါ ကျန်ခဲ့၏။

ဖေဖော်ဝါရီ ၂၁ ရက်တွင် ဝါးခသစ်ခေါ် ကော့မူ ရာကို **D.K.B.A** နှင့် တပ်မတော်က သိမ်းဆည်းလိုက် တော့၏။





**KNU** တို့၏ ဒုတိယအကြီးဆုံးစခန်းကြီး ကျသွားခဲ့ပြီ။

ထိုစခန်းကြီးကျဆုံးသွားသဖြင့် မြဝတီမြောက်ခြမ်းရှိ **KNU** တပ်များ တောင်ဘက်တပ်မဟာ (၆) နှင့် တပ်မဟာ (၄) နယ်မြေသို့ ရွှေ့ပြောင်းရသည်။ မရွှေ့ပြောင်းနိုင်သေးခင်တွင်တော့ ဘဲကလော့ဒုက္ခသည်စခန်း ဟွေကလုပ် ဒုက္ခသည် စခန်း စသည်တို့တွင် နေရပေဦးတော့မည်။

**D.K.B.A** များကလည်း အချင်းချင်းမို့ **KNU** တို့၏ စီးပွားရေးနှင့် စခန်းကြီးများ၏အနေအထားကို အားလုံး အကုန်သိသည်။ ထို့ကြောင့် ဖေဖော်ဝါရီလထဲမှာပင် သစ်ခိုးထုတ်သည့် သစ်ထုတ်လုပ်ရေးစခန်းများကို အားလုံး တိုက်ပြီး သိမ်းနိုင်ခဲ့ပြန်သည်။

ဖေဖော်ဝါရီ ၅ ရက်၌ မက်ပေါ်မူထစခန်း

ဖေဖော်ဝါရီ ၆ ရက်၌ သော်လဲထစခန်း

ဖေဖော်ဝါရီ ၇ ရက်၌ ဉသုတစခန်း၊ ဒါးကွင်းစခန်း

ဖေဖော်ဝါရီ ၈ ရက်၌ ခိုကြာခိုစခန်း

**KNU** တို့ စစ်ရေးသာမက စီးပွားရေးပါ ပျက်ရ



www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

တပ်မတော်က **D.K.B.A** နှင့်တွဲ၍ မြဝတီတောင်ဘက် ကနဲလေးမော်စီးဂွင်ကိုလည်း တင်သွင်းရှင်းသဖြင့် တပ်မဟာ (၆) ကွပ်ကဲမှုအောက်ရှိ ဖလူး၊ ဝေါလေစသော စခန်းများ၊ တပ်မဟာ (၄) ကွပ်ကဲမှုအောက်မှ ရေကျော်၊ သက္ကာရ စသော စခန်းများကိုလည်း ပိတ်သိမ်းလိုက်ရတော့သည်။ အချို့ကို တပ်မတော်က သိမ်းသွားသည်။

ဤသို့ဖြင့် ၁၉၉၅ ခုနှစ် နှစ်ဦးပိုင်းတွင် **KNU** ဗဟိုသည် ပြိုလဲပျက်စီးကာ ရပ်တည်ရာမရသော ဘဝသို့ ကျရောက်ခဲ့ရလေတော့သည်။ **KNU** နှင့်အတူ စိန်ဝင်း၏ ပြည်ပြေးအစိုးရသည်လည်းကောင်း၊ **ABSDF** အပါအဝင် အခြားသော သောင်းကျန်းသူအဖွဲ့အစည်းအမျိုးစုံသည်လည်းကောင်း လေလွင့်ရွက်ဝါများပမာ ဘုံပျောက်ခဲ့ ကြရလေတော့သည်။

**KNU** တို့ ဘာလုပ်ကြမှာပါလဲ။

ဤသည်ကား မဲသဝေါတိုက်ပွဲ၏နောက်ဆက်တွဲရလဒ်များပါတည်း။





**နောက်ဆက်တွဲ၏ နိဂုံး**

ယခုဆိုလျှင် မာနေပလောစခန်းကြီး ကျဆုံးခဲ့သည်မှာ ဆယ်စုနှစ်တစ်ခု ကျော်ခဲ့ပါပြီ။ မဲသဝေါတိုက်ပွဲပြီးခဲ့သည်မှာလည်း အနှစ် ၂၀ နီးပါးရှိပြီ။

**KNU** နှင့် နိုင်ငံတော်အစိုးရသည်လည်း ငြိမ်းချမ်းရေးအတွက် တွေ့ဆုံခဲ့ကြပြီးပါပြီ။ အကြိမ်ကြိမ် ညှိနှိုင်းခဲ့ကြပြီးပါပြီ။ အမျိုးမျိုးသော ပယောဂများကြောင့် ပြီးပြတ်သော ငြိမ်းချမ်းရေးကို မရယူနိုင်ကြသေးပါ။

သို့ရာတွင် **KNU** အဖွဲ့အစည်းမှ တပ်မဟာ (၆)မှ စောသမူဟဲ၊ သစ်တောရေးရာဝန်ကြီး ဖဒိုအောင်ဆန်း၊ တပ်မဟာ (၇)မှ ဗိုလ်ချုပ်ဌေးမောင်ခေါ် ဦးစောထိန်မောင်တို့ သူတို့တပ်တွေနှင့်အတူ အလင်းရောက်ခဲ့ပါပြီ။ ဦးစောထိန်မောင်ဆိုပါက စာရေးသူတို့အရာရှိဖြစ်စ ဗိုလ်ပေါက်စဘဝကတည်းက တပ်မဟာ (၇) တပ်မဟာမှူးပင်။ တကယ့်သတ်တမ်းရင့်သော ကရင်စစ်သားကြီးပါပေ။ သူတို့စစ်တွေ အလင်းဝင်ခဲ့ကြပါပြီ။ တိုင်းပြည် ပြန်လည်တည်ဆောက်ရေးတွင် ပါဝင်နေကြပါပြီ။ အခြားအခြားသော



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုသောင်းကျန်းသူအဖွဲ့အစည်း ၁၅ ဖွဲ့၊ ၁၆ ဖွဲ့လည်း အလင်းအောက်တွင် နိုင်ငံတော်မှ လက်တွဲ၍ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြပါပြီ။ လမ်းတွေ ဖောက်နေသည်။ တံတားတွေ ဆောက်နေသည်။ သူတို့ဒေသတွေ မယုံကြည်နိုင် လောက်အောင် တိုးတက်လာသည်။

ကျွန်တော်သည် စစ်သားဖြစ်လျှင်ဖြစ်ချင်း ကရင်ပြည်နယ်၌ တာဝန်ကျသည်။ နောက်တော့ ကရင်အမျိုးသမီးနှင့် အကြောင်းဆက်ပေါင်းဖက်ခဲ့ရသည်။

ကရင်ပြည်နယ်မှာပင် လေးငါးနှစ်နောက်ဆုံးနေပြီးမှ တပ်က ထွက်ခဲ့ရသည်။ ထို့ကြောင့် ကရင်ပြည်နယ်ကို သံယောဇဉ်ကြီးမိသည်။ ကရင်ပြည်နယ်ကို အထူးတလည် တိုးတက်စေချင်သည်။ သောင်းကျန်းမှု သက်ဆိုးရှည်နေပါက ကျွန်တော်ချစ်သော ကရင်ပြည်နယ် တိုးတက်ဦးမည်မဟုတ်ပါ။

ငြိမ်းချမ်းရေးရအောင် ကြိုးပမ်းပါမည်ဟု နောက်ဆုံးကြွေးကြော်ခဲ့သည့် KNU ဥက္ကဋ္ဌကြီး စောဘိုမြလည်း





ကွယ်လွန်သွားခဲ့ပါပြီ။ အနီရောင်သန်းသော အတွင်းရေးမှူး ဒိုမန်းရှာလည်း မရှိတော့ပါ။ ကျန်သော KNU လူကြီးများ ဘာဆက်လုပ်ကြမှာလိမ့်။

ကရင်ပြည်နယ်နှင့် ကရင်လူမျိုးများကို သံယောဇဉ်ရှိသောသူတစ်ယောက်အနေဖြင့် ဒေါတခွားများကို ပြောလိုပါသည်။ သေနတ်အစား ငြိမ်းချမ်းရေးချိုးငှက်ကိုသာ ပွေ့ပိုက်လာပါက သပြေပန်းနှင့် လက်ကမ်းကြိုဆို ပါမည်ဆိုသည့်အကြောင်း ရေးသားရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

ကရင်ပြည်နယ် ငြိမ်းချမ်းသာယာပါစေသတည်း။

၁၂ ၈ ၂၀၀၈
သောင်းဝေဦး



www.burmeseclassic.com

www.burmeseclassic.com



## ဖြည့်စွက်ဖော်ပြချက်

ဤစာမူရေးပြီးခဲ့သည်မှာ ငါးနှစ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်၍ ယခုအခါတွင်တော့ KNU နှင့် ငြိမ်းချမ်းရေးခရီးစဉ်မှာ လွန်စွာခရီးပေါက်နေပါပြီ။ စာမူပါကွာဟချက်များကို စာဖတ်ပရိသတ်မှ နားလည်ပေးပါခင်ဗျား။ စာရေးသူ

၃၀. ၉. ၂၀၁၃





## မှီငြမ်းကိုးကားသောစာအုပ်များ

- တပ်မတော်သမိုင်း ဆဋ္ဌမတွဲ
  စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး
- တပ်မတော်သမိုင်း သတ္တမတွဲ
  စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး
- ပြည်တွင်းသောင်းကျန်းမှုသမိုင်း အမှတ် (၄)
  ရဲဘော်သစ်မောင်
- ပြည်တွင်းသောင်းကျန်းမှုသမိုင်း အမှတ် (၅)
  ရဲဘော်သစ်မောင်
- ကေအင်ယူဘယ်လဲ
  ကရင်ပြည်နယ်သားတစ်ဦး



www.burmeseclassic.com